# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၈ ခုနှစ် ၊ နယုန်လပြည့်ကျော် (၁၀)ရက် ၊ အင်္ဂါနေ့ ၊ (9-6-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၀၄၀)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တရုတ်-မြန်မာနှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးထူထောင်ခြင်း ၇၆ နှစ်မြောက်အထိမ်းအမှတ် "၂၀၂၆ ခုနှစ် တရုတ်ရုပ်ရှင်ပြပွဲ ရက်သတ္တပတ်အစီအစဉ်"ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

## တရုတ်-မြန်မာနှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးထူထောင်ခြင်း ၇၆ နှစ်မြောက်အထိမ်းအမှတ် "၂၀၂၆ ခုနှစ် တရုတ်ရုပ်ရှင်ပြပွဲ ရက်သတ္တပတ်အစီအစဉ်" ဖွင့်ပွဲအခမ်းအနား ကျင်းပ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တက်ရောက်ချီးမြှင့်

**နေပြည်တော် ဇွန် ၈**

တရုတ်-မြန်မာ နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး ထူထောင်ခြင်း ၇၆ နှစ်မြောက်အထိမ်းအမှတ် "၂၀၂၆ ခုနှစ် တရုတ်ရုပ်ရှင်ပြပွဲ ရက်သတ္တပတ် အစီအစဉ်"ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ ဥတ္တရသီရိ ကုန်တိုက် ဂျေစီနီပလက်စ်ရုပ်ရှင်ရုံ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တို့ တက်ရောက်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော် သမ္မတ၊ ဇနီးတို့နှင့်အတူ

**စာမျက်နှာ ၁၆ ကော်လံ ၁**



## ချင်းပြည်နယ်ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးအတွက် လိုအပ်သော ဆန်၊ စားသုံးဆီ အပါအဝင် ထောက်ပံ့ရေးနှင့် တည်ဆောက်ရေးပစ္စည်းများ ဆက်လက်ပို့ဆောင်

**နေပြည်တော် ဇွန် ၈**

တပ်မတော်က အလုံးစုံပြန်လည်ထိန်းချုပ်ခဲ့ပြီး ဖြစ်သည့် ချင်းပြည်နယ် ဖလမ်းမြို့၊ တီးတိန်မြို့၊ တွန်းဇံမြို့တို့တွင် ထိခိုက်ပျက်စီးခဲ့မှုများနှင့် စပ်လျဉ်း၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံး စီမံဆောင်ရွက်သွားရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများပါဝင်သည့် ချင်းပြည်နယ်ပြန်လည် ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးကို ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်၍ သက်ဆိုင်ရာနယ်မြေဒေသများအရောက် ကွင်းဆင်းကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကြီးပမ်း ဆောင်ရွက်လျက်ရှိသည်။

**စာမျက်နှာ ၂၄ ကော်လံ ၄** ❑

## ဝယ်ယူစားသုံးမှုများသည့်အတွက် ဒူးရင်းသီးများ အရောင်းသွက်

**ရန်ကုန် ဇွန် ၈**

ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ သီရိမင်္ဂလာဈေးတွင် ဒူးရင်းသီးများ လက်လီ၊ လက်ကားရောင်းချလျက်ရှိရာ ဝယ်ယူစားသုံးမှုများသည့်အတွက် ဒူးရင်းသီးများ အရောင်းသွက်နေကြောင်း အဆိုပါဈေးမှ သိရသည်။

မြန်မာနိုင်ငံတွင် ဒူးရင်းသီးကို မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးတို့မှ အဓိကစိုက်ပျိုးထွက်ရှိပြီး စားသုံးသူဈေးကွက်တွင် မြန်မာ့ဒူးရင်းအပြင် ထိုင်းဒူးရင်းသီးများကိုလည်း ဝယ်ယူစားသုံးကြသည်။

"စားသုံးသူများတဲ့အတွက် ဒီနှစ်လဲ ရောင်း အားကောင်းတယ်။ မြန်မာမျိုး၊ ထိုင်းမျိုးရှိပေမယ့် စားသုံးသူက သူ့အကြိုက်နဲ့သူမို့ အကုန်ရောင်းရပါ တယ်။ နယ်တွေက အမှာတွေကို အများဆုံးတင်ပို့ ရောင်းချနေရပါတယ်"ဟု

**စာမျက်နှာ ၂၄ ကော်လံ ၄** ❍



သီရိမင်္ဂလာဈေးအတွင်း ဒူးရင်းသီးရာသီပေါ်ချိန် စားသုံးမှုများလာသည့် ဒူးရင်းသီးများကို တွေ့ရစဉ်။

ရတနာပုံ
၂၀၂၆ ခုနှစ် ဇွန် ၉ ရက်

အယ်ဒီတာ့အာဘော်

# စိုက်ပျိုးမွေးမြူရေး မြှင့်တင်ခြင်းမှသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးရေးဆီသို့

မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသောနိုင်ငံတစ်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံ၏ ကျေးလက်နေပြည်သူအများစုသည် လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့် သားငါးကဏ္ဍတို့တွင် အသက်မွေးဝမ်းကျောင်းပြုနေကြသူများဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ခြင်းသည် နိုင်ငံ့စီးပွားရေးကို မြှင့်တင်ဆောင်ရွက်ပေးခြင်းပင်ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီးများလည်း တိုးတက်လာမည်ဖြစ်သည်။ ထိုသို့ကျေးလက်စီးပွားကို မြှင့်တင်ပေးခြင်းမှသည် နိုင်ငံ့စီးပွားတိုးတက်လာမည်ဖြစ်သည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ကြရာတွင် ဆီထွက်သီးနှံ၊ စက်မှုကုန်ကြမ်းသီးနှံဖြစ်သည့် ဝါ၊ ကြံ၊ ကော်ဖီနှင့်ဆက်စပ်သီးနှံများကို အောင်မြင်အောင်စိုက်ပျိုးကြရမည်ဖြစ်ပြီး မွေးမြူရေးတွင်လည်း နွား၊ ကျွဲများကို အဓိကမွေးမြူသည့်အပြင် ကြက်၊ ဘဲ၊ ဝက်၊ ဆိတ်တို့ကိုလည်း တိုးချဲ့မွေးမြူကြရမည်ဖြစ်သည်။

စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အခြေခံဖြစ်သည့်မျိုး၊ မြေ၊ ရေ၊ နည်းဟူသော မျိုးကောင်းမျိုးသန့်ရရှိအောင် ဆောင်ရွက်ခြင်း၊ မြေကိုစနစ်တကျပြုပြင်ခြင်း၊ အောင်ရေရရှိရန်နှင့် နည်းစနစ်မှန်ကန်စေရန် ဆောင်ရွက်ခြင်းဖြင့် သီးနှံများပန်းတိုင်ရည်မှန်းချက်များအတိုင်း ထွက်ရှိနိုင်မည်ဖြစ်သည်။ ထို့ပြင် စိုက်ပျိုးရေးလုပ်ငန်းများတွင် တစ်ဧကပန်းတိုင်ရည်မှန်းချက်များအတိုင်း ပြည့်မီအောင်စိုက်ပျိုးထုတ်လုပ်နိုင်ရန်အတွက် စိုက်ပျိုးမွေးမြူရေးအသိပညာနှင့် အတတ်ပညာတတ်ကျွမ်းသည့် လူသားအရင်းအမြစ်များနှင့် သွင်းအားစုများလိုအပ်လျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် စက်မှုစိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ အလားတူ အခြေခံပညာအထက်တန်းကျောင်းများတွင်လည်း စက်မှု၊ စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်သည့် အခြေခံအသိပညာများကိုလည်း သင်ကြားပေးလျက်ရှိသည်။

ယခုအခါ နိုင်ငံတော်အနေဖြင့် တောင်သူလယ်သမားများကို စိုက်ပျိုးစရိတ်ချေးငွေနှုန်းထားများ တိုးမြှင့်ထုတ်ချေးပေးနေသည့်အပြင် လယ်ယာသုံးစက်ကိရိယာချေးငွေများလည်း ထုတ်ချေးပေးလျက်ရှိခြင်းသည် တောင်သူများ၏ဝင်ငွေတိုးတက်ရေးအတွက် ပံ့ပိုးပေးနေခြင်းပင်ဖြစ်သည်။ ထိုသို့စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးခြင်းဖြင့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝများ တိုးတက်ခြင်းမှသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် အားပေးမြှင့်တင်နေသကဲ့သို့ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့်လည်း ပန်းတိုင်အထွက်နှုန်းရရှိရေးကို ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပေသည်။ သို့မှသာ စားနပ်ရိက္ခာဖူလုံသည့်အပြင် ပိုလျှံမှုများကို ပြည်ပသို့တင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိစေမည်ဖြစ်ကာ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကိုလည်း များစွာ အထောက်အကူပြုမည်ဖြစ်ပါကြောင်း ယုံကြည်ရေးသားလိုက်ရပေသည်။

# မြစ်သားမြို့နယ်တွင် ယခုနှစ် မိုးကြိုသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးခဲ့သည့် ပဲတီစိမ်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**မြစ်သား ဇွန် ၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်တွင် ဒေသတွင်း စားနပ်ရိက္ခာဖူလုံစေရန်နှင့် သီးနှံဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ယခုနှစ် မိုးကြိုသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၆၀၇ ဧကစိုက်ပျိုးခဲ့ရာ စိုက်ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၃ တင်းခန့်ထွက်ရှိကြောင်း မြစ်သားမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြစ်သားမြို့နယ်တွင် ယခုနှစ် မိုးကြိုသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၆၀၇ ဧကစိုက်ပျိုးနိုင်သဖြင့် လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ မြစ်သားမြို့နယ်သည် စပါး၊ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါနှင့် အခြားစိုက်ပျိုးသီးနှံမျိုးစုံစိုက်ပျိုးနိုင်သည့် ဒေသတစ်ခုဖြစ်ပြီး စိုက်ပျိုးသည့်သီးနှံများမှာလည်း အောင်မြင်ဖြစ်ထွန်းကြောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူများကလည်း ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ ရရှိစေရေး၊ စိုက်နည်းစနစ် မှန်ကန်စေရေး၊ ပိုးမွှားကင်းစင်ရေးနှင့် သွင်းအားစုများ စနစ်တကျအသုံးပြုနိုင်စေရေးတို့အတွက် အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးကြိုသီးနှံစိုက်ပျိုးရာသီ မြစ်သားမြို့နယ်မှာ စိုက်ပျိုးခဲ့တဲ့ ပဲတီစိမ်းဧကအားလုံး ရိတ်သိမ်း ပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းတွေ အထွက်နှုန်းကောင်းမွန်ဖို့ကို သွင်းအားစုတွေပံ့ပိုးပေးတာ၊ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးတာတွေကို စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မြစ်သားမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးမင်းနိုင်က ပြောပြသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြစ်သားမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးမင်းနိုင်က ပြောပြ၍ သိရသည်။

**ဝါဝါမြင့်(မြစ်သား)**

# ပျော်ဘွယ်မြို့နယ် ဖွဲသင်းကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ပျော်ဘွယ် ဇွန် ၈**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွဲသင်းကျေးရွာ၌ ကျေးလက်စီးပွား မြင့်မားရေးရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းစီမံကိန်း (RBF) လုပ်ငန်းများ ဆောင်ရွက်နေမှုကို ဇွန် ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ဖွဲသင်းကျေးရွာ၌ ကျေးလက်စီးပွား မြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း လုပ်ငန်း RBF စီမံကိန်းရန်ပုံငွေဖြင့် မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းက လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းနှင့် စီမံကိန်းဝန်ထမ်းများက ဖွဲသင်းကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ ကျေးရွာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ စနစ်တကျ ဖြည့်သွင်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး RBF စီမံကိန်းရန်ပုံငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုတိုးချဲ့လုပ်ကိုင်နိုင်ရန် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ပျော်ဘွယ်မြို့နယ် ဖွဲသင်းကျေးရွာ၌ နွားမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် နှင်းဆီ၊ စံပယ်၊ ခတ္တာ၊ ဇီဇဝါ စသည့်အသင်းအဖွဲ့လေးဖွဲ့ကို တစ်ဖွဲ့လျှင် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF) ရန်ပုံငွေကျပ် ၇၅ သိန်းစီဖြင့် ရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၁၅၀၀၀ စိုက်ပျိုးမည်



ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**ချောင်းဦး ဇွန် ၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၁၅၀၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၁၅၀၀၀ စိုက်ပျိုးရန်လျာထားပြီး အဆိုပါစပါးစိုက်ပျိုးမှုကို ယခုနှစ် ဇူလိုင်လ ပထမပတ်မှစတင် စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ စပါးဧက ၁၅၀၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမှာပါ။ စပါးစိုက်ပျိုးရာမှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေအနေနဲ့ စပါးတွေအချိန်မီ စိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးသွားမှာပါ"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပြင်ဦးလွင်မြို့နယ် မှိုင်းလုံးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ပြင်ဦးလွင် ဇွန် ၈**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ နောင်လှိုင်ကျေးရွာအုပ်စု မှိုင်းလုံးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဇွန် ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်းနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မှိုင်းလုံးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ၊ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်မှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မှိုင်းလုံးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ဖ၀၈ သိန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်းက ပြောပြ၍ သိရသည်။

**ချိုသန်းညွှန့်**

# တံတားဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူနည်းပညာပေးဆွေးနွေးပွဲ ကျင်းပ

**တံတားဦး ဇွန် ၈**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဦးဆောင်ပြီး တောင်သူနည်းပညာပေး ဆွေးနွေးပွဲကို ဇွန် ၇ ရက် နံနက် ၉ နာရီက မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိုးမိုးဝင်းက တောင်သူနည်းပညာပေး အကြောင်းကို လည်းကောင်း၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချတာဝန်ခံ ဒေါ်သင်းသင်းချိုက မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ရမည့် အကြောင်းကို လည်းကောင်း၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့တာဝန်ခံ ဒေါ်မင်းမင်းသွင်က မျိုးကောင်းမျိုးသန့် သုံးစွဲခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများ အကြောင်းကိုလည်းကောင်း အသီးသီးဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တံတားဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဆန်းလင်းက တောင်သူနည်းပညာပေး ဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာသည့် တောင်သူများ၏ ဆွေးနွေးမှုများအပေါ် ဒုတိယ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက အသီးသီး ပြန်လည် ဖြေကြားပေးခဲ့ကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက မျိုးစေ့ထုတ်တောင်သူဦးရေ ၅၀ ကို သွင်းအားစုများ ပံ့ပိုးပေးအပ်ခဲ့ကြောင်း သိရသည်။

**ရဲတင့်**

# ဆားလင်းကြီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၃၃၀၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဆားလင်းကြီး ဇွန် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၃၃၀၅ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း ဆားလင်းကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆားလင်းကြီးမြို့နယ်တွင် နှမ်းဧက ၃၉၁၅၀ စိုက်ပျိုးရန် လျာထားပြီး မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ကြရာ ယနေ့တွင် ၃၃၀၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဆားလင်းကြီးမြို့နယ်မှာ နှမ်းဧက ၃၉၁၅၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၃၃၀၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်နဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးနေပါတယ်"ဟု ဆားလင်းကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝေလင်းထွန်းက ပြောပြသည်။

ဆားလင်းကြီးမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်မှန်ကန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ဆားလင်းကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝေလင်းထွန်းက ပြောပြ၍ သိရသည်။

**(၂၀၆)**

# ကျောက်ပန်းတောင်းမြို့နယ်၌ မြို့မတောင်ရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူး ပြန်လည်ရွေးချယ်

**ကျောက်ပန်းတောင်း ဇွန် ၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်၌ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ အသစ်ပြန်လည်ရွေးချယ်ခြင်းကို ဇွန် ၇ ရက် နံနက် ၉ နာရီက မြို့မတောင်ရပ်ကွက်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရွေးချယ်ပွဲတွင် ဌာနဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ခေါင်းဆောင် ဦးဇင်မောင်မောင်က အမှာစကား ပြောကြားပြီး ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်ရန်အတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေပါ ညွှန်ကြားချက်များကို ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် ရပ်မိရပ်ဖများက တင်ပြလာသည့် ရပ်ကွက်ကြီးကြပ်ရေးအဖွဲ့ဝင် ငါးဦးကို တက်ရောက်လာသည့် ရပ်ကွက် ပြည်သူများ၏ သဘောဆန္ဒနှင့်အညီ အတည်ပြုပြီး ကြီးကြပ်ရေးအဖွဲ့ဝင် ငါးဦးအနက် အဖွဲ့ခေါင်းဆောင် တစ်ဦးကို ရပ်ကွက်အုပ်ချုပ်ရေးမှူးအဖြစ် ရွေးချယ် ခန့်ထားပေးခဲ့ကြောင်း သိရသည်။

**အောင်နေဦး**

# မြောင်းမြမြို့နယ်တွင် ဒေသထွက် ပိန်းဥများ အရောင်းအဝယ်ကောင်းမွန်နေ

**မြောင်းမြ ဇွန် ၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်တွင် ဒေသထွက် ပိန်းဥများ ဝယ်ယူမှုအားကောင်းလာသဖြင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း မြောင်းမြမြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးသူက ပြောပြသည်။

မြောင်းမြမြို့နယ်တွင် ပိန်းဥများ ဇွန်လ ပထမပတ်မှယနေ့ထိ အရောင်းအဝယ်ကောင်းမွန်နေပြီး အဆိုပါ ပိန်းဥများ တစ်ရက်လျှင် ပိဿာချိန် ၃၀၀၀ မှ ၅၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"မြောင်းမြမြို့နယ်က လယ်ယာထွက်ကုန်သီးနှံတွေ ဒေသဈေးကွက်မှာပင် အရောင်းအဝယ် ကောင်းမွန်နေပြီး ဝယ်လက်တွေက ကုန်စည်လိုသလောက် မရတဲ့ထိဖြစ်နေပါတယ်။ လက်ရှိမှာ ပိန်းဥတွေက ဝယ်လိုအားများနေပါတယ်။ စားသုံးသူများလာတာကြောင့် ပိန်းဥတွေ အရောင်းအဝယ် ကောင်းမွန်နေတာဖြစ်ပါတယ်။ လက်ရှိရောင်းချနေတဲ့ ပိန်းဥတွေက အရည်အသွေးကောင်းမွန်သလို လတ်ဆတ်မှုလဲရှိပါတယ်။ ဒေသထွက်ပိန်းဥတွေကို ရန်ကုန်ဈေးကွက်ကလဲ ဝယ်ယူတာများနေပါတယ်။ ပိန်းဥတွေ အရောင်းအဝယ်ကောင်းနေတော့ တောင်သူတွေ၊ ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တွေ အလုပ်အကိုင် အဆင်ပြေနေပါတယ်"ဟု မြောင်းမြမြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးသူက ပြောပြသည်။

မြောင်းမြမြို့နယ်တွင် လတ်တလောအနေဖြင့် ပိန်းဥ ၁၀ ပိဿာလျှင် ငွေကျပ် ၇၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ပိန်းဥများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိနေကြောင်း မြောင်းမြမြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးသူက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ဘဝတစ်သက်တာအတွက် ဗီတာမင် အပိုင်း(၅)

**ပါမောက္ခကိုကိုအောင်**




**A Japanese research team led by scientist Dr. Takafumi Kato discovered and identified a new compound in 1979 that could become the 14th type of vitamin. This new compound, called Pyrroloquinoline Quinone, abbreviated as PQQ, was initially found acting as a cofactor in bacteria.**

**Prof. Ko Ko Aung**

**ဗီတာမင်တစ်မျိုးချင်း၏ စွမ်းရည်များ**

**ဗီတာမင် A (Retinol)**

ဗီတာမင် A သည် အဆီတွင်ပျော်ဝင်သော ဗီတာမင်အမျိုးအစားတစ်ခုဖြစ်ပြီး မျက်စိ၊ အရေပြား၊ ကိုယ်ခံအားစနစ်နှင့် ကြီးထွားမှုတို့အတွက် အထူးအရေးပါသောဗီတာမင်ဖြစ်သည်။ အလင်းနှင့်အမှောင်ကိုမြင်ရခြင်းလုပ်ငန်းစဉ်အတွက် ဗီတာမင် A ကို မဖြစ်မနေ လိုအပ်သည်။ ညအချိန် မြင်နိုင်စွမ်းရည် (Night Vision)ကို ကောင်းမွန်စေပြီး Xerophthamia ခေါ် မျက်လုံးအိမ်ခြောက်သွေ့ခြင်းကို ကာကွယ်ပေးသည်။ မျက်စိ၊ အဆုတ်၊ အူနှင့် မိန်းမကိုယ်ကဲ့သို့သော အင်္ဂါများ၏ မျက်နှာပြင်တွင်ရှိသော တစ်ရှူးများ၏ ကျန်းမာရေးကို ထိန်းသိမ်းစောင့်ရှောက်ပေးသည်။ အဆိုပါတစ်ရှူးများမှာ ဘက်တီးရီးယားများနှင့် ဗိုင်းရပ်များကို ရှေ့တန်းကနေ၍ ဦးစွာကာကွယ်ပေးသော အတားအဆီးများဖြစ်ကြသည်။

အရေပြားကျန်းမာရေးအတွက်လည်း အရေးပါသော ဗီတာမင် A က ဆဲလ်အသစ်များ ဖြစ်ပေါ်လာအောင် ကူညီပေးသည့်အပြင် ဆဲလ်များကွဲပွားခြင်းအတွက်လည်း အထောက်အပံ့ပေးသည်။ ဝက်ခြံထွက်ခြင်းကို ကုသရာ၌လည်း ဗီတာမင် A ကို အသုံးပြုနိုင်သည်။

ဗီတာမင် A သည် အရိုးနှင့်သွားများ ခိုင်ခံ့ပြီး ခိုင်မာအားကောင်းစေရန်အတွက်လည်း ကူညီပံ့ပိုးပေးသည်။

မုန်လာဥနီ၊ ဟင်းနုနယ်၊ ကိုက်လန်၊ ကြက်ဥနှင့် ဘဲဥတို့၏အနှစ်များ၊ နို့နှင့် နို့ထွက်ပစ္စည်းများ၊ တိရစ္ဆာန်တို့၏အသည်း စသည်တို့ကို စားသုံးခြင်းအားဖြင့် ဗီတာမင် A ကို ရယူဖြည့်ဆည်းနိုင်မည်ဖြစ်သည်။

**ဗီတာမင် B**

ဗီတာမင် B သည် အုပ်စုတစ်စုဖြစ်ပြီး ရေတွင်ပျော်ဝင်သော ဗီတာမင်အုပ်စုဖြစ်သည်။ ၎င်းဗီတာမင်အုပ်စုသည် ခန္ဓာကိုယ်၏ဇီဝဆိုင်ရာဖြစ်ပျက်မှု (Metabolism)လုပ်ငန်းစဉ်များအတွက် မရှိမဖြစ်အရေးပါပြီး စွမ်းအင်ထုတ်လုပ်ခြင်း၊ ဦးနှောက်ပိုင်းဆိုင်ရာလုပ်ဆောင်ခြင်းနှင့် ဆဲလ်များ ကြီးထွားခြင်းတို့အတွက်လည်း အထောက်အကူပြုပေးကြသည်။

**ဗီတာမင် B1 (Thiamine)**

သိုင်ယာမင်း(Thiamine)ဟုလည်း ခေါ်ဆိုကြသည့် ဗီတာမင် B1 သည် ခန္ဓာကိုယ်၏စွမ်းအင်ဆိုင်ရာ ဇီဝရုပ်ဖြစ်ပျက်မှုအတွက် အဓိကသော့ချက်ပင်ဖြစ်သည်။ စားသုံးလိုက်သည့် ကာဗိုဟိုက်ဒရိတ်များကို ခန္ဓာကိုယ်က အသုံးပြုနိုင်သောစွမ်းအင်အဖြစ်သို့ ပြောင်းလဲရာတွင် ကူညီစွမ်းဆောင်ပေးသည့်ဗီတာမင် B1 သည် ဦးနှောက်နှင့် အာရုံကြောများ ကောင်းမွန်ချောမွေ့စွာ အလုပ်လုပ်နိုင်စေရန်အတွက်လည်း အထောက်အကူပြုပေးသည်။ စိတ်ဖိစီးမှုများမှ ကာကွယ်ပေးပြီး စိတ်ခံစားမှုကိုလည်း မြှင့်တင်ပေးသည်။ နှလုံးကြွက်သားများကို ကျန်းမာကြံ့ခိုင်စွာ အလုပ်လုပ်နိုင်စေရန် အထောက်အပံ့ပြုပေးသည်။

ဤမျှ တန်ဖိုးရှိသော ဗီတာမင် B1 ကို အဓိကအားဖြင့် ဆန်၊ ဂျုံ၊ ပဲအမျိုးမျိုး၊ နေကြာစေ့၊ ဝက်သား၊ ငါး၊ နို့နှင့် နို့ထွက်ပစ္စည်းများကို စားသုံးခြင်းအားဖြင့် ရယူဖြည့်ဆည်းနိုင်မည်ဖြစ်သည်။

**ဗီတာမင် B2 (Riboflavin)**

ရိုင်ဘိုဖလေဗင် (Riboflavin) ဟုခေါ်ဆိုသည့် ဗီတာမင် B2 သည် ဓာတ်တိုးဆန့်ကျင်ပစ္စည်းအဖြစ်လုပ်ဆောင်ပြီး ဆဲလ်များပျက်စီးမှုကို ကာကွယ်ပေးသည်။ ကာဗိုဟိုက်ဒရိတ်နှင့်အဆီတို့ကို ခြေဖျက်ရာတွင် အရေးပါပြီး အစားအစာများကို စွမ်းအင်အဖြစ်သို့ ပြောင်းလဲရာတွင် ကူညီဆောင်ရွက်ပေးသည်။

အသားအရေကို စိုပြည်ကျန်းမာစေပြီး ပါးစပ်နှင့် နှုတ်ခမ်းကွဲခြင်းမှလည်း ကာကွယ်ပေးနိုင်သည်။ မျက်စိအတွင်းတိမ်ဖြစ်ခြင်း (Cataracts)ကဲ့သို့သော မျက်လုံးဆိုင်ရာပြဿနာများကို ကာကွယ်ပေးနိုင်သကဲ့သို့ ခန္ဓာကိုယ်အနှံ့သို့ အောက်ဆီဂျင်ပို့ဆောင်ပေးနေသော သွေးနီဥများကို ထုတ်လုပ်ရာတွင်လည်း ကောင်းစွာအထောက်အကူပြုပေးသည်။

ဟင်းနုနယ်နှင့် ပန်းဂေါ်ဖီစိမ်းကဲ့သို့သော အစိမ်းရင့်ရောင်ရှိသည့် ဟင်းသီးဟင်းရွက်များ၊ ဥအမျိုးမျိုး၊ နို့၊ ဒိန်ချဉ်၊ ဒိန်ခဲနှင့် တိရစ္ဆာန်တို့၏ အသည်း၊ ကျောက်ကပ်တို့ကို စားသုံးခြင်းအားဖြင့် ဗီတာမင် B2 ကို ရရှိနိုင်သည်။

**ဗီတာမင် B3 (Niacin)**

ဗီတာမင် B3 သည် ခန္ဓာကိုယ်၏ အင်ဇိုင်းတုံ့ပြန်မှုပေါင်း ၄၀၀ ကျော်အတွက် အရေးပါသော ဗီတာမင်ဖြစ်သည်။ ခန္ဓာကိုယ်တွင်း အစာမှစွမ်းအင်ထုတ်လုပ်ခြင်းနှင့် ဖက်တီးအက်စစ်ထုတ်လုပ်ခြင်းလုပ်ငန်းစဉ်များတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ကူညီဆောင်ရွက်ပေးသည်။

မကောင်းသော LDL ကိုလက်စထရောကိုလျှော့ချပေးပြီး ကောင်းသော HDL ကိုလက်စထရောကို မြှင့်တင်ပေးကာ နှလုံးသွေးကြောကျန်းမာရေးကို အထောက်အကူပြုသည်။ ခန္ဓာကိုယ် တစ်ရှူးများကို ပြုပြင်ပေးပြီး ဆဲလ်များကိုလည်း ကြီးထွားစေသည်။

ကျန်းမာသော DNA များ ထုတ်လုပ်ခြင်းအတွက် အရေးပါသောဗီတာမင်ဖြစ်ပြီး ဦးနှောက်၏လုပ်ဆောင်မှုနှင့် အာရုံကြောစနစ်ကို ပံ့ပိုးပေးသည်။

ကြက်သား၊ ဆိတ်သား၊ တူနာငါး၊ ဆယ်လ်မွန်ငါး၊ မြေပဲ၊ ပဲအမျိုးမျိုး၊ ဆန်နှင့်ဂျုံတို့ကို စားသုံးခြင်း အားဖြင့် နိုင်ရာစင်(Niacin) ခေါ် ဗီတာမင်B3 ကို ရယူဖြည့်ဆည်းနိုင်သည်။

**ဗီတာမင် B5 (Pantothenic Acid)**

ဗီတာမင် B5 သည် CoA ဟု အတိုကောက်ခေါ်ဆိုသော Coenzyme A ကိုဖွဲ့စည်းရာတွင် အဓိကအခန်းကဏ္ဍ၌ ပါဝင်နေသည်။ Coenzyme A က အဆီ၊ ကာဗိုဟိုက်ဒရိတ်နှင့် ပရိုတင်းများကို ခြေဖျက်ပြီး စွမ်းအင်အဖြစ်သို့ ပြောင်းလဲပေးသည့် ဇီဝဆိုင်ရာဖြစ်ပျက်မှု လမ်းကြောင်းတစ်လျှောက်လုံးအတွက် အလွန်အရေးပါသော ဗီတာမင်ဖြစ်သည်။

ဗီတာမင် B5 သည် ကျားဟော်မုန်း၊ အီစထရိုဂျင်နှင့် ကော်တီဆုမ်းများအပါအဝင် စတီးရွိုက်ဟော်မုန်းများ ထုတ်လုပ်ရာတွင် ကူညီပေးသည်။ ဦးနှောက်အတွင်းရှိ အာရုံကြောဆဲလ်များကို ကာကွယ်ပေးသည့် မယ်လမင်းအမျှင်ဓာတ်များကို ထုတ်လုပ်ရာ၌လည်း ပါဝင်ကူညီပေးသည်။ ထို့ပြင် ခန္ဓာကိုယ်ပေါ်ရှိ အနာများ အကျက်မြန်စေရန်အတွက်လည်း ကူညီဆောင်ရွက်ပေးသည်။

ဗီတာမင် B5 ကို ပန်တိုသင်းနစ်အက်စစ် (Pantothenic Acid) ဟုလည်းခေါ်ဆိုသည်။ ၎င်းအခေါ်အဝေါ်မှာ ဂရိဘာသာစကား၏ဝေါဟာရမှ ဆင်းသက်လာခြင်းဖြစ်ပြီး နေရာတကာတွင်၊ နေရာအနှံ့တွင်ဟု အဓိပ္ပာယ်ရသည်။ ၎င်း၏ဂုဏ်သတ္တိကို နေရာတိုင်းနီးပါး၌ တွေ့ရှိနိုင်သောကြောင့် Pantothenic Acid ဟု အမည်ပေးခဲ့ခြင်းဖြစ်သည်။

ဟင်းနုနယ်ကဲ့သို့သော အစိမ်းရောင် ဟင်းသီးဟင်းရွက်များ၊ ပန်းဂေါ်ဖီစိမ်း၊ ကညွတ်၊ မှို၊ ဥအမျိုးမျိုး၊ တိရစ္ဆာန်တို့၏ အသည်း၊ နို့နှင့် နို့ထွက်ပစ္စည်းများသည် ဗီတာမင် B5 ကြွယ်ဝသော အစားအစာများဖြစ်ကြသည်။

**ဗီတာမင်B6 (Pyridoxine)**

ဗီတာမင် B6 သည် အမျိုးမျိုးသောဇီဝဆိုင်ရာဖြစ်ပျက်မှုလုပ်ငန်းစဉ်များအတွက် အရေးပါပြီး အထူးသဖြင့် အမိုင်နိုအက်စစ်ကို အသုံးချနိုင်ရေးအတွက် အလွန်အရေးပါသော ဗီတာမင်ဖြစ်သည်။ စားသုံးလိုက်သော ပရိုတင်းများကိုခြေဖျက်ပြီး ခန္ဓာကိုယ်က အသုံးပြုနိုင်အောင် ကူညီဆောင်ရွက်ပေးသည်။

ဦးနှောက်အာရုံကြောဆဲလ်များ ကြီးထွားဖွံ့ဖြိုးမှုနှင့် လုပ်ဆောင်ချက်အတွက် အရေးပါသော မော်လီကျူးများ(Neurotransmitter) ဖြစ်ကြသည့် ဆီရိုတိုနင်နှင့် ဒိုပါမင်းတို့ကို ထုတ်လုပ်ရာတွင် ပါဝင်ကူညီပေးခြင်းဖြင့် စိတ်ခံစားမှု၊ အိပ်စက်မှုနှင့် စိတ်ဖိစီးမှုကို ထိန်းညှိရာတွင် အထောက်အကူပြုပေးသည်။

ထို့ပြင် သွေးနီဥများထဲ၌ ဟေမိုဂလိုဘင် ထုတ်လုပ်ရာတွင်ပါဝင်ပြီး ခန္ဓာကိုယ်အနှံ့အပြားသို့ အောက်ဆီဂျင်ကိုပို့ဆောင်ပေးသည်။ ရောဂါကူးစက်မှုကို တိုက်ထုတ်နိုင်သော ကိုယ်ခံအားဆဲလ်များကို ထုတ်လုပ်ရာ၌လည်း ကူညီဆောင်ရွက်ပေးသည်။

ကြက်သား၊ ဝက်သား၊ တူနာငါး၊ ဆယ်လ်မွန်ငါး၊ အာလူး၊ ငှက်ပျောသီးနှင့် ပဲအမျိုးမျိုးတို့သည် ဗီတာမင် B6 ကို လွယ်လင့်တကူရရှိနိုင်သော အရင်းအမြစ်များဖြစ်ကြသည်။

**❖ ဗီတာမင် A သည် အဆီတွင်ပျော်ဝင်သော ဗီတာမင်အမျိုးအစားတစ်ခုဖြစ်ပြီး မျက်စိ၊ အရေပြား၊ ကိုယ်ခံအားစနစ်နှင့် ကြီးထွားမှုတို့အတွက် အထူးအရေးပါသောဗီတာမင်ဖြစ်သည်။ အလင်းနှင့်အမှောင်ကိုမြင်ရခြင်းလုပ်ငန်းစဉ်အတွက် ဗီတာမင် A ကို မဖြစ်မနေလိုအပ်သည်။ ညအချိန် မြင်နိုင်စွမ်းရည် (Night Vision)ကို ကောင်းမွန်စေပြီး Xerophthamia ခေါ် မျက်လုံးအိမ်ခြောက်သွေ့ခြင်းကို ကာကွယ်ပေးသည်။ မျက်စိ၊ အဆုတ်၊ အူနှင့် မိန်းမကိုယ်ကဲ့သို့သော အင်္ဂါများ၏မျက်နှာပြင်တွင်ရှိသော တစ်ရှူးများ၏ ကျန်းမာရေးကို ထိန်းသိမ်းစောင့်ရှောက်ပေးသည်။ ❖**

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ဟော်မုန်းပါ။ အန်ဒေါ်ဖင် ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေး ကို အထောက်အပံ့ဖြစ်စေတဲ့ အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရူးသွပ်ခြင်း ရောဂါနဲ့ အယ်ဇိုင်းမားရောဂါ တို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျှော့ချပေးနိုင်ပါတယ်။

# ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၂၁၄၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဒီပဲယင်း ဇွန် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၂၁၄၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဒီပဲယင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၄၉၄၉ ဧက စိုက်ပျိုးရန်လျာထားပြီး မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၂၁၄၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ ပဲတီစိမ်း ၁၄၉၄၉ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၁၄၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့် တွေသုံးစွဲဖို့ ပညာပေးတာတွေရှိပါတယ်"ဟု ဒီပဲယင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြတ်မွန်က ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် ပဲတီစိမ်း စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ဒီပဲယင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြတ်မွန်က ပြောပြ၍ သိရသည်။ (၂၀၆)

# လူချမ်းသာ

\- ကြောင်းကျိုးထင်ဟပ် ခံယူအပ်သည့်
မြတ်သောတရား မွေ့လျော်ကြားစေ
ရွှေနားအစုံ သောတရုံနှင့်။

\- လမ်းကောင်းညွှန်ပြ အလင်းခသည့်
သုတဖြာဖြာ ရှုဆရှာရန်
နှစ်လွှာမျက်စိ ရွှေအကြည့်နှင့်။

\- သာစုအမျှ ခွန်းမြွက်ဟလျက်
ဓမ္မအမြတ် ကြာခြည်လုပ်ရေး
ဖတ်ရွတ်နိုင်စွမ်း ရွှေနှုတ်ခမ်းနှင့်။

\- မြတ်စိန္တေမှူး မှန်းရည်စူးလျက်
ဖူးရောက်ဦးတင် စိတ်ကြည်လင်ကြောင်း
လျင်လျားဆုတ်တက် ရွှေခြေလက်နှင့်။

\- အကုသိုလ်မှ ကုသိုလ်ဟုလျှင်
စေ့ငုမှားမှန် စဉ်တွေးကြံဖို့
ရွှေဉာဏ်ချင့်သုံး ရွှေနှလုံးနှင့်။

\- သြော်...
ရခဲပေစွ ဒုလ္လဘဟု
လောကဘုံဗွေ လူဖြစ်နေခိုက်
ခြေလက်ခန္ဓာ ဉာဏ်မဟာကို
မှန်စွာသုံးချ လူပီသအောင်
ဘဝဂုဏ်ဒြပ် ခြယ်မှုန်းတတ်က
အမြတ်ချည်းပင် ရလဒ်မြင်သည်
အသင်ကြွယ်ဝသူတကား။ ။

**ချစ်စုအောင်**

# ငဖဲမြို့နယ် အိုးမြေတွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ငဖဲ ဇွန် ၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ အိုးမြေတွင်းကျေးရွာ၌ ၁၂ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဇွန် ၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့်ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ စီမံကိန်း တာဝန်ခံက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၃၃ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အိုးမြေတွင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၉ ဦးကို ငွေကျပ် ၁၀၃ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၂ ဦးကို ငွေကျပ် သိန်း ၃၃၀ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၁ ဦးကို ရန်ပုံငွေကျပ် ၄၃၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေထံမှ သိရသည်။ **ဇင်မာ**

# ချောင်းဆုံမြို့နယ် တော်ကနာကျေးရွာ၌ မြေထိန်းနံရံတည်ဆောက်နေမှု စစ်ဆေး

**ချောင်းဆုံ ဇွန် ၈**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ချောင်းဆုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တော်ကနာကျေးရွာ၌ ပြည်ထောင်စုရန်ပုံငွေဖြင့် မြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဇွန် ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းမော်နှင့် ဝန်ထမ်းများက တော်ကနာကျေးရွာ၌ မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာ၌ အရှည် ၁၅ ပေ၊ အမြင့်လေးပေရှိ မြေထိန်းနံရံ တည်ဆောက်ခြင်း လုပ်ငန်းကို ပြည်ထောင်စုရန်ပုံငွေကျပ် ၈ ဒသမ ၄၁ သန်းဖြင့် ချောင်းဆုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုနှစ် မေလ ပထမပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **သုတ**

## နိုင်ငံတကာ သတင်းများ

# အစ္စရေးနှင့် အီရန်တို့ အပြန်အလှန်တိုက်ခိုက်

**တဲလ်အဗစ် ဇွန် ၈**

အီရန်နိုင်ငံ အနောက်တောင်ပိုင်းဒေသရှိ ရေနံဓာတုစက်ရုံတစ်ရုံနှင့်အခြားစစ်ရေးပစ်မှတ်များကို အစ္စရေးတပ်မတော်က ယနေ့တွင် တိုက်ခိုက်ခဲ့ကြောင်း RT သတင်းဌာနက ဖော်ပြထားသည်။

အစ္စရေးတပ်မတော်သည် ယခုနှစ် ဧပြီ ၈ ရက်တွင် အီရန်နိုင်ငံနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရယူပြီးနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် အီရန်ပစ်မှတ်များကို စစ်ရေးအရတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အစ္စရေးတပ်မတော်၏ တိုက်ခိုက်မှုကို တုံ့ပြန်သည့်အနေဖြင့် အီရန်နိုင်ငံကလည်း အစ္စရေးနိုင်ငံအတွင်းရှိ ပစ်မှတ်များကို ဒုံးကျည်များဖြင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း အီရန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အစ္စရေးနှင့် အီရန်တို့ကြား အပြန်အလှန် တိုက်ခိုက်မှုများကြောင့် ဧပြီ ၈ ရက် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ပျက်ပြားမည့်အရေးကို ဒေသတွင်းနိုင်ငံများက စိုးရိမ်လျက်ရှိသည်။

သို့ရာတွင် အီရန်နှင့် အစ္စရေးတို့ကြား အပြန်အလှန်တိုက်ခိုက်မှုများကြောင့် အမေရိကန်နှင့်အီရန်တို့ကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲများအပေါ် ဆိုးကျိုးသက်ရောက်မှုမရှိနိုင်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားထားသည်။

ယနေ့ လေကြောင်းတိုက်ခိုက်မှုတွင် အစ္စရေးလေတပ်က အီရန်၏ မြေပြင်မှ မြေပြင်ပစ်ဒုံးကျည်စခန်းများကိုလည်း တိုက်ခိုက်ခဲ့သည်ဟု အစ္စရေးတပ်မတော်က သတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

Ref : RT
Trs : KKO

# အသက် ၁၆ နှစ်အောက် ကလေးများ လူမှုမီဒီယာသုံးစွဲမှု ဗြိတိန်ပိတ်ပင်မည်

**လန်ဒန် ဇွန် ၈**

အသက်၁၆နှစ်အောက်ကလေးများ ဘေးအန္တရာယ်ရှိသည့် လူမှုမီဒီယာများသုံးစွဲမှုကို ပိတ်ပင်ရန် ဗြိတိန်အစိုးရက စီစဉ်ထားကြောင်း ယနေ့သတင်းများတွင် ရေးသားတင်ပြထားသည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

အသက်၁၆နှစ်အောက်ကလေးများ ဘေးအန္တရာယ်ရှိ လူမှုမီဒီယာများသုံးစွဲမှုပိတ်ပင်ချက်ကို ဗြိတိန်ဝန်ကြီးချုပ် ကီယာစတမ်မာ ကိုယ်တိုင်ကြေညာမည်ဖြစ်ကြောင်း ဗြိတိန်မီဒီယာများက သတင်း ထုတ်ပြန်ထားသည်။

အသက်၁၆နှစ်အောက်ကလေးများ လူမှုမီဒီယာသုံးစွဲမှုပိတ်ပင်ရေးနှင့်ပတ်သက်၍ ဗြိတိန်ဝန်ကြီးချုပ်က ဇွန် ၉ ရက်တွင် မိန့်ခွန်းတစ်ရပ် ပြောကြားရန် စီစဉ်ထားကြောင်း သိရသည်။

ဗြိတိန်အစိုးရ၏ အသက် ၁၆ နှစ်အောက်ကလေးများ လူမှုမီဒီယာသုံးစွဲမှု ပိတ်ပင်ချက်တွင် ကလေးများအတွက် ဘေးကင်းလုံခြုံမှုရှိသော လူမှုမီဒီယာစာမျက်နှာအချို့ကို ခြွင်းချက်ပေးထားကြောင်း သိရသည်။

ဗြိတိန်ကဲ့သို့ ပြင်သစ်၊ ဒိန်းမတ်၊ အီတလီ စသည့်ဥရောပနိုင်ငံတို့ကလည်း အသက် ၁၆ နှစ်အောက် ကလေးများ လူမှုမီဒီယာသုံးစွဲမှုကိုပိတ်ပင်ရန် စဉ်းစားလျက်ရှိသည်။

ကလေးများ လူမှုမီဒီယာသုံးစွဲမှုကို ပထမဆုံးပိတ်ပင်ခဲ့သော ကမ္ဘာ့နိုင်ငံမှာ ဩစတြေးလျနိုင်ငံဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO



# တရုတ်သမ္မတ ရှီကျင့်ဖျင် မြောက်ကိုရီးယားသို့ရောက်ရှိ



**ပေကျင်း ဇွန် ၈**

တရုတ်သမ္မတရှီကျင့်ဖျင်သည် နှစ်ရက်ကြာ တရားဝင်ခရီးစဉ်အဖြစ် ယနေ့တွင် မြောက်ကိုရီးယားနိုင်ငံ ပြုံယမ်းမြို့သို့ ရောက်ရှိခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

ပြုံယမ်းမြို့သို့ ရောက်ရှိလာသည့် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ၎င်း၏ဇနီး ပန်လီယွန်တို့ကို မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်နှင့် ဇနီးဖြစ်သူတို့က ပြုံယမ်း နိုင်ငံတကာလေဆိပ်၌ ကြိုဆို နှုတ်ဆက်ခဲ့ကြကြောင်း တရုတ်အစိုးရ မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

နှစ်ရက်ကြာ ခရီးစဉ်အတွင်း တရုတ်သမ္မတရှီကျင့်ဖျင်အနေဖြင့် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

အဆိုပါ ခရီးစဉ်သည် တရုတ်သမ္မတ ရှီကျင့်ဖျင်အတွက် ခုနစ်နှစ်တာနီးပါးကာလအတွင်း ပထမဆုံး မြောက်ကိုရီးယားခရီးစဉ်ဖြစ်သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ပြီးခဲ့သည့်လအတွင်း ပေကျင်းမြို့၌ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၊ ရုရှားသမ္မတပူတင်တို့နှင့် ထိပ်သီးတွေ့ဆုံဆွေးနွေးပွဲများ ဆက်တိုက်ကျင်းပခဲ့ပြီးနောက် မြောက်ကိုရီးယားနိုင်ငံသို့ သွားရောက်ခဲ့ခြင်းဖြစ်သည်။

တရုတ်နှင့် မြောက်ကိုရီးယားနှစ်နိုင်ငံဆက်ဆံရေးမှာ သမိုင်းဝင်စမှတ်သစ်ပေါ်သို့ ရောက်ရှိနေပြီဟု ပြုံယမ်းမြို့သို့ ရောက်ရှိခဲ့ပြီးနောက် တရုတ်သမ္မတ ရှီကျင့်ဖျင်က ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# ရုရှားနှင့် ယူကရိန်းခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးရေး ဥရောပခေါင်းဆောင်များ ထောက်ခံ

**လန်ဒန် ဇွန် ၈**

ရုရှားသမ္မတပူတင်နှင့်ယူကရိန်းသမ္မတ ဇီလန်စကီးတို့ကြား တွေ့ဆုံဆွေးနွေးရေး အဆိုပြုချက်ကို ထောက်ခံကြောင်း ဗြိတိန်၊ ဂျာမနီ၊ ပြင်သစ်ခေါင်းဆောင်တို့က ဇွန် ၇ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ရုရှားနှင့် ယူကရိန်းတို့ကြား တိုက်ရိုက်ဆွေးနွေးပွဲများ ကျင်းပရေးအတွက် ယူကရိန်းသမ္မတ ဇီလန်စကီး၏ အဆိုပြုချက်ကို မိမိတို့ထောက်ခံကြောင်း ဗြိတိန်ဝန်ကြီးချုပ် ကီရာစတမ်မာ၊ ဂျာမနီဝန်ကြီးချုပ် ဖရက်ဒရစ်မားဇ်၊ ပြင်သစ်သမ္မတ မက်ခရွန်တို့၏ ပူးတွဲကြေညာချက်၌ ဖော်ပြထားကြောင်း သိရသည်။

ထို့ပြင် လေးနှစ်ကျော်ကြာ ယူကရိန်းစစ်ရေးပဋိပက္ခ ပြီးဆုံးရေးအတွက် ဥရောပအနေဖြင့်လည်း တစ်ခန်းတစ်ကဏ္ဍမှပါဝင်မည်ဖြစ်ကြောင်း ဥရောပသုံးနိုင်ငံခေါင်းဆောင်များ၏ပူးတွဲကြေညာချက်၌ ဖော်ပြထားသည်။

လန်ဒန်မြို့ရှိ ဒေါင်းနင်းလမ်း ဝန်ကြီးချုပ်အိမ်တော်၌ ပြင်သစ်၊ ဗြိတိန်၊ ဂျာမနီခေါင်းဆောင်များနှင့် ယူကရိန်းသမ္မတ ဇီလန်စကီးတို့ တွေ့ဆုံဆွေးနွေးပြီးနောက် အဆိုပါ ပူးတွဲကြေညာချက် ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

လေးနှစ်ကျော်ကြာ ယူကရိန်းစစ်ရေးပဋိပက္ခကို အဆုံးသတ်ရေးအတွက် ရုရှားနှင့်ယူကရိန်းနှစ်နိုင်ငံခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးရန် ယူကရိန်းသမ္မတ ဇီလန်စကီးက ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း အဆိုပြုထားသည်။

သို့ရာတွင် လက်ရှိအခြေအနေအရ မိမိအနေဖြင့် ယူကရိန်းသမ္မတနှင့်တွေ့ဆုံဆွေးနွေးရန် အကြောင်းမရှိဟု ရုရှားသမ္မတပူတင်က တုံ့ပြန် ပြောကြားထားကြောင်း သိရသည်။

Ref : RT
Trs : KKO

# အီရတ်၌ ခရီးသည်တင်ဘတ်စကားတစ်စီး တိမ်းမှောက် လူ ၂၁ ဦးသေဆုံး၍ ၁၉ ဦးဒဏ်ရာရရှိ

**ဘဂ္ဂဒက် ဇွန် ၈**

အီရတ်နိုင်ငံတောင်ပိုင်း နာဆီရီယာမြို့အနီး၌ ဇွန် ၇ ရက်က ခရီးသည်တင် ဘတ်စကားတစ်စီး တိမ်းမှောက်ပြီး မီးလောင်ခဲ့ရာ လူ ၂၁ ဦးသေဆုံး၍ ၁၉ ဦးဒဏ်ရာရရှိခဲ့ကြောင်း အီရတ်ရဲတပ်ဖွဲ့က သတင်း ထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ ခရီးသည်တင် ဘတ်စကားသည် နာဆီရီယာမြို့အနီး အဝေးပြေးလမ်းပေါ်၌ မောင်းနှင်နေစဉ် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ခရီးသည်တင် ဘတ်စကား တိမ်းမှောက်မီးလောင်မှုဖြစ်စဉ်ကို စုံစမ်းစစ်ဆေးရန် အီရတ်ဝန်ကြီးချုပ် အလီအယ်လ်ဇိုင်ဒီက ညွှန်ကြားထားသည်။



ခရီးသည်တင် ဘတ်စကား တိမ်းမှောက် မီးလောင်မှုအတွင်း ဒဏ်ရာရရှိခဲ့သူများအနက် အများစုမှာ အခြေအနေစိုးရိမ်ရကြောင်း အီရတ်တာဝန်ရှိသူများက ပြောကြားထားသည်။

လမ်းများ ဆိုးရွားမှု၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာမှုတို့ကြောင့် အီရတ်နိုင်ငံ၌ ယာဉ်မတော်တဆမှုများ မကြာခဏ ဖြစ်ပွားတတ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

# SCIENCE AND TECHNOLOGY

## နာဆာက အပူပိုင်းမုန်တိုင်းကို စောင့်ကြည့်လေ့လာမည့် INCUS မစ်ရှင်ကို ၂၀၂၇ ခုနှစ်တွင် လွှတ်တင်ရန် စီစဉ်ထား



**ဝါရှင်တန် ဇွန် ၈**

ကမ္ဘာ့ဂြိုဟ်၏အပူပိုင်းမုန်တိုင်းများကို စောင့်ကြည့်လေ့လာမည့် INCUS အမည်ရှိ မစ်ရှင်ကို ၂၀၂၇ ခုနှစ်တွင် လွှတ်တင်ရန် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသ စီမံခန့်ခွဲရေး အေဂျင်စီ (နာဆာ)က စီစဉ်ထားကြောင်း ဇွန် ၇ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် INCUS မစ်ရှင်တွင်ပါဝင်မည့် ဂြိုဟ်တုသုံးစင်း အနက် နှစ်စင်းကို တည်ဆောက် စမ်းသပ်ခဲ့ပြီး တတိယမြောက် ဂြိုဟ်တုကိုလည်း ဆက်လက်စမ်းသပ်နေကြောင်း နာဆာ တာဝန်ရှိသူများက ပြောကြားသည်။

Smallsats ဟူ၍ အမည်ပေးထားသော အဆိုပါဂြိုဟ်တုသုံးစင်းကို ၂၀၂၇ ခုနှစ် စက်တင်ဘာလအတွင်း လွှတ်တင်ရန် နာဆာအဖွဲ့က စီစဉ်ထားသည်။

လွှတ်တင်ပြီးချိန်တွင် Smallsats ဂြိုဟ်တုငယ်သုံးစင်းတို့သည် ကမ္ဘာ့ပတ်လမ်းအနိမ့်ပိုင်းတွင် စုဖွဲ့နေရာယူ၍ ကမ္ဘာ့ဂြိုဟ်၏ မုန်တိုင်းစနစ်များကို လေ့လာမည်ဖြစ်သည်။

Smallsats ဂြိုဟ်တုများကို ကော်လိုရာဒိုပြည်နယ် တက္ကသိုလ်မှ သိပ္ပံပညာရှင်များက တည်ဆောက် စမ်းသပ်နေခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဂြိုဟ်တုများ၌ တပ်ဆင်မည့် ရေဒါစနစ်များကို နာဆာ၏ ဂျက်တွန်းကန်ဘား သုတေသနဌာနမှ သိပ္ပံပညာရှင်များက တည်ဆောက်နေခြင်းဖြစ်သည်။

Ref : Russia Today

Trs : KKO

## 31/ATLAS ကြယ်တံခွန်က သဘာဝအာကာသဒြပ်ထည်စစ်စစ်ဖြစ်ပြီး ဂြိုဟ်သားများ၏ နည်းပညာများပါဝင်သော အထောက်အထားမျိုးမတွေ့ရ

**ဝါရှင်တန် ဇွန် ၈**

31/ATLAS ကြယ်တံခွန်သည် သဘာဝအာကာသ ဒြပ်ထည်စစ်စစ်ဖြစ်ပြီး ဂြိုဟ်သားများ၏ နည်းပညာများပါဝင်သော အထောက်အထားမျိုးမတွေ့ရကြောင်း အမေရိကန်နိုင်ငံ အခြေစိုက် SETI အင်စတီကျုမှ သိပ္ပံပညာရှင်များက အတည်ပြုခဲ့ကြောင်း ဇွန် ၇ ရက် သတင်းများအရ သိရသည်။

SETI အင်စတီကျုမှ သိပ္ပံပညာရှင်များသည် 31/ATLAS ကြယ်တံခွန်မှ ထုတ်လွှတ်နေသော ရေဒီယိုလှိုင်း ၇၄ သန်းတို့ကို မြေပြင်အခြေစိုက် ရေဒီယိုတယ်လီစကုပ်များ အကူအညီဖြင့် လေ့လာဆန်းစစ်ခဲ့ကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသော ရလဒ်များအရ 31/ATLAS ကြယ်တံခွန်ပေါ်တွင် အခြားဂြိုဟ်ကမ္ဘာတစ်ခု၏ နည်းပညာအငွေ့အသက်မျိုး မတွေ့ရကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။



31/ATLAS ကြယ်တံခွန်သည် နေအဖွဲ့အစည်းကို ဝင်ရောက်ဖြတ်သန်းခဲ့သော တတိယမြောက် ကြယ်တာရာဟင်းလင်းပြင်ဖြတ် အာကာသဒြပ်ထည်ဖြစ်သည်။

အဆိုပါ ကြယ်တံခွန်သည် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလက ကမ္ဘာ့ဂြိုဟ်ကို အနီးဆုံးမှတ်ဖြစ်သည့် မိုင်ပေါင်း ၁၆၇ သန်း အကွာမှ တစ်ဆင့် ဖြတ်ကျော်ပျံသန်းခဲ့သည်။

31/ATLAS ကြယ်တံခွန်၏ သက်တမ်းမှာ နှစ်ပေါင်း ၁၁ ဘီလီယံထိရှိရာ နေထက်ပင် သက်တမ်းပိုရှေးကျကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

## တရုတ်နိုင်ငံက ၂၀၃၀ ပြည့်နှစ် နှစ်လယ်ပိုင်းတွင် ကမ္ဘာ့အကြီးမားဆုံး နက္ခတ္တဗေဒလေ့လာရေးစခန်းကို ပိုင်ဆိုင်ထားသည့် နိုင်ငံဖြစ်လာနိုင်

**ပေကျင်း ဇွန် ၈**

တိဗက်ကုန်းမြင့်ဒေသ၌ တည်ဆောက်နေသော ရေဒီယိုတယ်လီစကုပ်သစ်များကြောင့် တရုတ်နိုင်ငံသည် ၂၀၃၀ ပြည့်နှစ် နှစ်လယ်ပိုင်းတွင် ကမ္ဘာ့အကြီးမားဆုံး နက္ခတ္တဗေဒလေ့လာရေးစခန်းကို ပိုင်ဆိုင်ထားသည့်နိုင်ငံဖြစ်လာနိုင်ကြောင်း ဇွန် ၇ ရက် သတင်းများအရ သိရသည်။

တရုတ်နိုင်ငံသည် တိဗက်ကုန်း မြင့်ဒေသ၌ တည်ဆောက်နေသောရေဒီယိုတယ်လီစကုပ်များထဲတွင် ကမ္ဘာ့စွမ်းဆောင်ရည် အမြင့်မားဆုံး ရေဒီယိုတယ်လီစကုပ်များလည်းပါဝင်ကြောင်း သိရသည်။

ချန်ဟိုင်းပြည်နယ် ဆိုင်ရှီတန်တောင်ကုန်းဒေသ၌ တည်ဆောက်နေသော အဆိုပါ ရေဒီယိုတယ်လီစကုပ်ကွန်ရက်ကို အချင်း ၆ ဒသမ ၅ မီတာနှင့် ၁၄ ဒသမ ၅ မီတာထိရှိသော တယ်လီစကုပ်များဖြင့် ဖွဲ့စည်း တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေဒီယိုတယ်လီစကုပ်စနစ်များ၏ စူးစမ်းလေ့လာနိုင်စွမ်းသည် အမေရိကန်နိုင်ငံ ဟာဝိုင်ယီကျွန်း မော်နာကီရာတောင်ထိပ်ရေဒီယိုတယ်လီစကုပ်ကွန်ရက်ကို ကျော်လွန်သွားနိုင်ကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

လက်ရှိအချိန်တွင် မော်နာကီရာတောင်ထိပ်သည် ကမ္ဘာ့အကြီးဆုံးနက္ခတ္တဗေဒ လေ့လာရေးစခန်းအဖြစ် ရပ်တည်နေပြီး အချင်း ၁၀ မီတာ ရေဒီယိုတယ်လီစကုပ်နှစ်ခု၊ အချင်း ၈ ဒသမ ၂ မီတာနှင့် ၈ ဒသမ ၁ မီတာ အသီးသီးရှိ ရေဒီယိုတယ်လီစကုပ် နှစ်ခုတို့ဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ဆိုင်ရှီတန် နက္ခတ္တဗေဒ လေ့လာရေးစခန်းကို ၂၀၃၀ ပြည့်နှစ် နှစ်လယ်ပိုင်းတွင် အပြီးတည်ဆောက်ရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Xinhua New

Trs : KKO

# HEALTH

## အိပ်ဆေးတစ်မျိုးက ဦးနှောက်အတွင်း အဆိပ်အတောက်ရှိပရိုတင်းများကို လျှော့ချနိုင်

**နယူးယောက် ဇွန် ၈**

အသုံးများသည့် အိပ်ဆေးတစ်မျိုးသည် ဦးနှောက်အတွင်း အဆိပ်အတောက်ရှိ ပရိုတင်းများ စုစည်းမှုကို လျှော့ချနိုင်ကြောင်း သုတေသနပညာရှင်များက ဇွန် ၇ ရက်တွင် ပြောကြားသည်။

အမေရိကန်နိုင်ငံ ဝါရှင်တန် တက္ကသိုလ် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Suvorexant ခေါ် အိပ်ဆေးတစ်မျိုးသည် ဦးနှောက်အတွင်း အမီလွိုက်ဘီတာပရိုတင်းနှင့် tau ပရိုတင်းများ စုစည်းမှုကို လျှော့ချပေးနိုင်ကြောင်း သိရသည်။

အမီလွိုက်ဘီတာပရိုတင်းနှင့် tau ပရိုတင်းများ ဦးနှောက်အတွင်း စုစည်းမှုကို အယ်လ်ဇိုင်းမားရောဂါဖြစ်ပွားရခြင်း အကြောင်းတရားအဖြစ် ဆေးပညာရှင်များက ယူဆထားကြောင်း၊ သို့ရာတွင် Insomnia ခေါ် အိပ်မရနိုင်မှုပြဿနာအတွက် သုံးစွဲသော Suvorexant ဆေးသည် ဦးနှောက်အတွင်း အထက်ပါပရိုတင်းနှစ်မျိုး စုစည်းမှုအဆင့်ကို လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန်သုတေသပညာရှင်များသည် သက်လတ်ပိုင်းအရွယ် လူပေါင်း ၃၈ ဦးတို့ဖြင့် လက်တွေ့စမ်းသပ်မှု ပြုလုပ်ခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်သည်။

အိပ်စက်နိုင်မှုကို အားပေးမြှင့်တင်နိုင်ခြင်းသည် အယ်လ်ဇိုင်းမားရောဂါကို တားဆီးနိုင်မည့် နည်းလမ်းတစ်ရပ် ဖြစ်နိုင်ကြောင်း သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

Ref : Russia Today

Trs : KKO

## အူမကြီးကင်ဆာရောဂါကို အချိန်မီစစ်ဆေးတွေ့ရှိခြင်းမရှိပါက သက်ငယ်ပိုင်းလူနာများ အသက်ရှင်ခွင့် ပိုနည်းပါးနိုင်

**နယူးယောက် ဇွန် ၈**

အူမကြီးကင်ဆာရောဂါကို အချိန်မီ စစ်ဆေးတွေ့ရှိခြင်း မရှိခဲ့ပါက သက်ငယ်ပိုင်း အူမကြီးကင်ဆာရောဂါ လူနာများ၏ အသက်ရှင်သန်ခွင့် ပိုနည်းပါးနိုင်ကြောင်း သုတေသနပညာရှင်များ က ဇွန် ၇ ရက်တွင် ပြောကြားသည်။

ပြီးခဲ့သည့် ဆယ်စုနှစ်များအတွင်း လူငယ်ပိုင်းများကြား အူမကြီးကင်ဆာရောဂါဖြစ်ပွားနှုန်း မြင့်တက်လာခဲ့သည်။


သုတေသနပညာရှင်များ၏ အဆိုအရ ၁၉၉၀ ပြည့်နှစ် အစောပိုင်းကာလများနောက်ပိုင်း အသက် ၂၅ နှစ်နှင့် ၄၉ နှစ်ကြား လူငယ်များ အူမကြီးကင်ဆာရောဂါဖြစ်ပွားနှုန်းမှာ နှစ်ဆမြင့်တက်လာကြောင်း သိရသည်။

ထို့ပြင် အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အူမကြီးကင်ဆာစစ်ဆေးတွေ့ရှိမှု နောက်ကျခဲ့ပါက အသက် ၅၀ အောက် လူနာများကြား အသက်ရှင်သန်ခွင့် အလားအလာ ပိုနည်းပါးတတ်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ရောဂါစစ်ဆေးတွေ့ရှိချိန်နှင့် ကုထုံးရယူမှု စတင်ချိန်တို့ကြား အချိန်ခြောက်လထိ ကြန့်ကြာခဲ့ပါက အူမကြီးကင်ဆာကြောင့် သေဆုံးနိုင်ခြေမှာ ပုံမှန်ထက် ၂၃ ရာခိုင်နှုန်း ပိုမြင့်မားလာနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ရီးရဲလ်မက်ဒရစ်အသင်း ဥက္ကဋ္ဌသစ်ရွေးကောက်ပွဲတွင် လက်ရှိဥက္ကဋ္ဌ ပီရက်ဇ် ပြန်လည်ရွေးချယ်ခံရ

**မက်ဒရစ် ဇွန် ၈**

ရီးရဲလ်မက်ဒရစ်အသင်း ဥက္ကဋ္ဌသစ်ရွေးကောက်ပွဲတွင် လက်ရှိအသင်းဥက္ကဋ္ဌပီရက်ဇ်က မဲအများဆုံးဖြင့် ပြန်လည်ရွေးချယ်ခံခဲ့ရကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါ ရွေးကောက်ပွဲတွင် ပီရက်ဇ်သည် အသက် ၃၇ နှစ်ရှိ စပိန်စီးပွားရေးလုပ်ငန်းရှင် ရီကွယ်မီးနှင့်ယှဉ်ပြိုင်ခဲ့ရာ ပီရက်ဇ်က ဆန္ဒမဲ ၂၁၇၄၁ မဲရခဲ့သဖြင့် ၆၅ ရာခိုင်နှုန်းရခဲ့ပြီး ရီကွယ်မီးက ဆန္ဒမဲ ၁၁၈၁၄ မဲရခဲ့သောကြောင့် ၃၅ ရာခိုင်နှုန်းသာရခဲ့သဖြင့် လက်ရှိဥက္ကဋ္ဌ ပီးရက်ဇ်က အသင်းဥက္ကဋ္ဌရာထူးကို ဆက်လက်ထမ်းဆောင်ခွင့်ရခဲ့ခြင်းဖြစ်သည်။

အသက် ၇၉ နှစ်ရှိ ပီရက်ဇ်သည် ၂၀၀၆ ခုနှစ်က အသင်းဥက္ကဋ္ဌရာထူးကိုရရှိခဲ့ပြီးနောက် အသင်းဥက္ကဋ္ဌသစ် ရွေးကောက်ပွဲများတွင် ဆန္ဒမဲအသာဖြင့် ဆက်လက်ရယူနိုင်ခဲ့ပြီး လက်ရှိတွင် အသင်းနှင့်လက်တွဲခဲ့သည်မှာ အနှစ် ၂၀ ကာလထိရောက်ရှိခဲ့သည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် ဥက္ကဋ္ဌ ပီရက်ဇ်လက်ထက်တွင် ဆုဖလားအောင်မြင်မှုများစွာရရှိခဲ့ပြီး ချန်ပီယံလိဂ်ဆုဖလား ခုနစ်ကြိမ်ထိ ရယူနိုင်ခဲ့သည့်အပြင် ၂၀၂၂ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း အဓိကဆုဖလား ခုနစ်လုံးထိရယူနိုင်ခဲ့ကြောင်း သိရသည်။

**Ref : ESPN**
**Trs : ML**



# ဈေးကွက်တန်ကြေးအများဆုံး ကစားသမားစုဖွဲ့မှုပိုင်ဆိုင်ထားသည့် ဘောလုံးကလပ်အသင်းများစာရင်းတွင် ပီအက်စ်ဂျီအသင်းထိပ်ဆုံး၌ ဦးဆောင်




**ပဲရစ် ဇွန် ၈**

လက်ရှိ ဘောလုံးလောက၏ ဈေးကွက်တန်ကြေး အများဆုံး ကစားသမားအစုအဖွဲ့ပိုင်ဆိုင်ထားသည့် ကလပ်အသင်းများစာရင်းတွင် ပီအက်စ်ဂျီအသင်းက ထိပ်ဆုံး၌ ဦးဆောင်နေကြောင်း Transfer Market သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ချန်ပီယံလိဂ်ပြိုင်ပွဲတွင် နှစ်ရာသီဆက် ချန်ပီယံဆုဖလား ဆွတ်ခူးခဲ့သည့် ပီအက်စ်ဂျီအသင်းသည် ဒမ်ဘီလီ၊ ခါဗာရက်ခ်ီလီယာ၊ ဗီတင်ဟာ၊ ဂျာအိုနီဗက်၊ ဒူအီအစရှိသည့် ထိပ်တန်းကစားသမားများကို ပိုင်ဆိုင်ထားကာ အသင်းရှိ ကစားသမားအားလုံး၏ စုစုပေါင်း ဈေးကွက်တန်ကြေးမှာ စတာလင်ပေါင် ၁ ဒသမ ၃၇ ဘီလီယံ ထိရှိနေပြီး ထိပ်ဆုံးတွင် ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

ဈေးကွက်တန်ကြေးအများဆုံး ကစားသမားအစုအဖွဲ့ပိုင်ဆိုင်ထားသည့် ကလပ်အသင်းများစာရင်းမှ ထိပ်ဆုံး ၁၀ သင်းစာရင်းတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲမှ ကလပ်အသင်းခြောက်သင်းထိပါဝင်လာခဲ့သည်။

ပီအက်စ်ဂျီအသင်းနောက်တွင် မန်စီးတီးအသင်းက စတာလင်ပေါင် ၁ ဒသမ ၃၂ ဘီလီယံဖြင့် အဆင့်(၂)၊ အာဆင်နယ်အသင်းက စတာလင်ပေါင် ၁ ဒသမ ၂၅ ဘီလီယံဖြင့် အဆင့်(၃)၊ ရီးရဲလ်မက်ဒရစ်အသင်းက စတာလင်ပေါင် ၁ ဒသမ ၂၂ ဘီလီယံဖြင့် အဆင့်(၄)၊ ဘာစီလိုနာအသင်းက စတာလင်ပေါင် ၁ ဒသမ ၁၇ ဘီလီယံဖြင့် အဆင့်(၅)၊ ချဲလ်ဆီးအသင်းက စတာလင်ပေါင် ၁ ဒသမ ၁၁ ဘီလီယံဖြင့် အဆင့်(၆)၊ ဘိုင်ယန်မြူးနစ်အသင်းက စတာလင်ပေါင် ၉၅၈ သန်းဖြင့် အဆင့်(၇)၊ လီဗာပူးအသင်းက စတာလင်ပေါင်သန်း ၉၄၀ ဖြင့် အဆင့်(၈)၊ မန်ယူအသင်းက စတာလင်ပေါင် ၇၅၂ သန်းဖြင့် အဆင့်(၉)၊ စပါးအသင်းက စတာလင်ပေါင် သန်း ၇၀၀ ဖြင့် အဆင့်(၁၀)နေရာတွင် ရပ်တည်နေကြောင်း သိရသည်။

**Ref : Transfer Market**
**Trs : STA**

# ဒိန်းမတ်အသင်းမှ အဲရစ်ဆင် နှလုံးဖောက်ပြီး ကွင်းအတွင်းလဲကျခဲ့မှုကြောင့် ဒိန်းမတ်အသင်းနှင့် ယူကရိန်းအသင်းတို့ပွဲစဉ်ကို ဖျက်သိမ်းခဲ့ရ

**ကိုပင်ဟေဂင် ဇွန် ၈**

နိုင်ငံတကာ ခြေစွမ်းပွဲစဉ်အဖြစ် ကစားခဲ့သည့် ဒိန်းမတ်အသင်းနှင့် ယူကရိန်းအသင်းတို့ ပွဲစဉ်တွင် ဒိန်းမတ်အသင်း ကွင်းလယ်ကစားသမား အဲရစ်ဆင်သည် နှလုံးဖောက်ပြီး ကွင်းအတွင်းလဲကျမှုဖြစ်ပွားခဲ့သည့်အတွက် အဆိုပါပွဲစဉ်ကို ကွင်းလယ်ဒိုင်က ဖျက်သိမ်းခဲ့ကြောင်း Daily Mail သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါ ခြေစမ်းပွဲစဉ်တွင် အဲရစ်ဆင်သည် ဒိန်းမတ်အသင်း ပွဲထွက်ကစားသမားအဖြစ် ပါဝင်လာခဲ့ပြီး ဒုတိယပိုင်း ၆၅ မိနစ်တွင် ကစားသမားအနေဖြင့် နှလုံးဖောက်ပြီး ကွင်းအတွင်းလဲကျခဲ့ရာ အသင်းဆေးအဖွဲ့က အရေးပေါ်ကုသမှုများပြုလုပ်ခဲ့ရပြီး ၁၀ မိနစ်အကြာတွင် ဆေးရုံသို့ပို့ဆောင်ခဲ့ပြီးနောက် ပွဲစဉ်ကိုဖျက်သိမ်းခဲ့ရသည်။

အဲရစ်ဆင်သည် ယူရို ၂၀၂၀ ပြိုင်ပွဲအဖြစ် ဖင်လန်အသင်းနှင့် ကစားခဲ့သည့် ပွဲစဉ်တွင်လည်း နှလုံးဖောက်မှုကြောင့် ကွင်းအတွင်းလဲကျခဲ့ရာ ခွဲစိတ်ကုသမှုခံယူ၍ နှလုံးကိုစက်တပ်ခဲ့ရသည်။

အသက် ၃၄ နှစ်ရှိ အဲရစ်ဆင်သည် ၂၀၀၉ ခုနှစ်က ဒိန်းမတ်လက်ရွေးစင်အသင်းတွင် စတင်ကစားခွင့်ရခဲ့သူဖြစ်ပြီး ပြိုင်ပွဲစုံ ၁၅၁ ပွဲ ပါဝင်ကစားခဲ့ရာတွင် အသင်းအတွက် သွင်းဂိုး ၄၆ ဂိုးထိ သွင်းယူနိုင်ခဲ့သော်လည်း လက်ရှိတွင် ဒုတိယအကြိမ်မြောက် နှလုံးဖောက်မှုဖြစ်ပွားခဲ့သဖြင့် ဘောလုံးလောကမှ အနားယူရဖွယ် ရှိနေကြောင်း သိရသည်။

**Ref : Daily Mail**
**Trs : ML**

# WBO လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ခါးပတ်အတွက် ကောလမ်စမစ်နှင့် ဘူအာစီတို့ကို ပွဲတည်ပေးရန် အက်ဒီဟန်း ပြင်ဆင်

**လန်ဒန် ဇွန် ၈**

လိုက်ဟဲဗီးဝိတ်တန်း၏ ကမ္ဘာ့ချန်ပီယံ ရုရှားလက်ဝှေ့သမား ဘီဗိုလ်သည် ၎င်းပိုင်ဆိုင်ထားသည့် ကမ္ဘာ့ချန်ပီယံခါးပတ်များအနက် WBO လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်ကို စွန့်လွှတ်ရန် စီစဉ်နေသည့်အတွက် နာမည်ကြီး Promoter ဖြစ်သူ အက်ဒီဟန်းက လစ်လပ်သွားမည့် ကမ္ဘာ့ချန်ပီယံခါးပတ်အတွက် ဗြိတိန်လက်ဝှေ့သမား နှစ်ဦးဖြစ်သည့် ကောလမ်စမစ်နှင့် ဘူအာစီတို့ကို ပွဲတည်ပေးရန် စီစဉ်သွားမည်ဟု ပြောကြားခဲ့ကြောင်း Fight Mag သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဘီဗိုလ်သည် ရုရှားလက်ဝှေ့သမား တစ်ဦးပင်ဖြစ်သည့် လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံဟောင်း ဘီတာဘီယက်ဗ်နှင့် တတိယမြောက် စိန်ခေါ်ပွဲ ထိုးသတ်သွားရန် ဆန္ဒရှိနေသကဲ့သို့ အမေရိကန်လက်ဝှေ့သမား ဘီနာဗီဒက်ဗ်ဖြင့်လည်း ထိုးသတ်လိုသည့်အတွက် လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်ကို စွန့်လွှတ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အက်ဒီဟန်းက "ဘီဗိုလ်ဟာ WBO လိုက်ဟဲဗီးဝိတ်တန်း ချန်ပီယံခါးပတ်ကို စွန့်လွှတ်ဖို့ သေချာသလောက်ရှိနေတဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ WBO လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်အတွက် ကောလမ်စမစ်နဲ့ ဘူအာစီတို့ကို ပွဲတည်ပေးသွားဖို့ စီစဉ်သွားပါမယ်။ လစ်လပ်နေတဲ့ ကမ္ဘာ့ချန်ပီယံခါးပတ်အတွက် သူတို့နှစ်ဦးလုံးက အသင့်တော်ဆုံးပါပဲ။ ဒီပွဲစဉ်ဖြစ်မြောက်ဖို့အတွက် ကျွန်တော်လုပ်နိုင်သမျှ အကုန်လုပ်ဆောင်သွားပါမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Fight Mag**
**Trs : AZL**

# AYA Tri-Nation Cup 2026 မြန်မာနှင့် ထိုင်း အမျိုးသမီးဘောလုံးအသင်းတို့၏ ပွဲကြိုသတင်းစာရှင်းလင်းပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၈**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် AYA Tri-Nation Cup 2026 ပြိုင်ပွဲ၏ ပွဲစဉ်တစ်ပွဲဖြစ်သော မြန်မာအမျိုးသမီးအသင်းနှင့် ထိုင်းအမျိုးသမီးအသင်းတို့၏ ပွဲကြိုသတင်းစာရှင်းလင်းပွဲ (Pre-Match Press Conference) ကို ယနေ့နံနက် ၁၁ နာရီက ရန်ကုန်မြို့ရှိ သုဝဏ္ဏအားကစားကွင်း သတင်းစာရှင်းလင်းပွဲခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲအခမ်းအနားသို့ မြန်မာအမျိုးသမီးဘောလုံးအသင်းနည်းပြ Mitsuo Kato၊ အသင်းခေါင်းဆောင် ခင်မာလာထွန်း၊ ထိုင်းအမျိုးသမီးဘောလုံးအသင်းနည်းပြ Nati-pong Sritong-In၊ အသင်းခေါင်းဆောင် Saowalak Pengn-gam တို့ တက်ရောက်ခဲ့ကြပြီး မီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့ကြသည်။

မြန်မာအမျိုးသမီး ဘောလုံးအသင်းနည်းပြ Mitsuo Kato က "ထိုင်းအသင်းက မြန်မာအသင်းထက် ကမ္ဘာ့အဆင့်ရပ်တည်မှုမြင့်ပါတယ်။ ဒါ့ကြောင့် ဒီပွဲက ကျွန်တော်တို့အတွက် တကယ့်ကိုခက်ခဲတဲ့ပွဲ တစ်ပွဲဖြစ်လာမှာပါ။ ဒါပေမဲ့ ကျွန်တော်တို့အကောင်းဆုံး ပြင်ဆင်ထားပါတယ်။ ကစားသမားတွေလဲ အဆင်သင့်ဖြစ်နေကြပါပြီ"ဟု ပြောကြားခဲ့သည်။




AYA Tri-Nation Cup 2026 ဘောလုံးပြိုင်ပွဲ ပွဲစဉ်တစ်ပွဲကစားအပြီးတွင် မြန်မာအမျိုးသမီးအသင်းက ဥဇဘက်ကစ္စတန် အမျိုးသမီးအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ထားပြီး ထိုင်းအမျိုးသမီးအသင်းက ဥဇဘက်ကစ္စတန် အမျိုးသမီးအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့်အနိုင် ရရှိထားသည့်အတွက် မြန်မာအမျိုးသမီးအသင်းအနေဖြင့် ထိုင်းအမျိုးသမီးအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိမည်ဆိုပါက ဆုဖလား ဆွတ်ခူးနိုင်မည် ဖြစ်ကြောင်း သိရသည်။

**STA**

# ဆီးရီးယားနိုင်ငံအရှေ့ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ယူဖရေးတီးမြစ် ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့



ဒမတ်စကတ်စ် ဇွန် ၈

ဆီးရီးယားနိုင်ငံ အရှေ့ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ယူဖရေးတီးမြစ် ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့ကြောင်း ဆီးရီးယား အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့ သတင်းများတွင် ဖော်ပြထားသည်။

ယူဖရေးတီးမြစ်သည် ဆီးရီးယားနိုင်ငံ၏ ကဏ္ဍအသီးသီးအတွက် အရေးပါသည့် မြစ်ဖြစ်ကြောင်း၊ ယူဖရေးတီးမြစ်ရေသည် ပုံမှန်ရှိသည့် မြစ်ရေလယ်ဗယ်ထက် ငါးမီတာထိ ကျဆင်းသွားခဲ့သည်ဖြစ်၍ ကဏ္ဍအသီးသီးတွင် ကြီးမားသော ရိုက်ခတ်မှုများ ရင်ဆိုင်ခဲ့ရကြောင်း၊ ထိုသို့သော အခြေအနေမျိုးမှ အချိန်တိုအတွင်း ယူဖရေးတီးမြစ်ရေလယ်ဗယ်မြင့်တက်လာကာ ရေကြီးရေလျှံမှုဖြင့် ရင်ဆိုင်နေရကြောင်း အရေးပေါ်စီမံခန့်ခွဲရေး အဖွဲ့အစည်းက ထုတ်ပြန်ထားသည်။

"ယူဖရေးတီး မြစ်ဝှမ်းမှာ စံချိန်တင် ရေလယ်ဗယ်ကျဆင်းရာကနေ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဇွန် ၇ ရက်က စတင်ပြီးတော့ မြစ်ရေလယ်ဗယ်မြင့်တက်နေတယ်။ နေရာတချို့မှာတော့ မြစ်ရေလျှံတက်မှုကြောင့် ယူဖရေးတီး မြစ်ကြောင်းတစ်လျှောက်မှာ နေထိုင်တဲ့ ဒေသခံတွေ ရေဘေးအန္တရာယ်နဲ့ စတင်ရင်ဆိုင်နေရတယ်။ ဒီယာအိဇ္ဇရ်မြို့မှာ လမ်းမကြီးတချို့ ရေလွှမ်းနေပြီးတော့ လမ်းပန်း ဆက်သွယ်ရေးတွေ ပြတ်တောက်နိုင်တယ်။ စံချိန်တင် ရေခန်းခြောက်ရာကနေ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရုတ်တရက် ရေကြီးရေလျှံမှုဖြစ်ပေါ်လာတာဖြစ်ပါတယ်။ ဒါဟာ ရာသီဥတုဖောက်ပြန်မှု လက္ခဏာတွေဖြစ်ပါတယ်"ဟု အရေးပေါ်စီမံခန့်ခွဲရေး အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# အင်ဒိုနီးရှားနိုင်ငံ အရှေ့မြောက်ပိုင်းကမ်းရိုးတန်း ဒေသများတွင် ဆူနာမီသတိပေးချက် ထုတ်ပြန်

ဂျကာတာ ဇွန် ၈

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်း ပင်လယ်ပြင်အနီးတွင် ပြင်းအားမြင့် ငလျင်တစ်ခု လှုပ်ခတ်ခဲ့ပြီးနောက် အင်ဒိုနီးရှားနိုင်ငံ အရှေ့မြောက်ပိုင်း ကမ်းရိုးတန်းဒေသများတွင် ဆူနာမီသတိပေးချက်ကို ယနေ့ နံနက်ပိုင်းတွင် ထုတ်ပြန်ခဲ့ကြောင်း အင်ဒိုနီးရှား မိုးလေဝသ၊ ရာသီဥတုနှင့် ဘူမိရူပဗေဒအေဂျင်စီ(BMKG)၏ ထုတ်ပြန်ချက်အရ သိရသည်။

အင်ဒိုနီးရှား မိုးလေဝသ၊ ရာသီဥတုနှင့် ဘူမိရူပဗေဒအေဂျင်စီ (BMKG)၏ ထုတ်ပြန်ချက်အရ အဆိုပါငလျင်ကြောင့် ပင်လယ်ရေမျက်နှာပြင် အပြောင်းအလဲများ ဖြစ်ပေါ်နိုင်သဖြင့် မြောက်ဆူလာဝေစီပြည်နယ်နှင့် အနီးပတ်ဝန်းကျင် ကမ်းရိုးတန်းဒေသများရှိ ပြည်သူများကို သတိပြု၍ စောင့်ကြည့်နေထိုင်ကြရန် တိုက်တွန်းထားသည်။

အာဏာပိုင်များက ဆူနာမီလှိုင်းများ ဖြစ်ပေါ်လာနိုင်သည့် အလားအလာကို စဉ်ဆက်မပြတ် စောင့်ကြည့်လျက်ရှိပြီး လိုအပ်ပါက နောက်ထပ် သတိပေးချက်များကို ထုတ်ပြန်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ကမ်းရိုးတန်းဒေသများရှိ ဒေသခံများနှင့် ငါးဖမ်းလှေများကို ပင်လယ်ပြင် အခြေအနေများကို အနီးကပ် စောင့်ကြည့်ရန်နှင့် အရေးပေါ် ညွှန်ကြားချက်များကို လိုက်နာရန် သတိပေးထားသည်။

လက်ရှိအချိန်ထိ အင်ဒိုနီးရှားနိုင်ငံတွင် အဆိုပါငလျင်နှင့် ဆက်စပ်၍ လူသေဆုံးမှု၊ ဒဏ်ရာရရှိမှု သို့မဟုတ် အဆောက်အအုံ ထိခိုက်ပျက်စီးမှု သတင်းများကို တရားဝင်ထုတ်ပြန်ထားခြင်း မရှိသေးကြောင်း၊ သို့သော် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအဖွဲ့များကို အသင့်အနေအထားတွင် ထားရှိကာ အခြေအနေများကို ဆက်လက် စောင့်ကြည့်လျက် ရှိကြောင်း သက်ဆိုင်ရာ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : KZ

# ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် ၇ ဒသမ ၈ မဂ္ဂနီကျူရှိ အင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် အဆောက်အအုံများပြိုကျပျက်စီးပြီး ဆူနာမီလှိုင်းများဖြစ်ပေါ်ခဲ့

မနီလာ ဇွန် ၈

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်း မင်ဒါနာအိုကျွန်းအနီး ကမ်းလွန်ပင်လယ်ပြင်တွင် ယနေ့ နံနက်ပိုင်းက ပြင်းအား ၇ ဒသမ ၈ မဂ္ဂနီကျူအဆင့်ရှိ အင်အားပြင်းငလျင် လှုပ်ခတ်မှုကြောင့် အဆောက်အအုံများ ပြိုကျပျက်စီးပြီး ၁ ဒသမ ၄ မီတာထိ အမြင့်ရှိသော ဆူနာမီလှိုင်းများဖြစ်ပေါ်ခဲ့ကြောင်း ယနေ့ သတင်းများအရ သိရသည်။

ဖိလစ်ပိုင် မီးတောင်နှင့် ငလျင်ဗေဒအင်စတီကျု (PHIVOLCS) ၏ ထုတ်ပြန်ချက်အရ ငလျင်သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၇ နာရီ ၃၇ မိနစ်တွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး မြေအောက်အနက် ၃၃ ကီလိုမီတာတွင် ဖြစ်ပွားခဲ့ကြောင်း၊ ငလျင်ဗဟိုချက်မှာ မင်ဒါနာအိုကျွန်းရှိ လူဦးရေ ခုနစ်သိန်းခန့် နေထိုင်သည့် မာဆင်မြို့ကမ်းရိုးတန်း၏ အနောက်တောင်ဘက် ၃၂ ကီလိုမီတာအကွာတွင် ဖြစ်ကြောင်း၊ ငလျင်ကြောင့် အဆောက်အအုံတချို့ ပြိုကျပျက်စီးခဲ့ပြီး လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများဖြစ်ပွားခဲ့ကြောင်း သိရသည်။



ဒေသခံ ဘေးအန္တရာယ်စီမံခန့်ခွဲရေးအရာရှိများ၏ ပြောကြားချက်အရ ငလျင်ဒဏ်ကြောင့် လူသေဆုံးမှုများဖြစ်ပွားခဲ့ပြီး ပျက်စီးဆုံးရှုံးမှု အခြေအနေများကို ဆက်လက် စိစစ်နေဆဲဖြစ်ကြောင်း သိရသည်။

ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကိုစ်ဂျူနီယာက ဘေးဒဏ်သင့် ဒေသများတွင် အရေးပေါ်ကယ်ဆယ်ရေး၊ ထောက်ပံ့ရေးနှင့် စောင့်ကြည့်ရေး လုပ်ငန်းများကို အမြန်ဆုံး ဆောင်ရွက်ရန် သက်ဆိုင်ရာ အဖွဲ့အစည်းများကို ညွှန်ကြားထားကြောင်း၊ အာဏာပိုင်များက ကမ်းရိုးတန်းဒေသများ ရှိ ပြည်သူများကို ဘေးလွတ်ရာ မြင့်မားသော နေရာများသို့ ရွှေ့ပြောင်းနေထိုင်ကြရန် တိုက်တွန်းထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# အိန္ဒိယနိုင်ငံမြောက်ဘက်ပိုင်း ဂူရူဂရမ်မြို့တွင် အပူလှိုင်းဖြတ်သန်းနေ၍ အပူချိန်မြင့်တက်မှု အဝါရောင်အဆင့် သတိပေးချက်ထုတ်ပြန်

နယူးဒေလီ ဇွန် ၈

အိန္ဒိယနိုင်ငံ မြောက်ဘက်ပိုင်း ဂူရူဂရမ်မြို့တွင် အပူလှိုင်း ဖြတ်သန်းနေ၍ အပူချိန်မြင့်တက်မှု အဝါရောင်အဆင့် သတိပေးချက် ထုတ်ပြန်လိုက်ကြောင်း အိန္ဒိယ မိုးလေဝသညွှန်ကြားရေးဦးစီးဌာန (IMD)က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အပူလှိုင်း ဖြတ်သန်းမှုကြောင့် အပူချိန်ဟာ ၄၃ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်လာနိုင်ပြီး လာမည့် ရက်ပိုင်းအတွင်း အပူချိန်ပမာဏမှာ ၅၀ ဒီဂရီစင်တီဂရိတ်ခန့်ထိ ရောက်ရှိသွားနိုင်ကြောင်း၊ ထို့ကြောင့် အပူချိန်မြင့်တက်မှု အဝါရောင်အဆင့် သတိပေးချက် ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း၊ ဇွန် ၁၁ ရက်တွင် အပူချိန်စံချိန်တင် မြင့်တက်မှု အခြေအနေပိုမိုဆိုးရွားလာနိုင်ပြီး ကျန်းမာရေးလုံခြုံမှုကို ဆိုးရွားစွာရိုက်ခတ်မှု ဖြစ်ပေါ်လာနိုင်ကြောင်း IMD က သတိပေးချက်ထုတ်ပြန်သွားခဲ့သည်။

"ဂူရူဂရမ်မြို့မှာ အပူလှိုင်း ဖြတ်သန်းမှု ဖြစ်ပေါ်နေပြီးတော့ အပူချိန်ဟာ ၄၃ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေပါတယ်။ အပူချိန် မြင့်တက်နေတဲ့ ကာလအတွင်း ကျန်းမာရေးအရ လမ်းလျှောက်နေသူတွေ၊ အားကစားသမားတွေ၊ အရွယ်မရောက်သေးတဲ့ ကလေးငယ်တွေနဲ့ သက်ကြီးရွယ်အိုတွေ အနေနဲ့ အမိုးအကာအောက်မှာပဲ နေထိုင်သွားသင့်ပါတယ်"ဟု အိန္ဒိယ မိုးလေဝသညွှန်ကြားရေး ဦးစီးဌာန(IMD)မှ တာဝန်ရှိသူ တစ်ဦးက ပြောကြားသွားခဲ့သည်။

အပူချိန် မြင့်တက်မှုနှင့်အတူ လေထု ညစ်ညမ်းမှုများလည်း ဖြစ်ပေါ်လာနိုင်သည့် အတွက်ကြောင့် Air Quality Index (AQI) အဖွဲ့အစည်းက လေထုညစ်ညမ်းမှုကို စောင့်ကြည့်တိုင်းတာလျက်ရှိပြီး အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိကြောင်း သိရသည်။ လက်ရှိကာလတွင် အပူချိန် မြင့်တက်နေသော်လည်း လေထုညစ်ညမ်းမှုမှာ ကျန်းမာရေးကို ထိခိုက်စေနိုင်သော အဆင့်မျိုး မဟုတ်သေးကြောင်းလည်း AQI က ထုတ်ပြန်သွားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# တရုတ်နိုင်ငံ ကွေ့ကျိုးပြည်နယ်တွင် ရေကြီးရေလျှံမှုကြောင့် ဒေသခံလူဦးရေ ၁၀၀၀၀ ထက်မနည်း ဘေးလွတ်ရာရွှေ့ပြောင်းနေရ

ပေကျင်း ဇွန် ၈

တရုတ်နိုင်ငံ ကွေ့ကျိုးပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းနေပြီး ရေကြီးရေလျှံမှုကြောင့် ဒေသခံလူဦးရေ ၁၀၀၀၀ ထက်မနည်း ဘေးလွတ်ရာ ရွှေ့ပြောင်းနေရကြောင်း အရေးပေါ်စီမံခန့်ခွဲရေး အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ပြည်နယ် တစ်ပြည်နယ်လုံး အတိုင်းအတာဖြင့် ရေကြီးရေလျှံမှု ဖြစ်ပေါ်နေခြင်းဖြစ်ပြီး ဒေသခံများ ရေလွှမ်းနေသည့် ဇရိယာတွင် ပိတ်မိခဲ့ကြောင်း၊ ဇွန် ၆ ရက် နှင့် ၇ ရက်တို့တွင် ရေကြီးရေလျှံမှု အဆိုးရွားဆုံးဖြစ်ပေါ်ခဲ့ပြီး လူအများအပြား ပိတ်မိနေသောကြောင့် အရေးပေါ်အခြေအနေဖြင့် ကယ်ထုတ်ပေးခဲ့ရကြောင်း၊ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူဦးရေ ၁၀၀၀၀ ထက် မနည်းရှိခဲ့ပြီး လူနေအိမ်ခြေပေါင်း ၄၉၁ လုံးထိ ရေလွှမ်းနေကြောင်း၊ လမ်းပိုင်း တချို့ပျက်စီးခဲ့ပြီး မြေပြိုကျမှုများလည်း ဖြစ်ပေါ်ခဲ့သည့်အတွက်ကြောင့် ဇန်ယီမြို့နှင့် ရှောင်ရှန် ကောင်တီတို့တွင် သဘာဝဘေး အန္တရာယ် အရေးပေါ်အခြေအနေ အဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

"ကွေ့ကျိုးပြည်နယ်တစ်ဝန်း ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်နေ ပြီးတော့ မြေပြိုကျမှုတွေလဲ ဖြစ်ပေါ်နေပါတယ်။ ဇန်ယီမြို့နဲ့ ရှောင်ရှန် ကောင်တီတို့မှာတော့ ရေဘေးအန္တရာယ် အရေးပေါ် အခြေအနေ သတ်မှတ်လိုက်ပါတယ်"ဟု အရေးပေါ်စီမံခန့်ခွဲရေး အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

# စီးပွားဥစ္စာ ဖွေရှာပြည်ကျိုး ကြိုးစားစိုက်ပါ ချည်မျှင်ရှည်ဝါမျိုး

သုတကြွယ်

**မြန်မာ့ရေမြေနှင့် ဝါစိုက်ပျိုးမှု**

စား၊ ဝတ်၊ နေရေး အရေးသုံးပါးတွင် ဝတ်ရေးဖြစ်သည့် အဝတ်အထည်များသည် လူသားများ မွေးဖွားချိန်မှစ၍ ဘဝတစ်လျှောက်လုံး မဖြစ်မနေ အသုံးပြုရသောပစ္စည်းဖြစ်သည်။ အဝတ်အထည် ဖူလုံရေးမှာ လူ့ဘဝတွင် အရေးကြီးလှသည်။ ထို့ကြောင့် ပြည်တွင်းဖြစ်အဝတ်အထည် ဖူလုံရေးအတွက် ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်သည့်ဝါမှ တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများအဖြစ် ပြောင်းလဲထုတ်လုပ်နိုင်ရန် အစဉ်ကြိုးပမ်း ဆောင်ရွက်ရမည်ဖြစ်သည်။

ဝါသည် အပူပိုင်းဒေသတွင် ဖြစ်ထွန်းသော သီးနှံဖြစ်၍ မြန်မာနိုင်ငံတွင် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးဖြစ်ထွန်းပြီး အဆိုပါဒေသများသည် ဝါအများဆုံး ထုတ်လုပ်သည့် ဒေသများဖြစ်ကြသည်။

ထိုဒေသများအပြင် ဝါကို နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင်လည်း စိုက်ပျိုးကြသည်။ ၂၀၁၂-၂၀၁၃ ခုနှစ်မှ ၂၀၂၂-၂၀၂၃ ခုနှစ် ကာလတစ်လျှောက် ဝါထုတ်လုပ်မှုကို လေ့လာကြည့်ပါက ၂၀၁၅-၂၀၁၆ ခုနှစ်တွင် စုစုပေါင်း ထုတ်လုပ်မှုတန်ချိန် ၅၁၂၈၁၄ တန်ဖြင့် အမြင့်ဆုံးဖြစ်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ၂၆၂၂၇၇ တန် အနိမ့်ဆုံးသို့ လျော့ကျရောက်ရှိခဲ့သည်။ နိုင်ငံတော်အစိုးရ၏ အားပေးလမ်းညွှန်မှုဖြင့် ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ဝါထုတ်လုပ်မှု သိသိသာသာပြန်လည်ကောင်းမွန်လာကာ တန်ချိန် ၃၂၃၀၆၆ သို့ မြင့်တက်လာသည်။

**ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြင့်မားရေး**

မြန်မာနိုင်ငံအနေဖြင့် ပြည်ပမှ ချည်မျှင်နှင့် အထည်အလိပ်များကို တင်သွင်းနေရသောကြောင့် ပြည်ပသွင်းကုန်များလျှော့ချနိုင်ရန် ပြည်တွင်းရှိ ချည်မျှင်နှင့် အထည်စက်ရုံများမှ လုံလောက်စွာ ထုတ်လုပ်ပေးနိုင်ရေး ကြိုးပမ်းရမည်ဖြစ်သည်။

ဝါသီးနှံသည် မြန်မာနိုင်ငံ၏ အဓိကသီးနှံ ၁၀ မျိုးတွင်ပါဝင်ပြီး တစ်နိုင်ငံလုံးတွင် ဝါစိုက်ဧက စုစုပေါင်း ငါးသိန်းခန့်ရှိသည်။ ထိုဧက ငါးသိန်းမှ တစ်ဧကလျှင် ဝါပိဿာချိန် ၇၀၀ ခန့် ထွက်ရှိမည်ဆိုလျှင် လူဦးရေသန်း ၅၀ အတွက် တစ်ဦးလျှင် ချည်ပိတ်ကိုက် ၃၀ ခန့် အသုံးပြုနိုင်မည်ဖြစ်သည်။ ထိုပမာဏမျှရှိသော ဝါကုန်ကြမ်းများကို ချည်ချောများထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပမှ ချည်ထည်များတင်သွင်းနေရမှုကို လျှော့ချနိုင်မည်ဖြစ်သည့်အပြင် အဆင့်မီသည့် ချည်ထည်များ တိုးမြှင့်ထုတ်လုပ်ခြင်းဖြင့် ပြည်တွင်းအထည်ချုပ်လုပ်ငန်းများ ခိုင်မာအားကောင်းလာမည်ဖြစ်သည်။ တစ်ဆက်တည်းမှာပင် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝမြင့်မားရေးတို့အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်သည်။

**တန်ဖိုးမြှင့်ချည်ထည်များ တိုးတက်ထုတ်လုပ်**

မြန်မာနိုင်ငံမှထွက်ရှိသော ချည်မျှင်ရှည်ဝါဂွမ်းများ၏ ဂွမ်းမွေးအရှည်သည် မီလီမီတာ၂၀ မှ မီလီမီတာ ၃၀ သာရှိပြီး အနိမ့်ဆုံး ချည်နံပါတ် ၁/၁၆ ချည်မှစ၍ ၁/၂၀ ချည်၊ ၁/၄၀ ချည်နှင့် အချောဆုံး ၁/၆၀ ချည်ထိ ထုတ်လုပ်နိုင်သည်။ ၁/၁၆ ချည်မှ ဖလန်နယ်ပိတ်၊ ဇင်ပိတ်၊ ချည်စောင်၊ စားပွဲခင်းနှင့် လက်သုတ်ပဝါတို့ ထုတ်လုပ်နိုင်သည်။ ၁/၂၀ ချည်မှလည်း ဖလန်နယ်ပိတ်၊ အမျိုးသားဝတ် ၁/၂၀ ချည်လုံချည်၊ ခြင်ထောင်ဇာ၊ ခြင်ထောင်ပိတ်၊ မျက်နှာသုတ်ပဝါ၊ ချွေးသုတ်ပဝါနှင့် အနီးပိတ် ထုတ်လုပ်နိုင်သည်။ ၁/၄၀ ချည်မှ အမျိုးသားဝတ် ၁/၄၀ ချည်ချောလုံချည်၊ အမျိုးသမီးဝတ် လုံချည်၊ စွပ်ကျယ်၊ တီရှပ်တို့ ထုတ်လုပ်နိုင်ပြီး ၁/၆၀ ချည်မှ အမျိုးသားဝတ် ချည်လုံချည်များ ထုတ်လုပ်နိုင်သည်။

ဂွမ်းမွေးအရှည် ၃၄ မီလီမီတာနှင့် အထက်ရှိသည့် ပြည်ပချည်မျှင်ရှည်ဂွမ်းများနှင့် ၅၀ ရာခိုင်နှုန်း ရောစပ်၍ထုတ်လုပ်နိုင်ပါက ၂/၈၀ ချည်ချောထိ ထုတ်လုပ်နိုင်မည်ဖြစ်သည်။ ယခုနှစ်တွင် ဝါမျိုးစုံ စိုက်ပျိုးရန် ဧက ခြောက်သိန်းကျော် လျာထားပြီး ချည်မျှင်ရှည်ဝါ ၄ ဒသမ ၇ သိန်း ဧကကျော် စိုက်ပျိုးမည်ဟု သိရသည်။ အဆင့်မီချည်ချောထည်များ ထုတ်လုပ်နိုင်ရန် ဂွမ်းမွေးအရှည် ၃၃ မီလီမီတာမှ ၃၄ မီလီမီတာရှည်သည့် ချည်မျှင်ရှည်ဝါမျိုးများကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ တိုးချဲ့စိုက်ပျိုးနိုင်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြလျက်ရှိသည်။



မိမိတို့နိုင်ငံတွင် အရည်အသွေးကောင်းမွန်သည့် A Grade အမျိုးအစားဝါများ ပြောင်းလဲစိုက်ပျိုးနိုင်ပါက ပြည်ပမှတင်သွင်းမှုများ လျော့နည်းသက်သာစေမည်ဖြစ်သည်။ မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် ဝါကြိတ်စက်များကို ပြည်တွင်း၌ တပ်ဆင်ထုတ်လုပ်နိုင်မည်ဆိုလျှင် အလုပ်အကိုင်၊ အခွင့်အလမ်းများနှင့်အတူ အထည်ချုပ်လုပ်ငန်းများအတွက်ပါ အထောက်အပံ့ကောင်းများ ရရှိစေမည်ဖြစ်သည်။

**ဝါအခြေခံစက်မှုလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်**

အဆင့်မြင့်ချည်ထည်များ ထုတ်လုပ်နိုင်သည့် ဝါမျိုးကောင်းမျိုးသန့်များကို စိုက်နည်းစနစ်မှန်ကန်စွာဆောင်ရွက်ပြီး ဝါအထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ရန်လိုသည်။ တစ်ဖက်တွင် ဝါကြိတ်စက်ရုံများ၊ ချည်မျှင်နှင့် အထည်စက်ရုံများကို အဆင့်မြှင့်တင်ပေးပြီး ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်းကို အစိုးရ၊ လုပ်ငန်းရှင်များနှင့် ဝါစိုက်တောင်သူများအပါအဝင် ပြည်သူတစ်ရပ်လုံးက တက်ညီလက်ညီ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်သည်။

ဝါဂွမ်းသည် အဝတ်အထည်၊ မျက်နှာသုတ်ပဝါ၊ အိပ်ရာနှင့် အခြားအထည်အလိပ်များ အပါအဝင် ထုတ်ကုန်အမျိုးမျိုးပြုလုပ်ရန် အသုံးပြုသည့် သဘာဝအမျှင်တစ်မျိုးဖြစ်သည်။

ဝါကို တာယာ၊ ဆန်ခါများနှင့် စက္ကူကဲ့သို့သော စက်မှုထုတ်ကုန်များစွာတွင် အသုံးပြုကြသည်။ ဝါဂွမ်း ၏ ၈၀ ရာခိုင်နှုန်းခန့်ကို အဝတ်အထည်များတွင် အသုံးပြုကြသည်။ အိမ်တွင်းအလှဆင်ပစ္စည်းများတွင် ၁၅ ရာခိုင်နှုန်းကို အသုံးပြုကြပြီး ကျန်ငါးရာခိုင်နှုန်းမှာ စစ်ထုတ်ခြင်းနှင့် စုပ်ယူခြင်းကဲ့သို့သော အသုံးအဆောင်များအတွက် အများဆုံး အသုံးပြုကြသည်။ ဝါသီးနှံမှ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ဝါဂွမ်း၊ ဝါစေ့၊ ဝါစေ့ဆီနှင့် ဆီကြိတ်ဖတ်များ ထုတ်လုပ်နိုင်သည်။ ဝါစေ့သည် ပရိုတင်းဓာတ်ကြွယ်ဝပြီး လူစားသုံးရန် သို့မဟုတ် တိရစ္ဆာန်အစာအတွက် အသုံးပြုနိုင်သည်။

ဝါစေ့ကို ပြန်လည်စိုက်ပျိုးရန် မျိုးအဖြစ်သာမက ဆီကြိတ်၍ စားသုံးဆီအဖြစ်လည်းကောင်း၊ ဆပ်ပြာ၊ ဖယောင်းတိုင်၊ အလှကုန်များကဲ့သို့သော ဆီအခြေခံထုတ်ကုန်များအတွက် စက်မှုကုန်ကြမ်းသုံးဆီအဖြစ်လည်းကောင်း တွင်ကျယ်စွာ အသုံးပြုနိုင်သဖြင့် ဝါအခြေခံစက်မှုလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လန်းလာမှုနှင့်အတူ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်မှာ ဧကန်ဖြစ်သည်။

**ဝါစေ့ဆီနှင့် တိရစ္ဆာန်အစာများ ထုတ်လုပ်နိုင်မှု**

ဝါကြိတ်စက်ရုံမှထွက်ရှိလာသော ဝါစေ့များကို တိုက်ရိုက်ဆီကြိတ်ခြင်း၊ ဝါစေ့ခွံခွဲပြီး ဝါစေ့အဆန်ကို ဆီကြိတ်ခြင်းနှင့် လင်တာဂွမ်းချွတ်ပြီး ထွက်ရှိလာသည့် ဝါစေ့ကတုံးကို ဝါစေ့ခွံခွဲ၍ ဆီကြိတ်ခြင်းစသည့် ပုံစံသုံးမျိုးဖြင့် ဆောင်ရွက်လျက်ရှိသည်။

ဝါစေ့ကို ကြိတ်ခြေရုံဖြင့် ရရှိသောဆီကြမ်းမှာ စားသုံးရန်အတွက် မသင့်ဘဲ နည်းပညာသုံး၍ ပြန်လည်ပြုပြင်ပြီးသော ဆီချောကိုသာ စား၍ရနိုင်သော(Edible) အဆင့်သတ်မှတ်သည်။

ဝါစေ့ခွံများကို နွား၊ သိုး၊ ဆိတ် မွေးမြူရေးလုပ်ငန်းများတွင် အစာအဖြစ်နှင့် သဘာဝမြေဩဇာအတွက် ရောစပ်၍ ကုန်ကြမ်းအဖြစ် အသုံးပြုနိုင်သည်။ ဝါစေ့အဖတ်မှာ အာဟာရတန်ဖိုးကြွယ်ဝသည်။ အထူးသဖြင့် အသားဓာတ် မြင့်မားစွာပါဝင်သောကြောင့် နွား၊ ငါး တိရစ္ဆာန်အစာနှင့် သဘာဝမြေဩဇာတွင် တိုက်ရိုက်ကုန်ကြမ်းအဖြစ် အသုံးပြုနိုင်သည်။ တိရစ္ဆာန်အစာနှင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသုံးပြုနိုင်ခြင်းကြောင့် ဝါပင်မှထွက်ရှိလာသော အပွင့်၊ အဆန်တို့မှာလည်း အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းစေသည်။

**အခြားပစ္စည်းများ ထုတ်လုပ်နိုင်မှု**

ဝါစေ့ဆီတွင် ကျန်းမာရေးအတွက် ကောင်းကျိုးအများအပြားရှိသည်။ အနာကျက်မြန်စေသောကြောင့် ဒဏ်ရာများတွင် လိမ်းပေးနိုင်သည်။ နာကျင်ရောင်ရမ်းမှုကို သက်သာစေနိုင်သောကြောင့် ဝါစေ့ဆီကိုလိမ်းပေးခြင်းဖြင့် အဆစ်ရောင်ခြင်း၊ အဆစ်လွဲခြင်း၊ ခေါင်းကိုက်ခြင်း၊ အစာအိမ်အောင့်ခြင်းတို့အတွက်သုံးစွဲနိုင်ခြင်း၊ သွေးအတွင်း ကိုလက်စထရောကို လျှော့ချပေးနိုင်ခြင်း စသည့် ကျန်းမာရေးဆိုင်ရာ အကျိုးကျေးဇူးများရှိကြောင်း တွေ့ရှိရသည်။

ဝါစေ့ဆီကြမ်းကို ပိုးသတ်ဆေး၊ အဝတ်လျှော်ဆပ်ပြာ၊ အသားအရေထိန်းသိမ်းရန် သုံးစွဲရသည့် အလှကုန်ပစ္စည်းများ၊ ခေါင်းလျှော်ရည်နှင့် နေလောင်ခံခရင် စသည့်ထုတ်ကုန်ပစ္စည်းများတွင် သုံးစွဲကြသည်ကိုလည်းတွေ့ရသည်။ ဝါစေ့ကို ကြိတ်ခွဲရာမှထွက်ရှိလာသည့် လင်တာဂွမ်းကို ပလတ်စတစ်နှင့် ဖိုက်ဘာများ၊ စက္ကူအမျိုးမျိုးနှင့် အခြားဓာတုပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများတွင် ကုန်ကြမ်းအဖြစ် ဆက်လက်အသုံးပြုနိုင်သည်။

**လိုအပ်သည့်ချည်ထည်များ တိုးမြှင့်ထုတ်လုပ်**

မြန်မာနိုင်ငံအနေဖြင့် ဝါစိုက်ပျိုးရေး အောင်မြင်စေရန် အခြေအနေကောင်းများ ရှိနေသော်လည်း ပြည်ပမှ နှစ်စဉ် ချည်နှင့် ပိတ်ထည်များကို ပမာဏများစွာ တင်သွင်းနေရသည်။ ထို့ကြောင့် ဝါစိုက်ပျိုးရေးလုပ်ငန်းကို အောင်မြင်စွာဆောင်ရွက်ပြီး နိုင်ငံတကာအဆင့်မီချည်ထည်များ ထုတ်လုပ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။ ချည်ထည်များကို အထည်ချုပ်လုပ်ငန်းများ၌ဖြစ်စေ၊ ပြည်ပသို့ ပြန်လည်တင်ပို့ခြင်းဖြင့်ဖြစ်စေ ဆောင်ရွက်နိုင်မှသာ နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်ပြီး နိုင်ငံတော်အတွက် နိုင်ငံခြားငွေ လုံလောက်မှုရှိမည်ဖြစ်သည်။

အရည်အသွေးမြင့် ချည်မျှင်ရှည်ဝါမျိုးများကို တိုးချဲ့စိုက်ပျိုးခြင်းမှသည် အဆင့်မီအထည်လိပ်ထုတ်လုပ်ခြင်းထိ ဝါတန်ဖိုးကွင်းဆက်တစ်ခုလုံး တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ခြင်းသည် ကမ္ဘာ့ဝါကဏ္ဍတွင် မြန်မာနိုင်ငံ၏ရပ်တည်ချက်ကို ပိုမိုအားကောင်းစေမည်ဖြစ်သည်။ သွင်းကုန်မှီခိုမှု လျှော့ချရန်၊ ပြည်တွင်းအထည်လိပ်လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရန်နှင့် ဝါအထွက်နှုန်း အရည်အသွေးမြှင့်တင်ရန် နိုင်ငံတော်က အားပေးဆောင်ရွက်လျက်ရှိသည့်နည်းတူ ဝါစိုက်တောင်သူများကလည်း ရေရှည်တည်တံ့သော အလေ့အကျင့်များနှင့်နည်းပညာတိုးတက်မှုများကိုလက်ခံကျင့်သုံးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

**နိုင်ငံတော်က အားပေးမြှင့်တင်**

မြန်မာနိုင်ငံတွင် လက်ရှိစိုက်ပျိုးထားသည့် ဝါစိုက် ဧက ငါးသိန်းသည် တစ်ဧက ဝါအထွက်နှုန်း ပိဿာချိန် ၇၀၀ ရှိလျှင် ချည်ပိတ်ကိုက် ၁၃၇၀ ဒသမ ၆ သန်း ထွက်ရှိမည်ဖြစ်သည်။ ဝါစိုက်ပျိုးရေးကို အောင်မြင်စွာဆောင်ရွက်ခြင်းဖြင့် ဘက်ပေါင်းစုံမှ နိုင်ငံခြားငွေသုံးစွဲရမှုကို များစွာသက်သာနိုင်မည်ဖြစ်သည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ကုန်ထုတ်လုပ်မှုသည် အဓိကဖြစ်ရာ မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို မြှင့်တင်ရမည်ဖြစ်သည်။ ရှိပြီးသား စိုက်ပျိုးရေးထွက်ကုန်များကို ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံ့စီးပွားရေးအတွက် များစွာ အထောက်အကူပြုနိုင်မည်ဖြစ်သည်။ နိုင်ငံတော်အစိုးရက စိုက်ပျိုးထုတ်လုပ်သူများကို ကူညီဆောင်ရွက်ပေးလျက်ရှိရာ မိမိတို့လုပ်ငန်းများ ပိုမိုအောင်မြင်ရေးကို အားသွန်ခွန်စိုက် ကြိုးပမ်းကြရမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် နိုင်ငံအတွင်း ဝါစိုက်ပျိုးနိုင်သည့်ဒေသများတွင် အထွက်နှုန်းကောင်းပြီး အဆင့်မီချည်ထည်ထုတ်လုပ်နိုင်သည့် ချည်မျှင်ရှည်ဝါမျိုးများ စိုက်ပျိုးရေးကို အရင်းအနှီး၊ နည်းပညာ၊ သွင်းအားစုတို့ဖြင့် အဘက်ဘက်မှ ပံ့ပိုးကူညီအားပေးဆောင်ရွက်လျက်ရှိသည်။ သို့ဖြစ်ရာ နိုင်ငံ့စီးပွားရေးတိုးတက်ရန်နှင့် လူမှုစီးပွားဘဝများမြင့်မားလာစေရန် သဘာဝကပေးထားသည့်စိုက်ပျိုးရေးဆိုင်ရာ အခြေခံကောင်းများကို ထိရောက်စွာအသုံးချ၍ ဝါစိုက်ပျိုးမှုတိုးတက်စေရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သင့်ကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

# ညီုကီတို့ ရုပ်ရှင်ဇာတ်ကားကို ဇွန် ၁၂ ရက်မှစတင်ကာ နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်




**ရန်ကုန် ဇွန် ၈**

TMW Flim Production က ရိုက်ကူးထုတ်လုပ်သည့် ညီုကီတို့ ရုပ်ရှင်ဇာတ်ကားကို ဇွန် ၁၂ ရက်မှ စတင်ကာ နိုင်ငံတစ်ဝန်း အဆင့်မြင့် ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည် ဖြစ်ကြောင်း အဆိုပါ ညီုကီတို့ ရုပ်ရှင်ဇာတ်ကားကို တာဝန်ယူ ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ ဝင်းလွင်ထက်ထံမှ သိရသည်။

အဆိုပါ ညီုကီတို့ ရုပ်ရှင် ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို သက်ဦးမောင်က ရေးသားထားခြင်းဖြစ်ပြီး ဒါရိုက်တာ ဝင်းလွင်ထက်ကပင် TMW Flim Production အတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"ရုပ်ကွက်ထဲမှာ မြင်တွေ့နေကျ လူငယ် အချစ်ဟာသဇာတ်မြူး လေးပါ။ ပေါ့ပေါ့ပါးပါးလေး ရိုက်ကူးထားပါတယ်။ ရပ်ကွက်ထဲမှာ ဖိုက်တာညီုကြီးဆိုရင် ကလေးက အစ ခွေးအဆုံး အကုန်သိတဲ့ ကြံ့ရာကျပန်း ပွဲစားညီုကြီးအဖြစ် နေတိုးနဲ့ တစ်ပတ်မှာ သုံးရက် လောက်မောင်းပြီး လေးရက်က ဝပ်ရှော့မှာရပ်ထားရတဲ့ ကားအုံနာ ဒရိုင်ဘာဖိုးကီအဖြစ် မြင့်မြတ်တို့ရဲ့ တစ်ရပ်ကွက်လုံး ပွက်လောရိုက်စေမဲ့ အမိုက်စား အားပြိုင်မှုကြီးကို ဒီဇာတ်ကားမှာ မြင်ရမှာပါ။ ပေဖော်ပေဖက် သောက်ဖော်သောက်ဖက် ညီုကီတို့ ငယ်သူငယ်ချင်းနှစ်ယောက်က ဘယ်လိုကြောင့် ရန်သူတွေ ဖြစ်သွားသလဲ ဆိုတာတော့ ပိတ်ကားထက်မှာ စောင့်မျှော်ကြည့်ပေးကြပါ" ဟု ဒါရိုက်တာ ဝင်းလွင်ထက် ပြောပြသည်။

ညီုကီတို့ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် နေတိုး၊ မြင့်မြတ်၊ ခင်လှိုင်၊ ထူးအောင်၊ သိန်းလင်းစိုး၊ ကံကောင်း၊ စိုးမြတ်သူဇာ၊ ခင်ဝင့်ဝါ၊ မယ်လိုဒီ၊ ပက်စီစိုး၊ သင်းသဲဗို၊ ဝါဆိုမိုးဦး၊ အမ်ဆိုင်းလူ နှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# The Kellys အက်ရှင်ဇာတ်ကား၌ မင်းသမီး ကယ်ဆီအက်ဘီး ပါဝင်မည်ဖြစ်

**နယူးယောက် ဇွန် ၈**

Amazon MGM ရုပ်ရှင်ကုမ္ပဏီ၏ The Kellys အမည်ရှိ အက်ရှင် ဇာတ်ကားသစ်၌ မင်းသမီး ကယ်ဆီအက်ဘီး ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇွန် ၇ ရက် သတင်းများတွင် ဖော်ပြထားသည်။

The Kellys အက်ရှင်ဇာတ်ကားတွင် ကယ်ဆီအက်ဘီးသည် မင်းသား အာနော့ရှဝါဇင်နဂျာ၊ လီယမ်ဟမ်းစဝေါ့သ်တို့နှင့် အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

The Kellys ဇာတ်ကားကို ဒါရိုက်တာ ဘရက်ဒ်ပေတန်က တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်း ရေးဆရာ ကျိုချွန်းက တာဝန်ယူ ရေးသားပေးထားသည်။

The Kellys ဇာတ်ကားသည် အကြမ်းဖက်သမားများ၏ ဖမ်းဆီးမှုခံထားရသည့် ဇနီးဖြစ်သူကို ကယ်တင်ရန် ကြိုးစားခဲ့ရသော နယူးယောက် ရဲအရာရှိတစ်ဦး၏ အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

လက်ရှိတွင် The Kellys ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုကို စတင်နေပြီဖြစ်ကြောင်း သိရသည်။

The Kellys ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာထားခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# SEIN HTAY Film Production က ရိုက်ကူးထုတ်လုပ်မည့် နေဝင်ချိန်မှာ အလှဆုံးပြုံးထားမယ် ရုပ်ရှင်ဇာတ်ကား မီဒီယာမိတ်ဆက်ပွဲ ပြုလုပ်

**ရန်ကုန် ဇွန် ၈**

SEIN HTAY Film Production က ရိုက်ကူးထုတ်လုပ်မည့် နေဝင်ချိန်မှာ အလှဆုံးပြုံးထားမယ် ရုပ်ရှင်ဇာတ်ကား မီဒီယာမိတ်ဆက်ပွဲကို ဇွန် ၇ ရက်က ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် Clover Suites Hotel တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ နေဝင်ချိန်မှာ အလှဆုံးပြုံးထားမယ် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို မင်းဆက်သစ်က ရေးသားထားပြီး အင်ကြင်းဟန်က ဇာတ်ညွှန်းရေးသားပေးထားကာ ဒါရိုက်တာ မင်းဆက်သစ်က SEIN HTAY Film Production အတွက် တာဝန်ယူ ပုံဖော် ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

"နေဝင်ချိန်မှာ အလှဆုံးပြုံးထားမယ်ရုပ်ရှင်ဇာတ်ကားက အသက် ၈၀ ခန့် အမျိုးသမီးနှစ်ဦးရဲ့ ဘဝ နေဝင်ချိန် နေ့ရက်တွေကို ပင်ပန်းခက်ခဲစွာဖြတ်သန်းရပုံကို မြင်တွေ့ရမဲ့ ရုပ်ရှင်ဇာတ်ကားဖြစ်ပါတယ်။ မြန်မာ့ရုပ်ရှင်မှာ ရှားပါးလွန်းတဲ့ ရွှေရောင်အသက်အရွယ် အနုပညာရှင်တွေကို အဓိကထားပြီး ရိုက်ကူးပုံဖော်တင်ဆက်မှာ ဖြစ်ပါတယ်။



မြန်မာ့ရုပ်ရှင်မှာ တွေ့မြင်နေကျ ဇာတ်လမ်းတွေနဲ့မတူဘဲ တမူထူးခြားစွာ သက်ကြီးဝါရင့်မင်းသမီးကြီးနှစ်ဦး ခေါင်းဆောင်အဖြစ် သရုပ်ဆောင်ပြီး နိုင်ငံကျော် သရုပ်ဆောင်များက ဝိုင်းဝန်းပံ့ပိုးကြမဲ့ ရုပ်ရှင်ဇာတ်ကားတစ်ကား ဖြစ်တာကြောင့် ကွဲထွက်နေတဲ့ ရုပ်ရှင်ကားတစ်ကား ဖြစ်လာမှာပါ"ဟု ဒါရိုက်တာ မင်းဆက်သစ်က ပြောပြသည်။

အဆိုပါ နေဝင်ချိန်မှာ အလှဆုံးပြုံးထားမယ် ရုပ်ရှင်ဇာတ်ကားတွင် ချိုပြုံးနှင့် မြင့်မြင့်ခိုင်တို့က ဦးဆောင်ပါဝင်ကာ အခြားအနုပညာရှင်များစွာ ပါဝင်အားဖြည့် သရုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Serpent စိတ္တဇလျှို့ဝှက်သည်းဖိုဇာတ်ကား၌ မင်းသမီး အန်နာကမ့် ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် ဇွန် ၈**

Serpent အမည်ရှိ စိတ္တဇ လျှို့ဝှက်သည်းဖို ဇာတ်ကား၌ မင်းသမီး အန်နာကမ့် ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း ဇွန် ၇ ရက် သတင်းများတွင် ဖော်ပြထားသည်။

Serpent ဇာတ်ကားသည် စာရေးဆရာ ဝါရန်းအက်ဒလာ၏ The Serpent's Bite ဝတ္ထုကို အခြေခံရိုက်ကူးမည်ဖြစ်သည်။

အဆိုပါဇာတ်ကားသည် ကွဲကွာနေသော ဖခင်ဖြစ်သူ၊ အစ်ကိုဖြစ်သူတို့နှင့်အတူ တောင်တက်ခရီးစဉ်တစ်ခုတွင် ဆုံတွေ့ရန် သဘောတူခဲ့သော ရုပ်ရှင်မင်းသမီးတစ်ဦး၏ အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Serpent ဇာတ်ကားကို ဒါရိုက်တာ သောမက်မားချက်က တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ချက်ဆပ်ဖလားဝါးက ရေးသားပေးထားသည်။

ဒါရိုက်တာ သောမက်မားချက်နှင့် မင်းသမီး အန်နာကမ့်တို့သည် From Black(2025) ထိတ်လန့်သည်းဖိုဇာတ်ကား၌ အတူလက်တွဲ ဆောင်ရွက်ခဲ့ဖူးသူများ ဖြစ်ကြသည်။

Serpent ဇာတ်ကား စတင်ရိုက်ကူးမည့် ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို ထုတ်လုပ်သူများက ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်များ၏ သားသမီးများအတွက် ပညာသင်ထောက်ပံ့ပွဲအတွက် အလှူငွေများ လာရောက်လှူဒါန်းလျက်ရှိ

**ရန်ကုန် ဇွန် ၈**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်များ၏ သားသမီးများကို ပညာသင်စရိတ်၊ စာရေးကိရိယာ၊ ကျောင်းဝတ်စုံများ ထောက်ပံ့လှူဒါန်းပွဲအတွက် ရုပ်ရှင်အနုပညာရှင်များက မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသို့ အလှူငွေများ လာရောက် ထည့်ဝင်လှူဒါန်းလျက်ရှိကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးထံမှ သိရသည်။

အဆိုပါ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်များ၏ သားသမီးများကို ပညာသင်စရိတ်၊ စာရေးကိရိယာ၊ ကျောင်းဝတ်စုံများ ထောက်ပံ့လှူဒါန်းပွဲအခမ်းအနားကို လာမည့် ဇူလိုင်လတွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်များ၏ သားသမီးများကို ပညာသင်စရိတ်၊ စာရေးကိရိယာ၊ ကျောင်းဝတ်စုံများ ထောက်ပံ့လှူဒါန်းပွဲအတွက် ဇွန် ၆ ရက်မှာ သရုပ်ဆောင် လှမျိုးသဉ္ဇာနွယ်က အလှူငွေကျပ် ငါးသိန်း၊ သရုပ်ဆောင် ညီနန္ဒက အလှူငွေကျပ် သုံးသိန်း၊ သရုပ်ဆောင် အလင်းရောင်က အလှူငွေကျပ် ၁၁ သိန်း လှူဒါန်းထားပါတယ်" ဟု ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

ပြီးခဲ့သည့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်မှာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်များ၏ သားသမီးဦးရေ ၁၃၀ တို့ကို တစ်ဦးလျှင် ငွေကျပ်သုံးသောင်း၊ ကျောင်းဝတ်စုံ၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်၊ ထီး၊ အသင့်စား ခေါက်ဆွဲခြောက်များကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ASH

# 2026 China Film Week marks 76th Anniversary of the establishment of the diplomatic relations between China and Myanmar; President of the Republic of the Union of Myanmar U Min Aung Hlaing and wife Daw Kyu Kyu Hla attend



**President U Min Aung Hlaing addresses the opening of 2026 China Film Week to mark the 76th Anniversary of the establishment of the diplomatic relations between China and Myanmar.**



**President U Min Aung Hlaing puts on his signature in commemoration of launching the 2026 China Film Week.**



**Daw Kyu Kyu Hla puts on her signature in commemoration of launching the 2026 China Film Week.**

**Nay Pyi Taw June 8**

To mark the 76th Anniversary of the establishment of the diplomatic relations between China and Myanmar, the "2026 China Film Week"was opened at J Cineplex of Ottarathiri Department Store in Nay Pyi Taw yesterday afternoon, attended by President of the Republic of the Union of Myanmar U Min Aung Hlaing and wife Daw Kyu Kyu Hla.

Also present at the ceremony were Vice President Daw Nan Ni Ni Aye, Pyithu Hluttaw Speaker U Khin Yi and wife, Amyotha Hluttaw Speaker U Aung Lin Dwe and wife, Commander-in-Chief of Defence Services General Ye Win Oo and wife, Ambassador of China to Myanmar H.E. Ms. Ma Jia, Union ministers and their wives, the Nay Pyi Taw Council Chairman, senior military officers from the Office of the Commander-in-Chief, deputy ministers, invested guests, departmental personnel, media personnel and officials.

On their arrival at the venue of ceremony, the President, wife and party were warmly welcomed by Ambassador of China to Myanmar H.E. Ms. Ma Jia and officials.

The President, wife and the Chinese Ambassador put on their signatures in commemoration of the launching the 2026 China Film Week. Attendees also signed there respectively.

The President, wife, the Chinese Ambassador and attendees posed for documentary photos to mark the opening of the festival.

The President replied to the questions raied by reporter from China Media Group-CMG Ms. Zhang Xiaoning. The full text of the answer is as follow:

In connection with the Global Civilization Initiative adopted by President Xi Jinping, film festivals of this kind are held in Myanmar. This helps to foster closer familiarity between the Myanmar people and China's culture, arts, and aesthetic traditions. It will greatly contribute to strengthening the longstanding "Pauk-Phaw" (fraternal) relations between the peoples of Myanmar and China.

Furthermore, film encompasses the full range of filmmaking techniques as well as acting skills. By watching films produced in China, one can better appreciate Chinese cinematic craftsmanship and acting performances. This, in turn, can help further enhance cooperation between Myanmar and China in the fields of film and the fine arts. It can also significantly contribute to strengthening the "Pauk-Phaw" (fraternal) friendship between the two countries.

The BRI is a globally supportive initiative. Within it, there is a China-Myanmar Economic Corridor, which is also a component that emerged from the BRI. These frameworks provide significant support when implemented through cooperation, and there are already tangible benefits being experienced.

In addition, it greatly contributes to the previously mentioned "Pauk-Phaw" (fraternal) relations. There is cooperation across multiple sectors.

*See Page 13*




**President U Min Aung Hlaing answers the questions raised by reporter from China Media Group-CMG Ms. Zhang Xiaoning.**

# Delegation led by Minister of Foreign Affairs of Indonesia pays a courtesy call on President of the Republic of Union of Myanmar U Min Aung Hlaing



**President U Min Aung Hlaing receives the delegation led by Minister of Foreign Affairs of Indonesia H.E. Mr. Sugiono.**

**Nay Pyi Taw June 8**

A delegation led by Minister of Foreign Affairs of Indonesia H.E. Mr. Sugiono paid a courtesy call on President of the Republic of Union of Myanmar U Min Aung Hlaing at the Presidential Parlour in Nay Pyi Taw this afternoon.

Also present at the call together with the President were Union Minister at the President's Office U Khin Maung Yi, Union Minister for Foreign Affairs U Tin Maung Swe, Vice Chairman of the National Solidarity and Peace-making Working Committee Lt-Gen Yar Pyae and officials. The Indonesian Foreign Minister was accompanied by H.E. Mr. Santo Darmosumarto, Director General of Asia, Pacific, and Africa at the Ministry of Foreign Affairs of Indonesia, and officials and officials of the Indonesian Embassy in Myanmar.

At the call, both sides recounted the cordial relations between the governments and leaders of the two good old friends, Myanmar and Indonesia, starting from the time of independence struggles. They also discussed Indonesia's appreciation of the challenges and hardships Myanmar is facing at present and its full confidence in the elected government led by President U Min Aung Hlaing that it will bring rapid progress and peace to Myanmar. Both sides highlighted the point that Indonesia always regards Myanmar as part of ASEAN and as a friend andthat it will provide necessary support to Myanmar to become a successful and peaceful country. The two sides also agreed that Myanmar is making efforts to the most possible degree in realizing the ASEAN Five-Point Consensus and to cooperate with the ASEAN community. Then they cordially exchanged views on the continued endeavours to cement the restrengthening Myanmar-ASEAN relations, further promotion of the existing friendly relations. They also discussed the global countries' adoption of a democratic system based on their own characteristics, believes, religions, and cultural values, although it is the best system in the world, the efforts of the government to stand as the one that guarantees benefits for the country, the ongoing task of the Myanmar government to become time-tested organization that is able to turn Myanmar into a peaceful, stable and developed country and promotion of diplomatic relations, friendship and cooperation between the two countries.

After the call, the President and the Indonesian Foreign Minister posed for documentary photos.

MNA

*From Page 12*

Furthermore, there are many areas of collaboration in trade and investment, science and technology, tourism, and various other fields—there is still a great deal to be done. These are areas that will bring significant benefits to our country.

Therefore, we would also like to express our desire to further expand cooperation in all these sectors. As I mentioned earlier, we are marking the 76th anniversary of the establishment of diplomatic relations; although diplomatic relations span 76 years, the relations between the two countries actually date back hundreds and even thousands of years. That is why this relationship is referred to as the "Pauk-Phaw" (fraternal) relationship.

In 2011, the relationship was upgraded to a Comprehensive Strategic Cooperative Partnership. Later, following President Xi Jinping's 2020 visit, an agreement was reached to further build a "community with a shared future, sharing weal and woe".

"Sharing weal and woe" means working together so that both sides enjoy mutual benefits equally. If Myanmar experiences development, stability, peace, or any gains, China also benefits from them. Likewise, when China achieves development and progress, Myanmar also benefits from those achievements. This is what is meant by "sharing weal and woe". Efforts will be made to further expand and deepen this concept. Since our government took office, we have also been working with the objective of making Myanmar-China relations under the principle of "sharing weal and woe" as effective and beneficial as possible.

The opening of the festival followed. On the occasion, the President delivered an opening speech, saying that at the opening ceremony of the "2026 China Film Week Programme," the President stated in his opening remarks that the film week being held today is not merely for entertainment purposes, but also serves as a cultural bridge that helps unite the hearts of the people, bring their emotions closer together, and sustain the long-standing "Pauk-Phaw" (fraternal) friendship for generations to come.

Since the establishment of diplomatic relations between Myanmar and China on 8 June 1950, successive exchanges of goodwill visits by leaders of both countries have gradually strengthened bilateral relations. Among notable visits, former Chairman of the Burma Socialist Programme Party, U Ne Win, made 12 goodwill visits to the People's Republic of China. Similarly, Chinese Premier Zhou Enlai made nine goodwill visits to Myanmar.

In recent years, it is a matter of great satisfaction that high-level reciprocal visits and meetings between the two countries have increased significantly, and these visits have helped to promote cooperation across various sectors. During the visit of President Xi Jinping of the People's Republic of China to Myanmar in 2020, the "Myanmar-China Community with a Shared Future" was successfully established. This achievement has marked a new milestone in the history of bilateral relations between the two countries.

He also had the opportunity to meet and hold discussions with President Xi Jinping of China during my attendance at the 80thAnniversary of the Great Patriotic War Victory held in Moscow, Russia in May 2025. In addition, during my attendance at the Shanghai Cooperation Organization (SCO) Plus Summit held in Tianjin, China from 30 August to 1 September 2025, as well as the commemorative events marking the 80th anniversary of the victory in the Chinese People's War of Resistance Against Japanese Aggression and the World Anti-Fascist War held in Beijing on 3 September, heseparately met with Chinese President Xi Jinping and Vice President Han Zheng. They exchanged views and discussed matters related to strengthening bilateral relations and promoting cooperation.

He stated that the "Pauk-Phaw" friendly relations between the two countries reached its diamond jubilee anniversary last year in 2025 and continues to thrive and develop, that Myanmar-China diplomatic relations have reached their 76th anniversary today, June 8, 2026, and that within the 76-year period of diplomatic relations, it will be found hearteningly that relations between the governments, peoples, and various strata of both countries have continuously developed.

Also, he stated that the Five Principles of Peaceful Coexistence were successfully formulated between Myanmar and China in 1954, that these Five Principles have become a model in the field of contemporary international relations, and that Myanmar had also fully supported and strived for the People's Republic of China to become a member state of the United Nations in 1971. He further expressed that Myanmar firmly practices the "One China Policy" as a fundamental policy in the field of international relations, that it will continue to practice the "One China Policy" to further strengthen the partnership between the two countries and to contribute to regional stability and peace moving forward, and that he would like to take this opportunity to reaffirm that Myanmar will cooperate closely with China to deepen multi-sectoral cooperation for the common interest of the peoples of both countries.

He then stated that China's dispatch of search and rescue teams on the day after the major Mandalay earthquake hit on March 28, 2025, reflects the firm and steadfast friendship shared between the peoples of our two countries in a community of shared future, and he would like to reiterate his heartfelt gratitude on behalf of the Myanmar people to the Chinese government and the search and rescue teams that provided rescue operations at the most critical time.

He also stated that China, acting as a true good friend, provided 1.1 billion Chinese Yuan worth of emergency humanitarian assistance to Myanmar to support rehabilitation efforts, and that since it was the very first foreign aid received during the most difficult time, China's timely support and assistance provided great strength to our government and the disaster-affected people.

Furthermore, he stated that the People's Republic of China continuously provides assistance to Myanmar in key social development sectors such as education, healthcare, social affairs, and rural development, and he would like to express great gratitude on behalf of

*See Page 14*

*From Page 13*

Myanmar citizens to the Chinese government and people, who act as good neighbors and good friends, for their mutual assistance that reflects true "Pauk-Phaw" relations.

Then, he stated that on this occasion of the 76th anniversary of diplomatic relations between the two countries, he would like to express that they will continue to make efforts for the sustainable common interest of the peoples of our two countries, for stable regional development, and to accelerate the building and development of a Myanmar-China community of shared future.

He further expressed that Myanmar and China are not only connected by land and water but also share deeply profound similarities in culture and faith, that we have become close at heart based on Buddhist culture, and that the multiple sacred tooth relic invitations from Lingguang Temple in Beijing, China, to Myanmar for public veneration are historical examples that have united the faith and spirit of the peoples of both countries.

From the perspective of tangible cultural heritage, the joint restoration of the World Heritage Site "Thatbyinnyu Pagoda" in Bagan—damaged by the 2016 earthquake—through Chinese technology and funding reflects the shared commitment of both countries to preserving cultural heritage.

In the realm of intangible cultural heritage, Myanmar–China friendship has long been nurtured through the arts—dating back to the Pyu Music and Art Diplomacy Mission's visit to China in 802 AD.

Long before the rise of film, the two nations forged connections through literature and music. Profound Chinese classics, traditional military strategies, and timeless truths were translated and embraced within the Burmese literary world—a tradition that continues today. This rich foundation of shared literature, music, and the arts has paved the way for deeper collaboration in the film industry in modern times.

Building on the friendship between the two nations, the Ministry of Information of Myanmar and China's Yunnan Film and Television Corporation jointly produced the series "The Legend of Music" in 2013. The production was warmly received by audiences in both countries. Through the art of filmmaking, cultural cooperation has flourished, further deepening the bonds of friendship between Myanmar and China.

As part of film industry cooperation between the two countries, the Chinese Embassy in Myanmar has assisted in converting the classic Myanmar film "Nga Ba" and other Myanmar films into Digital Cinema Package (DCP) format, enabling their long-term preservation and future use.

Likewise, Myanmar films have been submitted and screened at film festivals held in the People's Republic of China, with Myanmar filmmakers, representatives, and artists participating in these events. In addition, the two countries are currently translating and exchanging television drama series for broadcast in each other's countries, further strengthening cultural and artistic cooperation.

The outstanding Chinese films being showcased during this Film Festival Week will provide the people of Myanmar with a deeper understanding of China's contemporary way of life, development, culture, and spiritual values. For many years, Chinese television dramas have brought enjoyment and inspiration to audiences in Myanmar. Through the shared emotions and experiences conveyed by these films and television series, the people of both countries will further strengthen genuine bonds, mutual understanding, and lasting friendship.

I would like to express my sincere gratitude to the Chinese Ambassador to Myanmar and the Chinese diplomats who organized this film festival, as well as to the officials of the Ministry of Information and the responsible personnel from various departments who provided invaluable support and assistance from all aspects to ensure the successful realization of this event.

Activities such as today's film festival play an important role in strengthening people-to-people relations between Myanmar and China. I firmly believe that, through the power of art and the close connection of the hearts and minds of the peoples of both countries, the historic Pauk-Phaw friendship and kinship between Myanmar and China will continue to endure and flourish for generations to come.

"On the occasion of the 76th anniversary of the establishment of Myanmar-China diplomatic relations, which is replete with all auspiciousness, the "2026 China Film Week" held today as a commemoration, serves to enhance and promote multifaceted cooperation between the two countries, wishing for the eternal and enduring longevity of Myanmar-China friendship, the continued peaceful prosperity and development of the People's Republic of China, and good health, happiness, and joy for all the distinguished guests present today and the peoples of both nations."

Following that, the Chinese Ambassador to Myanmar spoke regarding the film exhibition, stating that the special selection of today to hold the opening ceremony of the 2026 Chinese Film Exhibition Week is to use the power of cinematic light and shadow to jointly salute and honor the China-Myanmar relations that have become stronger over the past 76 years by sharing weal and woe and overcoming difficulties together, and also to pass on the kinship and friendship of mutual care and sharing of hardships and joys for 76 consecutive years. She noted that although Myanmar has a different social system, it was the first country to recognize the new China, and China has consistently supported Myanmar's national peace, reconciliation, and stability. The Five Principles of Peaceful Coexistence, jointly proposed by China and Myanmar, have become the basic norms of international relations.

The Ambassador continued that cinema is an art form that can overcome language and cultural barriers. She recalled that during China's National Day in 1960, a "Myanmar Culture Week" was held in Beijing, and during Myanmar's Independence Day in 1961, a "China Film Week" was held in Yangon. Since that time, the two countries have engaged in extensive cooperation and exchanges in the film sector, playing an active role in enhancing mutual understanding and friendship between the peoples of both nations.

She expressed hope that through this "China Film Week," Myanmar audiences would be able to understand a natural and comprehensive picture of China, and extended an invitation to them to personally visit and explore China. She stated that such interactions would further deepen China-Myanmar kinship friendship, promoting deeper cooperation and mutual benefits, leading to successful outcomes. She also extended special thanks to the President and his wife, and all the members, for gracing this ceremony.

Subsequently, the President and his wife, along with the ceremony attendees, paid respects to the flag of the Republic of the Union of Myanmar. Then, the President and his wife, along with the ceremony attendees, watched a video related to the 2026 China Film Week marking the 76th Anniversary of the establishment of the diplomatic relations between China and Myanmar and the film 'Lighting Up the Stars'.

After the ceremony, the President warmly greeted the Chinese Ambassador to Myanmar and other attendees.

MNA

# 32 killed, buildings damaged, schools suspended after strong quake in S. Philippines

**Manila June 8**

At least 32 people were killed, numerous building damaged, and schools and flights were suspended after a magnitude 7.8 earthquake struck Sarangani province in the southern Philippines on Monday morning, according to local authorities. Multiple countries had issued tsunami warnings, which were later lifted.

Junie Castillo, spokesperson for the Philippines' Office of Civil Defense, said 10 victims were reported in South Cotabato's General Santos, a port city with a population of over 700,000, and at least 12 people remain missing so far. The deaths were caused by falling debris, building collapse and landslides. The Philippine National Police earlier said that no fewer than 134 people were injured.

A two-storey school building in General Santos collapsed with students trapped inside, and authorities said they are verifying details of the incident. Online videos show university and restaurant buildings collapsed in disaster-hit areas. Some commercial facilities sustained structural damage, with signs falling and window panes shattered. Local residents rushed outdoors to seek safety.

The powerful earthquake hit shortly after schools across the Philippines started reopening following the summer break. Surveillance footage from several schools captured violent shaking during the quake. Teachers and students either evacuated urgently or took shelter under desks. The country's Department of Education said affected schools, with more than 5,800, have been ordered to suspend classes to guarantee student safety.

Xinhua



**This photo taken on June 8, 2026 shows a damaged building after a 7.8 magnitude earthquake, in General Santos City, the Philippines.**

# Trump urges Iran to halt missile launches, says to call Israeli PM not to retaliate

**Washington June 8**

U.S. President Donald Trump on Sunday urged Iran to stop launching missiles at Israel and return to negotiations after Tehran fired a fresh barrage of ballistic missiles.

"What I would suggest to Iran: You've shot your missiles, that's enough," Trump told Fox News. "Get back to the table and make a deal."

Trump also claimed that Washington and Tehran had been close to reaching an agreement before Iran launched the missiles earlier in the day.

"We're very close. I would say an agreement would be signed on Monday, Tuesday or Wednesday of this coming week. And now this takes place," he said.

"It's certainly not going to help negotiations," Trump said.

In another interview with U.S. media outlet Axios, Trump said he will call Israeli Prime Minister Benjamin Netanyahu and press him not to retaliate for Iran's missile attack.

"I am going to call Bibi right now and tell him not to retaliate. Each of them had their fun. Israel had its strike, and Iran had its strike. We don't need another one," Trump said.

Xinhua

# Delegation led by Vice President U Nyo Saw arrives back from Russian Federation to Yangon



**Nay Pyi Taw June 8**

The Myanmar delegation led by Vice President U Nyo Saw that attended the 29th St. Petersburg International Economic Forum-"SPIEF 2026 held in St. Petersburg, the Russian Federation, left St. Petersburg for Yangon at 7 pm local time on 7 June.

The delegation led by the Vice President was seen off at Pulkovo International Airport in St. Petersburg by Myanmar Consul General U Aung Pe Thet and officials from the St. Petersburg Foreign Relations Committee and Roscongress Investments Fund.

The Vice President and delegation arrived back in Yangon on 8 June evening and they were welcomed back at Yangon International Airport by the commander of Yangon Command, Yangon Region ministers, and officials from the Embassy of the Russian Federation in Myanmar.

MNA

**Vice President U Nyo Saw being welcomed back by officials at the airport.**

# Three illegally constructed three-story residential buildings used to commit online fraud and gambling in Shwe Kokko area systematically demolished again, bringing total number of illegal structures destroyed to 45

**Nay Pyi Taw June 8**

Joint departmental task forces have been carrying out the complete demolition of illegal buildings and the systematic destruction of equipment used in operations in areas of Shwe Kokko and KK Park in Myawady Township, Kayin State, where online fraud and gambling operations had been based. Today, it is reported that three illegal three-story residential buildings in the Shwe Kokko area were further demolished in a systematic manner.

It is learned that among the 77 buildings in the Shwe Kokko area that were used to commit online fraud and gambling, they have been categorized by building type—57 buildings to be demolished using vehicles and machinery, and 20 buildings to be destroyed by blasting—and are being systematically demolished.

Today, of the 57 buildings designated for demolition by vehicles and machinery, three three-story residential buildings were further demolished systematically using vehicles and machinery. To date, a total of 45 buildings have been systematically demolished, and the remaining 32 illegal buildings will continue to be systematically destroyed.

The Government is actively undertaking online fraud and gambling suppression measures as a national duty, coordinating and collaborating not only with domestic forces but also with neighboring countries to ensure that such operations cannot establish a foothold in Myanmar at all.

100

**Before demolition.**



**After demolition.**



**Demolition of illegal buildings used to operate illegal online gambling businesses in the Shwe Kokko area, Myawady District, Kayin State.**

**Before demolition.**



**After demolition.**



**A building destroyed by machinery that were used to operate illegal online gambling businesses in the Shwe Kokko area, Myawady District, Kayin State**


## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တရုတ်-မြန်မာနှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးထူထောင်ခြင်း ၇၆ နှစ်မြောက်အထိမ်းအမှတ် “၂၀၂၆ ခုနှစ် တရုတ်ရုပ်ရှင်ပြပွဲရက်သတ္တပတ်အစီအစဉ်” ဆိုင်ရာ ဗီဒီယိုနှင့် မေတ္တာစမ်းရေ(Lighting Up the Stars) ရုပ်ရှင်ကို ကြည့်ရှုစဉ်။

**ယနေ့ရုပ်ရှင်ပြပွဲအစီအစဉ်ကဲ့သို့ ဆောင်ရွက်မှုများသည် မြန်မာ-တရုတ် နှစ်နိုင်ငံ ပြည်သူချင်းဆက်ဆံရေးကိုမြှင့်တင်ရာတွင် အရေးကြီးသည့်အခန်းကဏ္ဍက ပါဝင်နေ၊ အနုပညာ၏အစွမ်းနှင့် နှစ်နိုင်ငံပြည်သူများ၏ စိတ်နှလုံးချင်းပေါင်းစည်းပြီး သမိုင်းဝင် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုသည် မျိုးဆက်သစ်များအထိတိုင်အောင် အစွန့်ရှည် တည်တံ့ခိုင်မြဲနေမည်ဖြစ်ကြောင်းကိုလည်း ယုံကြည် . . .**

ရှေ့ဖုံးမှအဆက်

ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့်ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးနှင့်ဇနီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H. E. Ms. Ma Jia၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ သတင်းမီဒီယာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပပြုလုပ်မည့်နေရာသို့ရောက်ရှိကြရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Ms. Ma Jia နှင့် တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးတို့သည် ၂၀၂၆ တရုတ်ရုပ်ရှင်သီတင်းပတ် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် အမှတ်တရလက်မှတ်ရေးထိုးကြသည်။ ယင်းနောက် တက်ရောက်လာကြသူများက အမှတ်တရလက်မှတ်များ အသီးသီးဆက်လက်ရေးထိုးကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၆ တရုတ်ရုပ်ရှင်သီတင်းပတ် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် China Media Group–CMG မှ သတင်းထောက်ဖြစ်သူ Ms.Zhang Xiaoning ၏ သိရှိလိုသည့်မေးမြန်းမှုများနှင့်ပတ်သက်၍ လက်ခံဖြေကြားခဲ့ပြီး မေးမြန်းဖြေကြားမှုအပြည့်အစုံကို ယခုလိုပဲဖော်ပြလိုက်ရပါတယ်–

နိုင်ငံတော်သမ္မတက “သမ္မတကြီး ရှီကျင့်ဖျင်ရဲ့ ကမ္ဘာလုံးဆိုင်ရာ ယဉ်ကျေးမှုအစီအမံနဲ့ဆက်စပ်ပြီးတော့ ဒီလိုရုပ်ရှင်ပွဲတော်တွေကို မြန်မာနိုင်ငံမှာလာလုပ်တာပါ။ ဒါကတော့ တရုတ်နိုင်ငံရဲ့ယဉ်ကျေးမှု၊ အနုပညာ၊ အနုသုခုမကိစ္စရပ်တွေကို မြန်မာပြည်သူတွေနဲ့ရင်းနှီးမှုကို ဖြစ်စေပါတယ်။ မြန်မာပြည်သူတွေနဲ့ တရုတ်နိုင်ငံနဲ့ ရှိရင်းစွဲဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကိုအများကြီးအထောက်အကူရမှာဖြစ်ပါတယ်။

နောက်တစ်ခုက ရုပ်ရှင်ဆိုတာ သရုပ်ဆောင်တွေရဲ့ သရုပ်ဆောင်ပညာနဲ့ ရုပ်ရှင်အတတ်ပညာအကုန်လုံးပါတယ်။ တရုတ်နိုင်ငံကထုတ်လုပ်တဲ့ ရုပ်ရှင်ကားတွေကို ကြည့်ခြင်းအားဖြင့် တရုတ်နိုင်ငံရဲ့ ရုပ်ရှင်အတတ်ပညာနဲ့ သရုပ်ဆောင်တွေရဲ့ သရုပ်ဆောင်မှုတွေကိုခန့်မှန်းပြီးတော့ မြန်မာနဲ့တရုတ်ရဲ့ ရုပ်ရှင်ပိုင်းဆိုင်ရာ၊ အနုပညာပိုင်းဆိုင်ရာပူးပေါင်းဆောင်ရွက်မှုတွေ ပိုပြီးမြှင့်တင်ဆောင်ရွက်နိုင်မယ်။ အဲဒါဆိုရင် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးကိုလဲ များစွာအထောက်အကူပြုတယ်လို့ ပြောချင်ပါတယ်။

BRI ကတော့ ကမ္ဘာလုံးဆိုင်ရာ အထောက်အကူပြုနေတဲ့ စီမံချက်တစ်ခုပါ။ အဲဒီမှာ တရုတ်–မြန်မာ စီးပွားရေးစင်္ကြံတစ်ခုရှိတယ်၊ အဲဒီစင်္ကြံကလဲ BRI ကနေပေါ်ပေါက်လာတဲ့ အစိတ်အပိုင်းတစ်ခုပါ။ ဒါတွေက ပူးပေါင်းဆောင်ရွက်တဲ့အခါများစွာအထောက်အကူပြုတယ်။ လက်တွေ့အကျိုးခံစားနေရတာတွေလဲရှိပါတယ်။

နောက်တစ်ခုက ခုနက စပြောခဲ့တဲ့ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးအခြေအနေအပေါ်မှာလဲ အများကြီးအထောက်အကူပြုတယ်။ ကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်မှုတွေရှိပါတယ်။ နောက်ထပ်လဲ ကူးသန်းရောင်းဝယ်မှုဆိုင်ရာ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်တွေ၊ သိပ္ပံနဲ့ နည်းပညာနယ်ပယ်တွေ၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတွေ၊ ကဏ္ဍတွေအများရှိတယ်၊ လုပ်စရာတွေအများကြီးရှိတယ်။ ကျွန်တော်တို့နိုင်ငံအတွက်အများကြီးအထောက်အကူရမယ့်ဟာတွေ တွေ့ရတယ်။

ဒါကြောင့် ကျွန်တော်တို့အနေနဲ့လဲ ဒီကဏ္ဍတွေအားလုံးကို တိုးချဲ့ဆောင်ရွက်သွားဖို့ဆန္ဒရှိကြောင်း ပြောလိုပါတယ်။ စောစောက ကျွန်တော်ပြောသလို ကျွန်တော်တို့စတင်ပြီး သံတမန်ဆက်ဆံမှု ၇၆ နှစ်ပြည့်၊ သံတမန်ဆက်ဆံမှုက ၇၆ နှစ် ပြောပေမယ့် နှစ်နိုင်ငံ ဆက်ဆံမှုကတော့ နှစ်ပေါင်းရာနဲ့ထောင်နဲ့ချီရှိခဲ့ပြီ။ ဒါကြောင့် ဒီဆက်ဆံရေးကို ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးရှိတယ်လို့ ပြောတာပါ။

အဲဒီကနေ ၂၀၁၁ ခုနှစ်မှာ မဟာဗျူဟာမိတ်ဖက်ဆက်ဆံရေးနိုင်ငံအဖြစ် ပြောင်းလဲခဲ့တာပါ။ အခုတစ်ခါထပ်ပြီး သမ္မတ ရှီကျင့်ဖျင် ၂၀၂၀ ခရီးစဉ်ကစပြီး အေးအတူ ပူအမျှ အသိုက်အဝန်းတည်ဆောက်ဖို့ဆိုပြီး သဘောတူထားခဲ့တာရှိတယ်။

အေးအတူ ပူအမျှဆိုတာက တစ်ယောက်နဲ့တစ်ယောက် အတူတကွ တူညီတဲ့ အကျိုးခံစားမှုရှိအောင်လုပ်ကြတာပါ။ မြန်မာနိုင်ငံမှာဖွံ့ဖြိုးတိုးတက်မှု ဒါမှမဟုတ်တည်ငြိမ်အေးချမ်းမှု ဒါမှမဟုတ် မြန်မာနိုင်ငံရဲ့ အသီးအပွင့်တွေရှိလာရင် တရုတ်နိုင်ငံက ဒီဟာကို ခံစားရတယ်။ ဒီလိုပဲ တရုတ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှု၊ တရုတ်နိုင်ငံရဲ့ ဦးဆောင်မှုတွေရှိလာတဲ့အခါ မြန်မာနိုင်ငံက အဲဒီအကျိုးကို ခံစားရတာပါ။ အဲဒါက အေးအတူ ပူအမျှပဲ။ ဒါကို ကျယ်ကျယ်ပြန့်ပြန့်ဖြစ်အောင် ဆောင်ရွက်ဖို့ ရှိပါတယ်။ ကျွန်တော်တို့ အစိုးရတက်လာတဲ့အချိန်မှာ ကျွန်တော်တို့အစိုးရကလဲ တရုတ်–မြန်မာဆက်ဆံရေးမှာ အေးအတူ ပူအမျှရှိတဲ့အခြေအနေကို အကောင်းဆုံးဖြစ်အောင် ကြိုးစားဆောင်ရွက်သွားမယ်လို့ ရည်မှန်းပြီး ဆောင်ရွက်နေပါတယ်”ဟု ပြောကြားသည်။

ယင်းနောက် တရုတ်–မြန်မာ နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးထူထောင်ခြင်း ၇၆ နှစ်မြောက်အထိမ်းအမှတ် “၂၀၂၆ ခုနှစ် တရုတ်ရုပ်ရှင်ပြပွဲ ရက်သတ္တပတ်အစီအစဉ်” ဖွင့်ပွဲအခမ်းအနားကိုစတင်ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ကျင်းပသည့် ရုပ်ရှင်ပြပွဲရက်သတ္တပတ် အစီအစဉ်သည် ဖျော်ဖြေမှုသက်သက်သာမကဘဲ ပြည်သူများ၏စိတ် နှလုံးချင်းပေါင်းစည်းရန်၊ ခံစားမှုရသချင်း နီးစပ်ရန်နှင့် ရှေးယခင်ကတည်းကတည်ရှိခဲ့သည့် **“ဆွေမျိုးပေါက်ဖော်”** ချစ်ကြည်ရင်းနှီးမှုကိုအစွန့်ရှည်တည်တံ့ရန် ချိတ်ဆက်ပံ့ပိုးပေးမည့် ယဉ်ကျေးမှုပေါင်းကူးတံတားတစ်စင်းလည်းဖြစ်ကြောင်း။

မြန်မာ–တရုတ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထူထောင်ခဲ့သည့် ၁၉၅၀ ပြည့်နှစ် ဇွန် ၈ ရက်မှစတင်ပြီး ခေတ်အဆက်ဆက် နှစ်နိုင်ငံခေါင်းဆောင်များ၏ အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်များက နှစ်နိုင်ငံဆက်ဆံရေးကို တစ်စတစ်စပိုမိုတိုးတက်ခိုင်မာစေခဲ့ကြောင်း၊ ထင်ရှားသည့်ခရီးစဉ်များကိုဖော်ပြရမည်ဆိုပါက ယခင်မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ချစ်ကြည်ရေးခရီးစဉ် ၁၂ ကြိမ်သွားရောက်ခဲ့ကြောင်း၊ အလားတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ချူအင်လိုင်းသည်လည်း မြန်မာနိုင်ငံကို ချစ်ကြည်ရေးခရီးစဉ် ကိုးကြိမ်လာရောက်ခဲ့ကြောင်း။

မကြာသေးမီနှစ်များအတွင်း နိုင်ငံတော်အဆင့်အပြန်အလှန်ခရီးစဉ်များ၊ တွေ့ဆုံဆွေးနွေးမှုများ ပိုမိုတိုးတက်များပြားလာသည်ကိုဝမ်းမြောက်စွာတွေ့ရှိရပြီး ယင်းခရီးစဉ်များမှတစ်ဆင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုကိုတွန်းအားပေးနိုင်ခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်၏ မြန်မာနိုင်ငံခရီးစဉ်အတွင်းတွင် **“မြန်မာ–တရုတ် အေးအတူပူအမျှ အသိုက်အဝန်း”**ကို အောင်မြင်စွာ တည်ထောင်နိုင်ခဲ့ကြောင်း၊ ထိုသို့ထူထောင်နိုင်ခြင်းအားဖြင့် နှစ်နိုင်ငံဆက်ဆံရေးအတွက် သမိုင်းမှတ်တိုင်သစ် စိုက်ထူနိုင်ခဲ့ပြီဖြစ်ကြောင်း။

မိမိအနေဖြင့်လည်း ၂၀၂၅ ခုနှစ် မေလအတွင်း ရုရှားနိုင်ငံ မော်စကိုမြို့တွင် ကျင်းပခဲ့သည့် နှစ် ၈၀ ပြည့် မဟာမျိုးချစ်စစ်အောင်ပွဲကိုတက်ရောက်ခဲ့စဉ် တရုတ်နိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးနိုင်ခဲ့ကြောင်း၊ ထို့ပြင် ၂၀၂၅ ခုနှစ် ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၁ ရက်ထိ တရုတ်နိုင်ငံ တီယန်ကျင်းမြို့တွင် ကျင်းပခဲ့သည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO) အပေါင်း ထိပ်သီးအစည်းအဝေးနှင့် စက်တင်ဘာ ၃ ရက်တွင် ပေကျင်းမြို့၌ ကျင်းပခဲ့သည့် ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲ အောင်နိုင်ခြင်း နှစ် ၈၀ ပြည့် အထိမ်းအမှတ် အခမ်းအနားများကို တက်ရောက်ခဲ့စဉ်ကာလအတွင်းကလည်း တရုတ်နိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်၊ ဒုတိယသမ္မတ မစ္စတာဟန်ကျန့်တို့နှင့် သီးခြားစီတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးနိုင်ခဲ့ကြောင်း။

နှစ်နိုင်ငံအကြား **“ဆွေမျိုးပေါက်ဖော်”** ချစ်ကြည်ရင်းနှီးမှုသည် ပြီးခဲ့သည့် ၂၀၂၅ ခုနှစ်တွင် စိန်ရတုအခါသမယပြည့်မြောက်ခဲ့ပြီး ဆက်လက် ရှင်သန်တိုးတက်လျက်ရှိနေကြောင်း၊ မြန်မာ–တရုတ် သံတမန်ဆက်ဆံရေးသည် ယနေ့ ၂၀၂၆ ခုနှစ် ဇွန် ၈ ရက်တွင် ၇၆ နှစ် ပြည့်မြောက်ပြီဖြစ်ကြောင်း၊ သံတမန်ဆက်ဆံရေး ၇၆ နှစ်ကြာကာလအတွင်း နှစ်နိုင်ငံအစိုးရများ၊ ပြည်သူများနှင့် အလွှာအသီးသီးတို့အကြား ဆက်ဆံရေးသည် စဉ်ဆက်မပြတ် တိုးတက်လျက်ရှိသည်ကို နှစ်ထောင်းအားရဖွယ် တွေ့ရှိကြမည်ဖြစ်ကြောင်း။

မြန်မာ–တရုတ် နှစ်နိုင်ငံအကြားငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး ငါးရပ်ကို ၁၉၅၄ ခုနှစ်တွင် ချမှတ်နိုင်ခဲ့ကြောင်း၊ အဆိုပါမူကြီး ငါးရပ်သည် မျက်မှောက်ခေတ် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် စံနမူနာတစ်ခုဖြစ်လာခဲ့ကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ၁၉၇၁ ခုနှစ်တွင် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံဖြစ်ရေးအတွက်လည်း အပြည့်အဝထောက်ခံကြိုးပမ်းပေးခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် **“တရုတ်တစ်နိုင်ငံတည်းမူဝါဒ”**ကိုအခြေခံကျသည့် မူဝါဒအဖြစ် ခိုင်မာစွာကျင့်သုံးလျက်ရှိကြောင်း၊ ရှေ့ဆက်၍လည်း နှစ်နိုင်ငံမိတ်ဖက်ဆက်ဆံရေးကိုပိုမိုခိုင်မာစေရန်နှင့် ဒေသတည်ငြိမ်အေးချမ်းရေးကို အထောက်အကူဖြစ်စေရန်

အတွက် **"တရုတ်တစ်နိုင်ငံတည်းမူဝါဒ"**ကို ဆက်လက်ကျင့်သုံးသွားမည်ဖြစ်ကြောင်းနှင့် နှစ်နိုင်ငံပြည်သူများ၏ ဘုံအကျိုးစီးပွားအတွက် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းစေရန် တရုတ်နိုင်ငံနှင့်အတူ အနီးကပ် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အခွင့်ကြုံခိုက်ထပ်လောင်းအတည်ပြုပြောကြားလိုကြောင်း။

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် မန္တလေးငလျင်ကြီး လှုပ်ခတ်မှုအပြီး နောက်တစ်ရက်တွင် တရုတ်နိုင်ငံက ရှာဖွေကယ်ဆယ်ရေးအဖွဲ့များကိုစေလွှတ်ပေးခဲ့ခြင်းသည် မိမိတို့နှစ်နိုင်ငံ ပြည်သူများအကြား အေးအတူပူအမျှ အသိုက်အဝန်းမှ အတူမျှဝေခံစားသည့် စိတ်ဓာတ်ခိုင်မာမြဲမြံသည့် ချစ်ကြည်ရင်းနှီးမှုကို ထင်ဟပ်ဖော်ပြခြင်းပင်ဖြစ်ကြောင်း၊ အရေးကြီးဆုံးအချိန်၌ ရှာဖွေကယ်ဆယ်ပေးခဲ့ကြသည့် တရုတ်နိုင်ငံအစိုးရနှင့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များကို မြန်မာပြည်သူများကိုယ်စား လှိုက်လှဲစွာကျေးဇူးတင်ရှိသည်ကို ထပ်လောင်းပြောကြားလိုကြောင်း။

ထို့ပြင် ပြန်လည်ထူထောင်ရေးအတွက် အထောက်အကူပြုနိုင်ရန် တရုတ်ယွမ် ၁ ဒသမ ၁ ဘီလီယံတန်ဖိုးရှိသည့် အရေးပေါ်လူသားချင်းစာနာထောက်ထားမှု အကူအညီများကို တရုတ်နိုင်ငံက မိတ်ဆွေကောင်းပီသစွာဖြင့် မြန်မာနိုင်ငံအတွက် ပေးအပ်ခဲ့ကြောင်း၊ အခက်အခဲဆုံးအချိန်တွင်ရရှိခဲ့သည့် ပထမဦးဆုံး ပြည်ပအကူအညီဖြစ်ခြင်းကြောင့် တရုတ်နိုင်ငံ၏ အချိန်မီပံ့ပိုးကူညီမှုများက မိမိတို့အစိုးရနှင့် သဘာဝဘေးဒဏ်ခံစားရသည့် ပြည်သူများအတွက် များစွာခွန်အားဖြစ်စေခဲ့ကြောင်း။

ထို့ပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအတွက် အဓိကကျသည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအစရှိသည့် လူမှုဘဝ ဖွံ့ဖြိုးတိုးတက်မှုအခန်းကဏ္ဍများတွင် အကူအညီများကို စဉ်ဆက်မပြတ်ပေးအပ်လျက်ရှိကြောင်း၊အိမ်နီးချင်းကောင်း၊မိတ်ဆွေကောင်းပီသသည့် တရုတ်နိုင်ငံအစိုးရနှင့် ပြည်သူများက ဆွေမျိုးပေါက်ဖော်ပီသသည့် ရိုင်းပင်းကူညီပေးမှုများအတွက် မြန်မာနိုင်ငံသားများကိုယ်စား များစွာကျေးဇူးတင်ရှိပါကြောင်းကို ပြောကြားလိုကြောင်း။

ယခုကဲ့သို့ နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ၇၆နှစ်မြောက် အခါသမယတွင် မိမိတို့နှစ်နိုင်ငံ၏ပြည်သူများအတွက် ရေရှည်တည်တံ့သည့် ဘုံအကျိုးစီးပွားနှင့် ဒေသတွင်းတည်ငြိမ်စွာဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာ-တရုတ်အနာဂတ်အေးအတူပူအမျှ အသိုက်အဝန်း တည်ဆောက်မှုနှင့်ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို မြှင့်တင်နိုင်ရေးတို့အတွက် ဆက်လက်ကြိုးပမ်းအားထုတ်သွားမည်ဖြစ်ကြောင်းကို ပြောကြားလိုကြောင်း။

မြန်မာနှင့် တရုတ်နှစ်နိုင်ငံသည် ရေမြေတောတောင်ချင်း ထိစပ်နေရုံတင်မကဘဲ ယဉ်ကျေးမှုနှင့် ကိုးကွယ်ယုံကြည်မှုပိုင်းတွင်လည်း အလွန်နက်ရှိုင်းသည့် တူညီချက်များရှိကြကြောင်း၊ မိမိတို့သည် ဗုဒ္ဓဘာသာယဉ်ကျေးမှုကိုအခြေခံပြီး စိတ်ချင်းနီးစပ်ခဲ့ကြခြင်းဖြစ်ကြောင်း၊ တရုတ်နိုင်ငံ ပေကျင်းမြို့ လင်ကွမ်းစီကျောင်းတိုက်မှ **"စွယ်တော်မြတ်"**ကို မြန်မာနိုင်ငံသို့ အကြိမ်ကြိမ်ပင့်ဆောင်ပူဇော်ခဲ့သည်မှာ နှစ်နိုင်ငံပြည်သူများ၏ သဒ္ဓါတရားနှင့် စိတ်ဝိညာဉ်ကို တစ်သားတည်းဖြစ်စေခဲ့သည့် သမိုင်းဝင်သာဓကများဖြစ်ကြောင်း။

ထို့ပြင် ရုပ်ဝတ္ထုဆိုင်ရာယဉ်ကျေးမှုအမွေအနှစ်ကဏ္ဍမှကြည့်မည်ဆိုပါကလည်း ၂၀၁၆ ခုနှစ် ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့ရသည့် ပုဂံက ကမ္ဘာ့အမွေအနှစ် **"သဗ္ဗညုဘုရားကြီး"**ကို တရုတ်နိုင်ငံ၏ နည်းပညာ၊ ရန်ပုံငွေများဖြင့် ပူးပေါင်းပြုပြင်ထိန်းသိမ်းနေခြင်းသည် နှစ်နိုင်ငံအကြား ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားကြသည်ကို ညွှန်းပြနေခြင်းပင်ဖြစ်ကြောင်း။

ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ကဏ္ဍကိုကြည့်မည်ဆိုပါကလည်း အစောပိုင်းကာလများဖြစ်သည့် ခရစ်နှစ် ၈၀၂ ခုနှစ်က တရုတ်နိုင်ငံကိုရောက်ရှိခဲ့သည့် ပျူဂီတအနုပညာသံတမန်အဖွဲ့မှအစ ယခုအချိန်ထိ မြန်မာ-တရုတ်ချစ်ကြည်ရင်းနှီးမှုကို အနုပညာကဏ္ဍနှင့်မြှင့်တင်ပေးနိုင်ခဲ့ကြောင်း။

ရုပ်ရှင်မပေါ်ခင်ကာလများမှ ခေတ်အဆက်ဆက်ကတည်းက နှစ်နိုင်ငံအကြား စာပေနှင့် ဂီတသဘင်ကဏ္ဍများမှတစ်ဆင့် ပြည်သူများအကြား အပြန်အလှန်စီးဆင်းပေါင်းစည်းခဲ့ကြကြောင်း၊ တရုတ်နိုင်ငံ၏ လေးနက်လှသည့်ဂန္ထဝင်ဝတ္ထုကြီးများ၊ တရုတ်ရိုးရာစစ်ဗျူဟာများ၊ သစ္စာတရားများကို မြန်မာ့စာပေလောက၌ ဘာသာပြန်ဖတ်ရှုကြရသည့်အတွက် ယနေ့ထက်ထိရှင်သန်နေဆဲဖြစ်ကြောင်း၊ ထိုကဲ့သို့ စာပေ၊ ဂီတ၊ အနုပညာအခြေခံအုတ်မြစ်များ ခိုင်မာခဲ့သည့် အစဉ်အလာကြောင့်ပင် ယနေ့ခေတ်ရုပ်ရှင်ကဏ္ဍ၌ပိုမိုကျယ်ပြန့်သည့် ပူးပေါင်းဆောင်ရွက်မှုများကို ဖော်ဆောင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုကို အခြေခံပြီး အနုပညာဆိုင်ရာပူးပေါင်းရိုက်ကူးထုတ်လုပ်မှုအနေဖြင့် ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ် ယူနန်ရုပ်ရှင်နှင့် သတင်းဌာနတို့ပူးပေါင်းပြီး **"ဒဏ္ဍာရီထဲက တေးကဗျာ"** ဇာတ်လမ်းတွဲကို ရိုက်ကူးပြသခဲ့ကြရာ နှစ်နိုင်ငံပြည်သူများက ကြိုက်နှစ်သက်ခဲ့ကြသည်ဟုသိရကြောင်း၊ ရုပ်ရှင်အနုပညာဖန်တီးမှုမှတစ်ဆင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို အောင်မြင်စွာဖော်ဆောင်နိုင်ခဲ့ကြကာ နှစ်နိုင်ငံဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုကိုလည်း ပိုမိုခိုင်မာစေခဲ့ကြောင်း။

နှစ်နိုင်ငံရုပ်ရှင်ကဏ္ဍပူးပေါင်းဆောင်ရွက်မှုများအနေဖြင့် မြန်မာ့ရှေးဟောင်းရုပ်ရှင်ဇာတ်ကားဖြစ်သည့် **"ဘဝ"**အပါအဝင် ရှေးဟောင်းအမွေအနှစ် မြန်မာရုပ်ရှင်ဇာတ်ကားများကို ရေရှည်ထိန်းသိမ်းအသုံးပြုနိုင်အောင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံး၏ကူညီဆောင်ရွက်ပေးမှုဖြင့် ဖလင်ပုံစံအစား ဒစ်ဂျစ်တယ်နည်းပညာသုံး ရုပ်ရှင်ဇာတ်ကား(DCP,Digital Cinema Package) ပုံစံအဖြစ် လက်ခံရရှိပြီးဖြစ်သည်ဟု သိရကြောင်း။

အလားတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင်ကျင်းပပြုလုပ်သည့် ရုပ်ရှင်ပွဲတော်များ၌ မြန်မာရုပ်ရှင်ဇာတ်ကားများပေးပို့ပြသနိုင်ခဲ့ပြီး မြန်မာကိုယ်စားလှယ်များနှင့် အနုပညာရှင်များ တက်ရောက်ခဲ့ကြကြောင်း၊ ယခုတွင်လည်း နှစ်နိုင်ငံရုပ်သံဇာတ်လမ်းတွဲများကို နိုင်ငံအလိုက်ဘာသာပြန်ပြီး အပြန်အလှန်ထုတ်လွှင့်ပေးနေသည်ဟု သိရကြောင်း။

ယနေ့ကျင်းပပြုလုပ်သည့် ရုပ်ရှင်ပြပွဲရက်သတ္တပတ်အစီအစဉ်တွင် ပြသသွားမည့် တရုတ် ရုပ်ရှင်ဇာတ်ကားကောင်းများသည် မြန်မာပြည်သူများကိုတရုတ်နိုင်ငံ၏ခေတ်သစ်လူနေမှုဘဝ၊ တိုးတက်မှု၊ ယဉ်ကျေးမှုနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာအလှတရားများကို ပိုမိုနားလည်သဘောပေါက်စေမည်ဖြစ်ကြောင်း၊ မြန်မာပြည်သူများ၏ အိပ်မက်များ၊ ပျော်ရွှင်မှုများထဲတွင် တရုတ်ရုပ်သံဇာတ်လမ်းတွဲများသည် နှစ်ပေါင်းများစွာနေရာယူနိုင်ခဲ့ကြောင်း၊ ကြည့်ရှုကြသည့် နှစ်နိုင်ငံပြည်သူများ ခံစားချက်ချင်းတူညီမှုကနေတစ်ဆင့် စစ်မှန်သည့် သံယောဇဉ်၊ အပြန်အလှန်နားလည်မှုနှင့် ချစ်ခင်ရင်းနှီးမှုကိုဖြစ်ပေါ်စေမည်ဖြစ်ကြောင်း။

ယခုရုပ်ရှင်ပြပွဲအစီအစဉ်ကို ကြီးမှူးကျင်းပသည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့်တကွ တရုတ်သံတမန်များ၊ အစီအစဉ်ဖြစ်မြောက်အောင် အဘက်ဘက်က ကူညီပံ့ပိုးပေးခဲ့ကြသည့် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဌာနအသီးသီးက တာဝန်ရှိသူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုကြောင်း။

ယနေ့ရုပ်ရှင်ပြပွဲအစီအစဉ်ကဲ့သို့ဆောင်ရွက်မှုများသည် မြန်မာ-တရုတ် နှစ်နိုင်ငံပြည်သူချင်းဆက်ဆံရေးကို မြှင့်တင်ရာတွင် အရေးကြီးသည့်အခန်းကဏ္ဍက ပါဝင်နေကြောင်း၊ အနုပညာ၏အစွမ်းနှင့် နှစ်နိုင်ငံပြည်သူများ၏ စိတ်နှလုံးချင်းပေါင်းစည်းပြီး သမိုင်းဝင် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုသည် မျိုးဆက်သစ်များအထိတိုင်အောင် အစွန့်ရှည်တည်တံ့ခိုင်မြဲနေမည်ဖြစ်ကြောင်းကိုလည်း ယုံကြည်မိကြောင်း။

မင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် မြန်မာ-တရုတ်သံတမန်ဆက်ဆံရေး ထူထောင်မှု ၇၆ နှစ်မြောက်အခါသမယတွင် အထိမ်းအမှတ်အဖြစ် ယနေ့ကျင်းပပြုလုပ်သည့် **"၂၀၂၆ ခုနှစ် တရုတ်ရုပ်ရှင်ပြပွဲရက်သတ္တပတ် အစီအစဉ်"**မှသည် နှစ်နိုင်ငံကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဖော်ဆောင်ပြီး မြန်မာ-တရုတ် ချစ်ကြည်ရေးထာဝရအခွန့်ရှည်တည်တံ့ပါစေကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စဉ်ဆက်မပြတ်ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်ပါစေကြောင်း၊ ယနေ့ကြွရောက်လာကြသည့် ဧည့်သည်တော်များအားလုံး၊ နှစ်နိုင်ငံပြည်သူများအားလုံး ကျန်းမာရွှင်လန်းပြီး ပျော်ရွှင်ချမ်းမြေ့ကြပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက ရုပ်ရှင်ပြပွဲနှင့် ပတ်သက်၍ပြောကြားရာတွင် ၂၀၂၆ ခုနှစ် တရုတ်ရုပ်ရှင်ပြပွဲရက်သတ္တပတ်ဖွင့်ပွဲအခမ်းအနားကို ယနေ့တွင် ကျင်းပရန် အထူးရွေးချယ်ခဲ့ခြင်းမှာ ရုပ်ရှင်အလင်းအမှောင်စွမ်းအားကိုအသုံးပြု၍ လွန်ခဲ့သော ၇၆ နှစ်တာကာလအတွင်း အေးအတူပူအမျှ အခက်အခဲများကိုအတူကျော်ဖြတ်ကာ ပိုမိုခိုင်မြဲလာခဲ့သည့် တရုတ်-မြန်မာဆက်ဆံရေးကို အတူတကွဂုဏ်ပြုဦးညွှတ်ရန်ဖြစ်သကဲ့သို့ ၇၆ နှစ် တိုင်တိုင် အပြန်အလှန်စောင့်ရှောက်ကူညီပြီး ဒုက္ခသုခအတူမျှဝေခဲ့ကြသည့် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးကို လက်ဆင့်ကမ်းသွားရန်အတွက်လည်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လူမှုရေးစနစ်မတူညီသော်လည်း တရုတ်နိုင်ငံသစ်ကို ပထမဆုံး အသိအမှတ်ပြုခဲ့သည့်နိုင်ငံဖြစ်ပြီး တရုတ်နိုင်ငံသည်လည်း မြန်မာနိုင်ငံ၏အမျိုးသား ငြိမ်းချမ်းရေး၊ ပြန်လည်သင့်မြတ်ရေးနှင့် တည်ငြိမ်ရေးတို့အတွက် အမြဲတစေထောက်ခံအားပေးခဲ့ပါကြောင်း၊ တရုတ်-မြန်မာ နှစ်နိုင်ငံက ပူးတွဲအဆိုပြုခဲ့ကြသည့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး ငါးရပ်သည် နိုင်ငံတကာဆက်ဆံရေး၏ အခြေခံစံနှုန်းဖြစ်လာခဲ့ပါကြောင်း။

ရုပ်ရှင်ဆိုသည်မှာ ဘာသာစကားနှင့် ယဉ်ကျေးမှုဆိုင်ရာ အတားအဆီးများကို ကျော်လွှားနိုင်သည့် အနုပညာတစ်ခုဖြစ်ပါကြောင်း၊ ၁၉၆၀ ပြည့်နှစ် တရုတ်နိုင်ငံအမျိုးသားနေ့ကာလအတွင်း ပေကျင်းမြို့၌ "မြန်မာ့ယဉ်ကျေးမှု ရက်သတ္တပတ်"ကို ကျင်းပခဲ့ပြီး ၁၉၆၁ ခုနှစ် မြန်မာ့လွတ်လပ်ရေးနေ့ကာလအတွင်း၌လည်း ရန်ကုန်မြို့၌ "တရုတ်ရုပ်ရှင်ရက်သတ္တပတ်"ကို ကျင်းပခဲ့ပါကြောင်း၊ ထိုအချိန်မှစ၍ နှစ်နိုင်ငံရုပ်ရှင်ကဏ္ဍတွင် ကျယ်ကျယ်ပြန့်ပြန့်ပူးပေါင်းဆောင်ရွက်မှုနှင့် ဖလှယ်မှုများကို ပြုလုပ်ခဲ့ကြပြီး နှစ်နိုင်ငံပြည်သူများအကြား အပြန်အလှန်နားလည်မှုနှင့် ချစ်ကြည်ရေးကို တိုးမြှင့်ရာ၌ တက်ကြွသော အခန်းကဏ္ဍမှ ပါဝင်ခဲ့ကြပါကြောင်း။

ယခုကျင်းပြုလုပ်သည့် "တရုတ်ရုပ်ရှင်ရက်သတ္တပတ်"မှတစ်ဆင့် မြန်မာပရိသတ်များအနေဖြင့် သဘာဝကျပြီး စုံလင်လှသော တရုတ်နိုင်ငံကို သိရှိနားလည်နိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်းနှင့် တရုတ်နိုင်ငံသို့ ကိုယ်တိုင်ကိုယ်ကျ လာရောက်လေ့လာရန်လည်း ဖိတ်ခေါ်ပါကြောင်း၊ ထိုသို့ကူးလူးဆက်ဆံခြင်းဖြင့် တရုတ်-မြန်မာ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးကို ပိုမိုနက်ရှိုင်းစေကာ နှစ်ဦးနှစ်ဖက်ပိုမိုနက်ရှိုင်းသော ပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့်အောင်မြင်မှုများကို မြှင့်တင်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ ယခုအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးမှုအတွက် နိုင်ငံတော်သမ္မတကြီးနှင့်ဇနီး၊ အဖွဲ့ဝင်များအားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အလံအား အလေးပြုကြသည်။ ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် တရုတ်-မြန်မာ နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး ထူထောင်ခြင်း ၇၆ နှစ်မြောက်အထိမ်းအမှတ် **"၂၀၂၆ ခုနှစ် တရုတ်ရုပ်ရှင်ပြပွဲရက်သတ္တပတ် အစီအစဉ်"**ဆိုင်ရာ ဗီဒီယိုနှင့် မေတ္တာစမ်းရေ (Lighting Up the Stars)ရုပ်ရှင်ကို ကြည့်ရှုခဲ့ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့်အခမ်းအနားတက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် China Media Group-CMG မှ သတင်းထောက်ဖြစ်သူ Ms.Zhang Xiaoning ၏ မေးမြန်းမှုများကို လက်ခံဖြေကြားစဉ်။



မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Ms. Ma Jia ရုပ်ရှင်ပြပွဲနှင့်ပတ်သက်၍ ပြောကြားစဉ်။

☆ **ကျောဖုံးမှအဆက်**

ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် တာဝန်ရှိသူတို့ တက်ရောက်ကြပြီး အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးနှင့်အတူ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးဌာန အာရှပစိဖိတ်နှင့် အာဖရိကဌာန ညွှန်ကြားရေးမှူးချုပ် H.E. Mr. Santo Darmosumarto နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် မိတ်ဆွေဟောင်း၊ မိတ်ဆွေရင်း နိုင်ငံများဖြစ်ကြပြီး လွတ်လပ်ရေးကြိုးပမ်းမှုကာလကတည်းကပင် နှစ်နိုင်ငံအစိုးရနှင့် ခေါင်းဆောင်များအကြား ကောင်းမွန်သည့် ဆက်ဆံရေးရှိခဲ့ကြသည့် အခြေအနေများ၊ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် လက်ရှိကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့် အခက်အခဲများကို နားလည်သိရှိပြီး နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သော ရွေးကောက်ခံအစိုးရအနေဖြင့် မြန်မာနိုင်ငံကို ပိုမိုဖွံ့ဖြိုးတိုးတက်ပြီး ငြိမ်းချမ်းသောနိုင်ငံတော်အဖြစ် ဖော်ဆောင်ပေးနိုင်မည်ကို အပြည့်အဝယုံကြည်မှုရှိသည့် အခြေအနေများ၊ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံကို အာဆီယံ၏ အစိတ်အပိုင်းအဖြစ်၊ အင်ဒိုနီးရှားနိုင်ငံ၏ မိတ်ဆွေအဖြစ် အမြဲမှတ်ယူထားရှိပြီး မြန်မာနိုင်ငံကို အောင်မြင်သော၊ ငြိမ်းချမ်းသောနိုင်ငံအဖြစ် ဖြစ်ပေါ်လာစေရေး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ အာဆီယံဘုံသဘောတူညီချက် ငါးရပ်အပေါ် မြန်မာနိုင်ငံအနေဖြင့် တတ်နိုင်သမျှ ဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအသိုက်အဝန်းအကြား အကောင်းဆုံးပူးပေါင်းဆောင်ရွက်လျက်ရှိမှုနှင့် မြန်မာ-အာဆီယံ အကြား ပိုမိုတောင့်တင်းခိုင်မာသည့် ဆက်ဆံမှုများ ပြန်လည်တိုးတက်လာစေရေး၊ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုများကို ပိုမိုကောင်းမွန်စေရေး ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများ၊ ဒီမိုကရေစီစနစ်သည် ကမ္ဘာပေါ်တွင် အကောင်းဆုံး နိုင်ငံရေးစနစ်ဖြစ်သော်လည်း ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ မိမိတို့နိုင်ငံများရှိ ကိုယ်ပိုင်စရိုက်လက္ခဏာများ၊ ယုံကြည်မှု၊ ကိုးကွယ်ရာနှင့် ယဉ်ကျေးမှုတန်ဖိုးများအပေါ် အခြေခံ၍ မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် ဒီမိုကရေစီစနစ်ကို မိမိကိုယ်ပိုင်ဟန်ဖြင့် ကျင့်သုံးဆောင်ရွက်သင့်သည့် အခြေအနေများ၊ ဒီမိုကရေစီစနစ်နှင့်အညီ နိုင်ငံ၏အနာဂတ်ကောင်းကျိုးများကို ဆောင်ရွက်ပေးနိုင်မည့် အာမခံချက်ရှိသည့် အစိုးရတစ်ရပ်အဖြစ် ဆောင်ရွက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် ပြည်သူများကအားကိုးရပြီး ဖွံ့ဖြိုးတိုးတက်သောနိုင်ငံ၊ တည်ငြိမ်အေးချမ်းသော နိုင်ငံတစ်ခုအဖြစ်ဖော်ဆောင်ပေးနိုင်သည့် မှတ်ကျောက်တင်ခံနိုင်သော အစိုးရတစ်ရပ်အဖြစ် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့အကြား သံတမန်ဆက်ဆံမှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sugiono အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးတို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# ဒုတိယသမ္မတ ဦးညိုစော ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ



ဒုတိယသမ္မတ ဦးညိုစောကို ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။

**နေပြည်တော် ဇွန် ၈**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ကျင်းပသည့် ၂၉ ကြိမ်မြောက် နိုင်ငံတကာစီးပွားရေးဖိုရမ် (29 th St. Petersburg International Economic Forum– SPIEF 2026) သို့ တက်ရောက်ခဲ့သော ဒုတိယသမ္မတ ဦးညိုစော ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၇ ရက် ဒေသစံတော်ချိန် ညပိုင်းတွင် လေကြောင်းခရီးဖြင့် စိန့်ပီတာစဘတ်မြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာကြသည်။

ဒုတိယသမ္မတ ဦးညိုစော ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို မြန်မာကောင်စစ်ဝန်ချုပ် ဦးအောင်ဖေသက်နှင့် စိန့်ပီတာစဘတ် ပြည်ပဆက်ဆံရေးကော်မတီနှင့် ရေ့စ်ကွန်ဂရက်စ် ရင်းနှီးမြှုပ်နှံမှုငွေကြေးရန်ပုံငွေအဖွဲ့တို့မှ တာဝန်ရှိသူများက စိန့်ပီတာစဘတ်မြို့ရှိ ပူလ်ကာဘာ အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ယနေ့ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနှင့် အင်ဒိုနီးရှား နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇွန် ၈**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆူဂီအိုနိုနှင့်ဇနီးတို့သည် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ယနေ့တွင် နေပြည်တော်သို့ တရားဝင်ခရီးစဉ်အဖြစ် ရောက်ရှိသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ကို မွန်းလွဲပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံဆွေးနွေးသည်။

ဆွေးနွေးပွဲတွင် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများသည် မြန်မာနှင့် အင်ဒိုနီးရှားနိုင်ငံတို့အကြား ကာလရှည်ကြာစွာ တည်ရှိခဲ့သည့် အစဉ်အလာရှိသော ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရေး၊ သံတမန်ဆက်ဆံရေးအပါအဝင် နှစ်နိုင်ငံဆက်ဆံရေးတွင် ကဏ္ဍသစ်တစ်ရပ် ဖွင့်လှစ်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ အာဆီယံအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံစဉ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများအပေါ် အင်ဒိုနီးရှားနိုင်ငံက အပြုသဘောဆောင် ကြိုဆိုခဲ့ခြင်းအတွက် ကျေးဇူးတင်ရှိကြောင်း၊ နှစ်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် တာဝန်သိ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိပြီး မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် မြန်မာဦးဆောင်သော မြန်မာ့ကိုယ်ပိုင်လုပ်ငန်းစဉ်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အပြုသဘောဆောင်သည့် ဖြစ်ပေါ်တိုးတက်မှုများကို နားလည်ထောက်ခံသည့် အင်ဒိုနီးရှားနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများကို အသိအမှတ်ပြု ကျေးဇူးတင်ရှိကြောင်း၊ အင်ဒိုနီးရှားနိုင်ငံမှ ပညာသင်ဆုများ ပေးအပ်ခြင်းအပါအဝင် မြန်မာနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ပံ့ပိုးကူညီပေးစေလိုကြောင်း ပြောကြားသည်။

အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီးက အင်ဒိုနီးရှားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ရှိရင်းစွဲဆက်ဆံရေးကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲမှတစ်ဆင့် အစိုးရသစ်တစ်ရပ် ထွက်ပေါ်လာခြင်းနှင့်အတူ ငြိမ်းချမ်းရေး၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေး ကြိုးပမ်းဆောင်ရွက်မှုများကို အင်ဒိုနီးရှားနိုင်ငံအနေဖြင့် အသိအမှတ်ပြုပါကြောင်း၊ အာဆီယံထုတ်ပြန်ချက် ငါးရပ်ကို မြန်မာဦးဆောင်သော မြန်မာ့ကိုယ်ပိုင်လုပ်ငန်းစဉ်ဖြင့် အကောင်အထည်ဖော်လျက်ရှိခြင်းကို အင်ဒိုနီးရှားအနေဖြင့် အသိအမှတ်ပြုကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံ၏ မိသားစုဝင်အဖြစ် နှစ်ပေါင်းများစွာတည်ရှိလာသည်ဖြစ်ရာ အာဆီယံ၏ လှုပ်ရှားဆောင်ရွက်မှုများတွင် မြန်မာနိုင်ငံကို ဆက်လက်ပါဝင်စေလိုကြောင်း၊ မြန်မာနိုင်ငံကဲ့သို့ တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်သည့် လူ့အဖွဲ့အစည်းတွင် ကြုံတွေ့ရသည့် စိန်ခေါ်မှုများကို အင်ဒိုနီးရှားနိုင်ငံအနေဖြင့် နားလည်သဘောပေါက်ပြီး မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ပံ့ပိုးလိုကြောင်း၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ပြည်သူအချင်းချင်း ကူးလူးဆက်ဆံရေးနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်လိုကြောင်း ပြောကြားသည်။




ညနေပိုင်းတွင် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပ



**နေပြည်တော် ဇွန် ၈**

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၅၁ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၃၄၉ ဦးတက်ရောက်သဖြင့် တက်ရောက်မှုရာခိုင်နှုန်း ၉၉ ဒသမ ၄၃ ရှိသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပြီး အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးလှဆွေ၏ **PUBLIC PRIVATE PARTNE-RSHIP(PPP) ဥပဒေကို ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအစီအစဉ် ရှိ၊ မရှိကို သိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ အမျိုးသား စီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ထင်က နိုင်ငံတော်တွင် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်း၏ အရည်အသွေးနှင့် ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်နိုင်ရန်အတွက် နိုင်ငံတော်သမ္မတရုံး၏ စီမံကိန်းဘဏ် (Project Bank) ဆိုင်ရာ ညွှန်ကြားချက်တွင် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များကို အခန်း (၄) မှအခန်း (၁၀) ထိထည့်သွင်း ဆောင်ရွက်ထားပါကြောင်း။

အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဗဟိုဌာန (PPP Center)ကလည်း အစိုးရက ဖိတ်ခေါ်ခြင်းမရှိဘဲ မိမိဆန္ဒအလျောက် တင်သွင်းသည့် စီမံကိန်းအဆိုပြုလွှာများ ယှဉ်ပြိုင် တင်ဒါခေါ်ယူမှုလုပ်ငန်းစဉ်ဆိုင်ရာလုပ်ထုံးလုပ်နည်းကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ညွှန်ကြားချက်ထုတ်ပြန်ထားပါကြောင်း။

PPP နှင့် စပ်လျဉ်းပြီး အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ညွှန်ကြားချက် (Notification of PPP)ကို ရေးဆွဲပြီး ဥပဒေရေးရာဝန်ကြီးဌာနသို့ သဘောထားတင်ပြတောင်းခံထားပါကြောင်း။

လက်ရှိအချိန်တွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ စာရင်းအရ အစိုးရ-ပုဂ္ဂလိကအနေဖြင့် ဆောင်ရွက်လျက်ရှိသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၃၆ ခု၊ ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၇၃၂၅ ဒသမ ၂၉၈ (ခုနစ်ထောင်သုံးရာ နှစ်ဆယ့်ငါး ဒသမ နှစ်ကိုးရှစ်) သန်း၊ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၇၅ ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ် ၈ ဒသမ ၆၂၇ (ကျပ်ရှစ် ဒသမ ခြောက်နှစ်ခုနစ်) ထရီလီယံ ကျော်ရှိပါကြောင်း၊ အဆိုပါလုပ်ငန်းများကို ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် သီလဝါဆိပ်ကမ်းတွင် ကုမ္ပဏီ ၂၂ ခု မှပြည်ထောင်စုအစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုမိန့်ရယူပြီး သက်ဆိုင်ရာဥပဒေနှင့် လုပ်ငန်း လည်ပတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

အာဆီယံနိုင်ငံများတွင်လည်း PPP Law ပြဋ္ဌာန်း၍ ဆောင်ရွက်သည့် နိုင်ငံလေးနိုင်ငံရှိပြီး မြန်မာနိုင်ငံအပါအဝင် ခုနစ်နိုင်ငံတွင် လမ်းညွှန်ချက်၊ စည်းမျဉ်း၊ ဒီကရီ၊ အက်ဥပဒေနှင့် PPP လက်စွဲတို့ဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသည်ကိုတွေ့ရှိရပါကြောင်း၊ သို့ဖြစ်၍ ဥပဒေသီးခြား မပြဋ္ဌာန်းဘဲ အခြားဆောင်ရွက်နိုင်သည့် နည်းလမ်းများဖြင့် PPP လုပ်ငန်းများ အကောင်အထည်ဖော်မှုကို အားကောင်းစွာ ဆောင်ရွက်လျက်ရှိပါကြောင်း။

အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကို အစိုးရဌာန၊ အဖွဲ့အစည်းများအနေဖြင့် ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များ၊ သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ဆောင်ရွက်နိုင်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းယန်းမဲဆန္ဒနယ်မှ ဦးစိုင်းဆမ်၏ **မိုင်းယန်းမြို့အတွက် မဟာဓာတ်အားလိုင်းခွဲစက်ရုံကို လာမည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်းအစီအစဉ် ရှိ၊ မရှိနှင့် ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က မိုင်းယန်းမြို့သည် မြို့ပေါ်(၁၁)ရပ်ကွက်တွင် အိမ်ထောင်စု ၁၃၈၂ စုနှင့် ကျေးရွာအုပ်စု နှစ်အုပ်စုတွင် အိမ်ထောင်စု ၉၁၁ စုရှိပြီး လက်ရှိတွင် မြို့ပေါ်(၁၁)ရပ်ကွက်ရှိ အိမ်ထောင်စု ၆၀၄ စုကို 300kVA Caterpillar နှင့် 500kVA MTU ဒီဇယ်ဓာတ်အားပေးစက် နှစ်လုံးတို့ဖြင့် တစ်ရက်လျှင် သုံးနာရီ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါကြောင်း။

မိုင်းယန်းမြို့ကို နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးမည်ဆိုပါက မိုင်းခတ် - မိုင်းယန်း ၆၆ကေဗွီ ဓာတ်အားလိုင်း ၂၂ မိုင်နှင့် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ တစ်ရုံ တည်ဆောက်သွားမည်ဆိုပါက ခန့်မှန်းကုန်ကျစရိတ် ငွေကျပ် ၁၀ ဒသမ ၁၀၅ ဘီလီယံခန့် ကုန်ကျမည်ဖြစ်ပြီး မိုင်းယန်းမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာ ခုနစ်ရွာရှိ အိမ်ထောင်စုပေါင်း ၁၉၂၀ ကို ဓာတ်အားဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါကြောင်း။

သို့ဖြစ်၍ မိုင်းယန်းမြို့ကို နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် မိုင်းခတ်-မိုင်းယန်း ၆၆ ကေဗွီ ဓာတ်အားလိုင်း ၂၂ မိုင်နှင့် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ တစ်ရုံ တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ဓာတ်အားလိုင်း မြေပြင်ကွင်းဆင်းတိုင်းတာခြင်းလုပ်ငန်း(Survey) ကို စတင်လျာထား ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်မှစတင်၍ ပြည်ထောင်စုရန်ပုံငွေ ခွင့်ပြုရရှိမှုအရ ဆက်လက်လျာထား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တာချီလိတ်မဲဆန္ဒနယ်မှ ဦးကျော်ငြိမ်းအောင်၏ **အစိုးရ၊ တာချီလိတ်မြို့ မီးလင်းရေး ဦးဆောင်ကော်မတီနှင့် "ဝေ" မိသားစု ကုမ္ပဏီလီမိတက်တို့အကြား မီတာခ တစ်ယူနစ်ဈေးနှုန်းထားနှင့် မီတာဘောက် တစ်လုံးလျှင် ရောင်းချရမည့် ဈေးနှုန်းသက်မှတ်ချက် သဘောတူချုပ်ရှိပါသလား၊ ရှိပါက သတ်မှတ်ထားသည့် ဈေးနှုန်းကိုသိရှိလိုကြောင်းနှင့် နိုင်ငံတော်က သတ်မှတ်ထားသည့်ဈေးနှုန်းများအတိုင်း ရောင်းချပေးခြင်းမရှိခဲ့ပါက မည်သို့ကြပ်မတ်အရေးယူ ဆောင်ရွက်သွားမည်ကို သိရှိလိုကြောင်း မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က တာချီလိတ်မြို့နယ်တွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် တာချီလိတ်မြို့နယ် မီးလင်းရေးကော်မတီကို ၂၀၀၂ ခုနှစ် အောက်တိုဘာ ၃၀ ရက်မှစတင်၍ လုပ်ကိုင်ခွင့်ပြုပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ ယင်းသို့ လုပ်ကိုင်ခွင့်ပြုခြင်းကိုလည်း နှစ်စဉ် တစ်နှစ်လျှင် တစ်ကြိမ်သက်တမ်းတိုး၍ ဆောင်ရွက်ခွင့်ပြုလျက်ရှိရာ ယခုသက်တမ်းခွင့်ပြုထားမှုမှာ ၂၀၂၆ ခုနှစ် အောက်တိုဘာ ၃၀ ရက်ထိဖြစ်ပါကြောင်း။

တာချီလိတ်မြို့မီးလင်းရေးကော်မတီသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ သဘောတူထောက်ခံချက်ဖြင့် တာချီလိတ်မြို့နေ မီးသုံးစွဲသူဦးရေ ၁၂၉၇၇ ဦးကို ဓာတ်အားပေးလျက်ရှိပြီး ကောက်ခံလျက်ရှိသည့် တစ်ယူနစ် ဓာတ်အားခနှုန်းထားများမှာ ဘာသာ၊ သာသနာ ၅ ဒသမ ၀၀ ဘတ်၊ ဌာနဆိုင်ရာ ၅ ဒသမ ၈၀ ဘတ်၊ အများပြည်သူသုံး ၅ ဒသမ ၈၀ ဘတ်နှင့် ပါဝါမီတာ ၇ ဒသမ ၂၀ ဘတ်တို့ဖြစ်ပြီး မီတာဘောက် သတ်မှတ်ကြေးများမှာ အထွေထွေအိမ်သုံး ၈၀၀၀ ဘတ်နှင့် ပါဝါမီတာ၊ စီတီမီတာ ၁၅၀၀၀ ဘတ်တို့ ဖြစ်ပါကြောင်း။

၂၀၂၆ ခုနှစ် မတ်လထိ အထက်ဖော်ပြပါနှုန်းများဖြင့် ကောက်ခံခဲ့ပြီး ကမ္ဘာ့လောင်စာဆီနှုန်း တိုးမြှင့်မှုများကြောင့် ဓာတ်အားသုံးစွဲသူများ၏ ဝန်ထုပ်ဝန်ပိုး လျော့ကျစေရန် ၂၀၂၆ ခုနှစ် ဧပြီ၊ မေ၊ ဇွန် သုံးလအတွက် တစ်ယူနစ်လျှင် သုည ဒသမ ၁ ဘတ်နှုန်းလျှော့ချ၍ အိမ်သုံးတစ်ယူနစ်လျှင် ၅ ဒသမ ၇ ဘတ်နှုန်း၊ လုပ်ငန်းသုံးတစ်ယူနစ်လျှင် ၇ ဒသမ ၁ ဘတ်နှုန်းဖြင့် ပထမအကြိမ် လျှော့ချပြောင်းလဲကောက်ခံသွားမည်ဖြစ်ကြောင်း မီးလင်းရေးကော်မတီမှ မီးသုံးသူများသို့ အသိပေးဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်၍ တာချီလိတ်မြို့ မီးလင်းရေးကော်မတီအနေဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရောင်းချခွင့်စာချုပ်ပါအရ ဓာတ်အားခနှုန်းထားများကို ဓာတ်အားသုံးစွဲသူတို့နှင့် ညှိနှိုင်း၍ သက်ဆိုင်ရာဒေသအာဏာပိုင်များထံ တင်ပြအတည်ပြုချက်ရယူ၍ စည်းကြပ် ကောက်ခံခြင်းဖြစ်ပြီး တာချီလိတ်မြို့ မီးလင်းရေးကော်မတီနှင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းတို့အကြား လျှပ်စစ်မီတာခ တစ်ယူနစ်တွင် ဈေးနှုန်းထား မည်မျှရောင်းချရမည်၊ လျှပ်စစ်မီတာဘောက် တစ်လုံးလျှင် ဈေးနှုန်းထား မည်မျှရောင်းချရမည်ဆိုသည့် သတ်မှတ်ချက်နှုန်းထားများကို သဘောတူချုပ်ဆိုထားခြင်းမရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး၏ **မန္တလေးငလျင်ဘေးဒဏ်သင့် မြို့နယ်များတွင် ထပ်တိုးစာရင်းများကောက်ယူခဲ့ခြင်း ရှိ၊ မရှိနှင့် ပြည်သူ့ကိုယ်စားလှယ်များ ပူးပေါင်းပါဝင်သည့် အဖွဲ့များဖွဲ့စည်း၍ ငလျင်ဘေးဒဏ်သင့် စာရင်းများကောက်ယူပြီး နိုင်ငံတော်က ကူညီထောက်ပံ့ခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်အချိန်တွင်ဆောင်ရွက်ပေးမည်တို့ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် မန္တလေးငလျင်ကြောင့် ပျက်စီးခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ရှစ်ခုရှိ နေအိမ် ၅၁၄၀၂ လုံး ပြုပြင်ရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေမှ ငွေကျပ် ၁၆၀၂ ဒသမ ၇၉၂ ဘီလီယံကို သုံးစွဲခွင့်ပြုပါရန် နိုင်ငံတော်အကြီးအကဲထံ တင်ပြခွင့်ပြုချက်ရယူကာ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ သဘာဝဘေးစီမံခန့်ခွဲမှုရန်ပုံငွေစာရင်းသို့ လွှဲပြောင်းထောက်ပံ့ခဲ့ပါကြောင်း၊ ထို့ပြင် နေပြည်တော်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်ငါးခုမှ သေဆုံးသူဦးရေ ၃၆၄၀ အတွက် တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် ၃ ဒသမ ၆၄၀ ဘီလီယံနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနရန်ပုံငွေမှ ဘေးသင့်နေအိမ်၊ ဘာသာရေးကျောင်းများနှင့် သေဆုံး၊ ဒဏ်ရာရရှိသူမိသားစုဝင်များအတွက် စုစုပေါင်း ငွေကျပ် ၇၅၁၂ ဒသမ ၄၉၆ သန်း ကို ထောက်ပံ့ပေးခဲ့ပြီးဖြစ်ပါကြောင်း။

မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့စဉ်က အကြောင်းအမျိုးမျိုးကြောင့် ကျန်ရှိသည့် နေအိမ်ပျက်စီးမှုစာရင်းများကို ကောက်ယူရန်ညွှန်ကြားချက်ရရှိပါက သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် စနစ်တကျပြန်လည်စိစစ်ကာ ပြည်သူ့ကိုယ်စားလှယ်များနှင့်ပူးပေါင်း၍ စာရင်းကောက်ယူခြင်း၊ နေအိမ်အမျိုးအစားအလိုက် လုံးဝပျက်စီးခြင်း၊ တစ်စိတ်တစ်ပိုင်း ပျက်စီးမှုအခြေအနေများ ခွဲခြားပြုစုခြင်းဆိုင်ရာအလိုက် ဆောင်ရွက်ပေးနိုင်မှုအခြေအနေ ဖော်ထုတ်ခြင်း၊ ငလျင်လှုပ်ခတ်မှုကာလ တစ်နှစ်ကျော်ကြာမြင့်ပြီဖြစ်၍ ယခင်ကကောက်ယူထောက်ပံ့ပြီးသော စာရင်းများနှင့် ပြန်လည်နှိုင်းယှဉ်ချိန်ညှိခြင်း၊ သတ်မှတ်ချက်များနှင့်အညီ ကောက်ယူပြီး စာရင်းများကို တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များက စိစစ်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ ထပ်တိုးစာရင်းများ ထောက်ပံ့နိုင်ရေးတင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တွံတေးမဲဆန္ဒနယ်မှ ဦးဝင်းမြင့်၏ **တွံတေးမြို့နယ်ရှိ ပယ်ဖျက်ရန်ကျန်ရှိနေသော စားကျက်မြေ ၂၆၈၁ ဧကကို စားကျက်မြေအဖြစ်မှ ပယ်ဖျက်ပေးနိုင်ခြင်းအစီအစဉ် ရှိ၊ မရှိအား သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက တွံတေးခရိုင် တွံတေးမြို့နယ်အတွင်း ကျေးရွာအုပ်စု ၁၀ အုပ်စု၌ စုစုပေါင်းစားကျက်မြေဧရိယာ ၃၇၃၂ ဧကရှိပါကြောင်း၊ ယင်းအနက် ဧရိယာ ၁၀၅၀ ဒသမ ၈၁ ဧက မှာ စားကျက်မြေပယ်ဖျက်ခွင့်ပြုပြီးဖြစ်သဖြင့် လက်ရှိတွင် စားကျက်မြေဧရိယာ ၂၆၈၁ ဒသမ ၁၉ ဧက ကျန်ရှိနေသေးပါကြောင်း၊ အဆိုပါ ကျန်ရှိနေသော စားကျက်မြေများပေါ်တွင် ဒေသခံပြည်သူများက လူနေအိမ်များ၊ မိုးစပါးနှင့် ရာသီသီးနှံစိုက်ပျိုးခြင်း၊ ငါးကန်၊ ဆေးခန်း၊ ဆန်စက်၊ ရေခဲစက်၊ လမ်း၊ မြစ်၊ ချောင်း၊ ရွာမြေ၊ ပလပ်မြေ၊ သုသာန်မြေ၊ သာသနာ့မြေနှင့်

စာမျက်နှာ ၂၀ သို့

# တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပ




**နေပြည်တော် ဇွန် ၈**

တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း ၂၇၉ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၇၈ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၂) ဦးအောင်ချစ်လွင်၏ **စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း တက္ကသိုလ်ဝင်တန်းအောင်မြင်သည့် ကျောင်းသားများ အဆင့်မြင့်ပညာ ဆက်လက်သင်ကြားနိုင်ရန် ဟုမ္မလင်းကောလိပ်သို့ လျှောက်ထားပါက ခွင့်ပြုပေးနိုင်ပါရန် အစီအစဉ်ရှိ၊ မရှိနှင့် တက်ရောက်ခွင့်မရှိပါက မည်သည့်အခက်အခဲများကြောင့် တက်ရောက်ခွင့်မပြုနိုင်ခြင်းကို သိရှိလိုခြင်းမေးခွန်းနှင့်** စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က ၂၀၂၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ အခြေအနေများကြောင့် ကျင်းပခြင်းမရှိခဲ့ဘဲ ၂၀၂၂ ခုနှစ်တွင် ခန္တီး၊ လေရှီး၊ လဟယ်၊ နန်းယွန်းမြို့နယ်တို့မှ ကျောင်းသား၊ ကျောင်းသူများ၏ လျှောက်ထားချက်များအတိုင်း မြစ်ကြီးနားတက္ကသိုလ်သို့ ဝင်ခွင့်ပြုရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး နောက်နှစ်များတွင်လည်း အဆိုပါပုံစံအတိုင်း ဆက်လက်ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၂၂ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း မြစ်ကြီးနားတက္ကသိုလ်သို့ ဝင်ခွင့်ရသူများအနက် ဟုမ္မလင်းဒီဂရီကောလိပ်သို့ ပြောင်းရွှေ့လျှောက်ထားခဲ့သူ ၂၆ ဦးကို ဟုမ္မလင်းဒီဂရီကောလိပ်သို့ ပြန်လည်ပြောင်းရွှေ့ခွင့်ပြုခဲ့ပါကြောင်း။

ဟုမ္မလင်းဒီဂရီကောလိပ်တွင် အထူးပြုဘာသာရပ် ၁၀ ခု သင်ကြားပို့ချပေးလျက်ရှိပြီး ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၁၃၈ ဦးရှိပါကြောင်း၊ ဆရာ၊ ဆရာမ စုစုပေါင်း ၇၆ ဦးရှိပြီး သင်ကြားဆရာအင်အားလုံလောက်မှုရှိပါကြောင်း၊ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သည့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းမှ ကျောင်းသား၊ ကျောင်းသူများ အဆင့်မြင့်ပညာဆက်လက်သင်ယူနိုင်ရန် ဟုမ္မလင်းဒီဂရီကောလိပ်သို့ လျှောက်ထားလာပါက တက်ရောက်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၄) ဦးစိန်ရွှေမင်း၏ **မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်ရှိ ဆင်ခေါင်းအခြေခံပညာအထက်တန်းကျောင်းတွင် လိုအပ်နေသော စာသင်ခန်း ခြောက်ခန်းစာအတွက် အဆောက်အအုံတစ်ခု ထပ်မံတည်ဆောက်ပေးနိုင်ခြင်း ရှိ၊ မရှိသိရှိလိုခြင်းမေးခွန်းနှင့်**စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် အခြေခံပညာဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တစ်ထပ်ကျောင်းဆောင် တည်ဆောက်ရေးလုပ်ငန်းများကို နေပြည်တော်ကောင်စီ၊ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ကြီးကြပ်မှုဖြင့် တင်ဒါခေါ်ယူခြင်း၊ လုပ်ငန်းအပ်နှံခြင်း၊ စာချုပ်ချုပ်ဆိုခြင်း လုပ်ငန်းများကို စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးနိုင်ရေးအတွက် တာဝန်ယူကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၄) ဦးစိန်ရွှေမင်း၏ **မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်ရှိ ရွာသာအခြေခံပညာမူလတန်းကျောင်းသည် ခြကိုက်၍ ပျက်စီးနေပါသဖြင့် စာသင်ဆောင်အသစ်တစ်ဆောင် ထပ်မံတည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိသိရှိလိုခြင်း မေးခွန်းနှင့်** စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် အခြေခံပညာဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် တစ်ထပ်ကျောင်းဆောင် တည်ဆောက်ရေးလုပ်ငန်းများကို နေပြည်တော်ကောင်စီ၊ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ ကြီးကြပ်မှုဖြင့် တင်ဒါခေါ်ယူခြင်း၊ လုပ်ငန်းအပ်နှံခြင်း၊ စာချုပ်ချုပ်ဆိုခြင်း လုပ်ငန်းများကို စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးနိုင်ရေးအတွက် တာဝန်ယူကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၄) ဦးစိန်ရွှေမင်း၏ **မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကုန်းသာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် လိုအပ်သော စာသင်ခန်း ရှစ်ခန်းစာအတွက် ပေ ၁၄၀ x ၃၀ RC နှစ်ထပ်ဆောင် ထပ်မံတည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိသိရှိလိုခြင်းမေးခွန်းနှင့်**စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က တန်းခွဲအရလိုအပ်သော စာသင်ခန်း ငါးခန်းအတွက် ပေ ၁၅၀x၃၀ RC တစ်ထပ်ဆောက်လုပ်ရန်အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း(တည်ဆောက်ရေး)ခေါင်းစဉ်အောက်တွင် မြို့နယ်ဦးစားပေးအစီအစဉ်ဖြင့်ရရှိမည့် ဘတ်ဂျက်အရ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၁) ဦးပြည်ဖြိုးစံက အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေမူကြမ်းပါ အခန်း ၁၃ ပုဒ်မ ၆၀ တွင် အွန်လိုင်းလိမ်လည်မှုတားဆီးရန်အတွက် အကောင့်များ ပိတ်ဆို့ခြင်း၊ ဆိုင်းငံ့ခြင်းဆောင်ရွက်သည့် ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းမှ တာဝန်ရှိသူများကို မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုခြင်းမပြုရဟု အကာအကွယ်ပေးထားပါကြောင်း၊ ဤပြဋ္ဌာန်းချက်သည် သဘောရိုးဖြင့် လုပ်ကိုင်သောဝန်ထမ်းများကို ကာကွယ်ရန် ရည်ရွယ်ထားသောကြောင့် အလွန်ကောင်းမွန်သော်လည်း စာသားအရ အကန့်အသတ်မရှိဖြစ်နေပါကြောင်း၊ ထို့ကြောင့် ဤစကားရပ်ကို အလွဲသုံးစားလုပ်မှု မရှိစေရန်အတွက် ( ဥပဒေနှင့်အညီ သဘောရိုးဖြင့် ဆောင်ရွက်သော) ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းမှ တာဝန်ရှိသူများကိုသာ တရားစွဲဆိုခြင်းမှ ကင်းလွတ်ခွင့်ပြုရန်ဟူ၍ အဓိပ္ပာယ်ကိုတိကျစွာကန့်သတ်ပြင်ဆင်ပေးရန် တင်ပြအပ်ပါကြောင်း ဆွေးနွေးသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၀) ဦးသန်းအေး ခေါ် ဦးတင်ဦးက အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးကို နယ်မြေအနှံ့ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် အခြေခံဥပဒေပုဒ်မ ၅၆ အရ သတ်မှတ်ထားသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၏ ဦးစီးအဖွဲ့ဥက္ကဋ္ဌများပါ ကော်မတီဝင်များအဖြစ် ပါဝင်ဖွဲ့စည်းရမည်ဟု ဖြည့်စွက်လိုကြောင်း၊ အခန်း(၉) ပုဒ်မ ၁၉ တွင် အွန်လိုင်းလိမ်လည်မှု ကျူးလွန်ခံရသူက အကြောင်းကြား တောင်းဆိုမှုပြုလုပ်နိုင်သည်ဟု ဖော်ပြထားခြင်းအပေါ် အွန်လိုင်းလိမ်လည်မှုပြုသည်ကို ခိုင်လုံသော သက်သေအထောက်အထားဖြင့် သိရှိသူတစ်ဦးဦးက သတင်းပေးပို့အကြောင်းကြား၍ ငွေလွှဲပြောင်းမှုကို ယာယီဆိုင်းငံ့ရန် တောင်းဆိုနိုင်ကြောင်းဖြင့်လည်းကောင်း၊ ပုဒ်မ ၂၂ တွင် အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရသူသည် ပုဒ်မ ၁၉ အရ ဘဏ်သို့ အကြောင်းကြားပြီး ၂၄ နာရီအတွင်း ဗဟိုဌာနသို့ ကိုယ်တိုင်ဖြစ်စေ၊ အွန်လိုင်းတိုင်ကြားမှုစနစ်မှတစ်ဆင့်ဖြစ်စေ ဖြစ်စဉ်အချက်အလက်များကို အသေးစိတ်တင်ပြတိုင်ကြားနိုင်သည်ဟု ပြဋ္ဌာန်းထားခြင်းအပေါ် အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရသူ သို့မဟုတ် ခိုင်လုံသော သက်သေအထောက်အထားဖြင့် သတင်းပေးတိုင်ကြားသူသည်ဟုလည်းကောင်း ဖြည့်စွက်ပြင်ဆင်သင့်ပါကြောင်း။

**စာမျက်နှာ ၂၁ သို့**

**စာမျက်နှာ ၁၉ မှအဆက်**

ဘောလုံးကွင်းများအဖြစ် မြေပြင်တွင် ကျူးလွန်အသုံးပြုထားသည်ကို စိစစ်တွေ့ရှိရပါကြောင်း။

မြေပြင်တွင် ကျူးလွန်အသုံးပြုထားမှုများကို တိုင်းဒေသကြီးအစိုးရအဖွဲ့က စိစစ်၍ အများပြည်သူအကျိုးအတွက် မဖြစ်မနေ အသုံးပြုရန်လိုအပ်ပါက နိုင်ငံတော်သမ္မတရုံးသို့ တင်ပြ၍ ခွင့်ပြုချက်ရယူကာ စားကျက်မြေပယ်ဖျက်ခွင့်ရရှိရေး ပြည်ထဲရေးဝန်ကြီးဌာနသို့ လျှောက်ထားရမည်ဖြစ်ပါကြောင်း၊ ပယ်ဖျက်ခွင့်ရရှိပါက မြေပြင်အသုံးချမှုအပေါ် မူတည်၍ ဌာနဆိုင်ရာမြေ၊ လယ်ယာစိုက်ပျိုးရေးမြေ သို့မဟုတ် ကျေးရွာမြေအဖြစ် မြေစာရင်းဦးစီးဌာနက မြေအမျိုးအစား ပြောင်းလဲမှတ်သားပြီး ဆက်လက်အသုံးပြုနိုင်မည်ဖြစ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း စားကျက်မြေအဖြစ်တည်ရှိမှုမှာ ၉၉၂၂၁ ဒသမ ၂၈ ဧကရှိပြီး ၎င်းအနက်မှ ၄၄၃၈၀ ဒသမ ၀၄ ဧကကို ပယ်ဖျက်ပေးခဲ့ပြီးဖြစ်ကာ ကျန်ရှိသော ၅၄၈၄၁ ဒသမ ၂၄ ဧကကို ဆက်လက် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါကြောင်း။

ထို့ပြင် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ကျွဲ၊ နွား၊ တိရစ္ဆာန်များအတွက် သတ်မှတ်ထားသော စားကျက်မြေများ လျော့နည်းမှုမရှိစေရေး ထိန်းသိမ်းရမည်ဖြစ်သော်လည်း နိုင်ငံတော်စီမံကိန်းနှင့် အများပြည်သူအကျိုးအတွက် ဆောင်ရွက်ရန်လိုအပ်လာပါက ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ စားကျက်မြေပယ်ဖျက်ရေးကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့တို့၏ စိစစ်တင်ပြမှုအပေါ် နိုင်ငံတော်သမ္မတရုံးမှ မူအားဖြင့်ခွင့်ပြုပါက ပြည်ထဲရေးဝန်ကြီးဌာနက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ကျန်းမာရေးနှင့် အားကစားဆိုင်ရာ ကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီအစည်းအဝေးတို့နှင့်စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်များကို လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် ကော်မတီဥက္ကဋ္ဌအဖြစ် လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာမျိုးထွန်း၊ အတွင်းရေးမှူးအဖြစ် မှော်ဘီမဲဆန္ဒနယ်မှ ဒေါက်တာနေလင်းအပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီအစည်းအဝေးတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက နယ်စပ်ဒေသ၊ တိုင်းရင်းသားရေးရာနှင့် ငြိမ်းချမ်းရေးကော်မတီဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ လွှတ်တော်သို့တင်ပြပြီး ဒုတိယဥက္ကဋ္ဌက နယ်စပ်ဒေသ၊ တိုင်းရင်းသားရေးရာနှင့်ငြိမ်းချမ်းရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက နယ်စပ်ဒေသ၊ တိုင်းရင်းသားရေးရာနှင့် ငြိမ်းချမ်းရေးကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌအဖြစ် မကွေးမဲဆန္ဒနယ်မှ ဦးစိုးတင့်နိုင်နှင့် အတွင်းရေးမှူးအဖြစ် မင်းလှမဲဆန္ဒနယ်မှ ဦးရဲထွဋ်အောင်တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြသည်။

ယင်းနောက် တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ပဉ္စမနေ့ကို ဇွန် ၁၀ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာမျက်နှာ ၂၀ မှအဆက်

ပုဒ်မ ၂၃ ပုဒ်မခွဲ(က)တွင် တိုင်ကြား ချက်ကိုစိစစ်၍ မှန်ကန်ပါက အွန်လိုင်း လိမ်လည်မှုကျူးလွန်ခံရသူကို သက်ဆိုင်ရာ ရဲစခန်း၌ ပထမသတင်းပေးတိုင်ချက် ဖွင့်လှစ်ဆောင်ရွက်ပေးရမည်ဟု ပြဋ္ဌာန်း ဖော်ပြထားခြင်းတွင် အွန်လိုင်းလိမ်လည်မှု ကျူးလွန်ခံရသူ သို့မဟုတ် ခိုင်လုံသော အထောက်အထားဖြင့် သတင်းပေး တိုင်ကြားသူဟုလည်းကောင်း၊ ပုဒ်မ ၂၄ ခြေဆင်းတွင် အွန်လိုင်းလိမ်လည်မှုကျူးလွန် ခံရ၍ တိုင်ကြားလာပါကဟူ၍ ပြဋ္ဌာန်း ဖော်ပြထားသည့်နေရာ၌ အွန်လိုင်း လိမ်လည်မှုကျူးလွန်ကြောင်း တိုင်ကြား လာပါကဟူ၍လည်းကောင်း၊ ပုဒ်မ ၂၅ တွင် အွန်လိုင်းလိမ်လည်မှု ကျူးလွန်ခံရသူက ပထမသတင်းပေးတိုင်တန်းခြင်း မပြုလျှင် သက်ဆိုင်ရာဘဏ်က ယာယီဆိုင်းငံ့ထား သော ဘဏ်ငွေစာရင်းကို ပြန်လည်ဖွင့်လှစ် ပေးရမည်ဟု ပြဋ္ဌာန်းဖော်ပြချက် နောက်တွင် တစ်ဆက်တည်း၊ သို့ရာတွင် သတင်းပေးချက်မှန်ကန်ကြောင်း စိစစ် တွေ့ရှိရလျှင် ဘဏ်စာရင်းကို ပြန်ဖွင့်ပေး ခြင်း မပြုရဟုလည်းကောင်း ဖြည့်စွက် ပြင်ဆင်သင့်ပါကြောင်း။

ဥပဒေအခန်း(၁၁) တားမြစ်ချက်များ၊ ပုဒ်မ ၅၀ ၏နောက်တွင် သီးခြားပုဒ်မ ၅၁ ဟုတပ်လျှင် အွန်လိုင်းလိမ်လည်မှုကျူးလွန် ခံရသူနှင့် သတင်းပေးတိုင်တန်းသူ၏ လုံခြုံရေးကို ကာကွယ်ပေးခြင်း၊ ကျူးလွန် ခံရသူအတွက် နစ်နာဆုံးရှုံးမှုကို ပြန်လည် ကုစားနိုင်ရေး၊ သတင်းပေးသူကို ချီးမြှင့် ငွေအဖြစ် ပြန်လည်သတ်မှတ်ပေးရမည် ဟု ဖြည့်စွက်ပြဋ္ဌာန်းသင့်ပါကြောင်း ဆွေးနွေးသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသား လွှတ်တော်ကိုယ်စားလှယ် အမှတ်(၈) ဦးတင်မောင်ဝင်းက ဥပဒေကြမ်းအခန်း(၂) ပုဒ်မ ၃ (ဆ)ကို အွန်လိုင်းလိမ်လည်မှု (Online Scam) ဆိုသည်မှာ မတရားသော နည်းဖြင့် အကျိုးအမြတ်ရယူရန် သို့မဟုတ် အခြားသူတစ်ဦးဦးကို ဆုံးရှုံးနစ်နာစေရန် ရည်ရွယ်ချက်ဖြင့် ကွန်ပျူတာစနစ်၊ ဆက်သွယ်ရေးကွန်ရက်၊ အင်တာနက် သို့မဟုတ် ဒစ်ဂျစ်တယ်နည်းပညာ တစ်ရပ်ရပ်ကို အသုံးပြု၍ သူတစ်ဦးဦး၏ ငွေကြေး၊ ပိုင်ဆိုင်မှု သို့မဟုတ် အဖိုးတန် ပစ္စည်းများကို လှည့်ဖြားရယူခြင်း သို့မဟုတ် သူတစ်ဦးဦး၏ ကိုယ်ရေးအချက်အလက် များ၊ အကောင့်ဝင်ရောက်ခွင့် လျှို့ဝှက်ကုဒ် များကို လှည့်ဖြားရယူခြင်း သို့မဟုတ် တစ်ဆင့်ခံအသုံးပြုခြင်း သို့မဟုတ် မှားယွင်း သော သတင်းအချက်အလက်၊ ပုံရိပ်ယောင် ဖန်တီးမှုများဖြင့် တစ်ဖက်လူကို ယုံကြည် စေရန် လှည့်ဖြားခြင်းကိုဆိုသည်ဟု ပြင်ဆင်ဖြည့်စွက်လိုကြောင်းနှင့် အခန်း(၁၁) ပုဒ်မ ၅၀၊ အခန်း(၁၂) ပုဒ်မ ၅၅ နှင့် အခန်း (၁၃) ပုဒ်မ ၆၂ တို့နှင့်စပ်လျဉ်း၍ ပြင်ဆင် ဖြည့်စွက်လိုသည်များကို ရှင်းလင်း ဆွေးနွေးသည်။

ရန်ကုန်တိုင်းဒေသကြီး အမျိုးသား လွှတ်တော်ကိုယ်စားလှယ် အမှတ်(၅) ဦးအောင်သီဟက ဥပဒေကြမ်းအခန်း(၂) အဓိပ္ပာယ်ဖွင့်ဆိုချက်များတွင် International Gateway Services (IGW)၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ထည့်သွင်းရန်နှင့် အခန်း(၈) သတင်းအချက်အလက်ဖလှယ် ခြင်းတွင် (IGW)လိုင်စင်ရရှိသူများကို Online Scam များကို စောင့်ကြည့်ဖော်ထုတ်ရန်၊ Scam Cell များကို သတင်းပို့ရန်၊ Phishing Traffic များကို စောင့်ကြည့်ရန်၊ Cyber Threat များကို ဖော်ထုတ်ရန်၊ Traffic Log နှင့် CDR များကို ထိန်းသိမ်းရန်နှင့် စုံစမ်း စစ်ဆေးမှုများတွင် ပူးပေါင်းဆောင်ရွက်ရန် တာဝန်များကို ထည့်သွင်းပြဋ္ဌာန်းသင့်ပါ ကြောင်း ဆွေးနွေးသည်။

ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၂) ဦးအောင် သိန်းဌေးက ဥပဒေကြမ်းပါ အခန်း(၂) ပုဒ်မ (၃) အပိုဒ်ခွဲ(ဆ)တွင် သူတစ်ဦးဦးအစား လူတစ်ဦးဦး၏၊ တစ်ဦးဦး၏၊ တစ်စုံ တစ်ယောက်၏၊ တစ်စုံတစ်ယောက်သော သူ၏ဟု ပြင်ဆင်လိုကြောင်း၊ မြန်မာစာ သတ်ပုံရေးထုံးအရ အဓိပ္ပာယ်ဟု ဝိုက်ချ ဖြင့် ရိုက်နှိပ်ထားသည်ကို အဓိပ္ပါယ်ဟု မောက်ချဖြင့် ရိုက်နှိပ်စေလိုပါကြောင်း ဆွေးနွေးသည်။

မွန်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၉) ဦးစိုးမင်းစမ်းက အခန်း(၅) ဒေသဆိုင်ရာကော်မတီများ ဖွဲ့စည်းခြင်း ပုဒ်မ ၇ အပိုဒ်ခွဲ(ဂ)အရ ဒေသ ဆိုင်ရာကော်မတီကို လိုအပ်ပါက ပြင်ဆင် ဖွဲ့စည်းနိုင်သည်ဟု ဖော်ပြပါရှိပါကြောင်း၊ သက်ဆိုင်ရာဒေသအသီးသီးမှ ရွေးကောက် တင်မြှောက်ခြင်းခံရသော လွှတ်တော် ကိုယ်စားလှယ်များသည် အဆိုပါဒေသ အတွင်းရှိ မြေပြင်အခြေအနေများကို ပိုမို သိရှိနားလည်သူများဖြစ်သည့် အားလျော် စွာ လွှတ်တော်များပေါ်ပေါက်နေစဉ်ကာလ အတွင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက် ရေးကော်မတီတွင်ဖြစ်စေ၊ လိုအပ်ချက် အရ ထပ်မံတိုးချဲ့ဖွဲ့စည်းမည့် ခရိုင်အွန်လိုင်း လိမ်လည်မှု တိုက်ဖျက်ရေးကော်မတီတွင် ဖြစ်စေ သက်ဆိုင်ရာဒေသမှ လွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်သွားပါက အဆိုပါ ကော်မတီများကို ပိုမို၍အထောက်အကူပြု သွားမည်ဟု သုံးသပ်တွေ့ရှိရပါကြောင်း။

သို့ပါ၍ ဒေသဆိုင်ရာကော်မတီများ ဖွဲ့စည်းခြင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ ဒေသမှ လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ကို အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်သွားနိုင် ပါရန်နှင့် နိုင်ငံတော်သည် အရေးပေါ်အခြေ အနေတွင် ကျရောက်သည့်အချိန်အခါ ဖြစ်စေ၊ အကြောင်းအမျိုးမျိုးကြောင့် လွှတ်တော်ဖျက်သိမ်းထားသည့် အချိန် အခါတွင်ဖြစ်စေ အဆိုပါလွှတ်တော် ကိုယ်စားလှယ်များကို ကော်မတီအဖွဲ့ဝင် အဖြစ်မှ ထုတ်ပယ်ပြီးဖြစ်စေရမည် ဟု ထည့်သွင်းဖော်ပြသင့်ပါကြောင်း ဆွေးနွေးသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသား လွှတ်တော်ကိုယ်စားလှယ် အမှတ်(၇) ဦးပြုံးချိုက အခန်း(၁) ပုဒ်မ ၂ ပုဒ်မခွဲ(ခ) "နိုင်ငံတော်၏တည်ဆဲဥပဒေအရ မှတ်ပုံ တင်ထားသော ရေယာဉ် သို့မဟုတ် လေယာဉ်တစ်ခုခုပေါ်တွင် ကျူးလွန်မှု" အစား "မည်သည့်ယာဉ်တစ်ခုခုပေါ်တွင်" ဟုလည်းကောင်း၊ အခန်း(၁၃) ပုဒ်မ ၆၂ ၏ အောက်တွင် ပုဒ်မ ၆၃ အဖြစ် "ဤဥပဒေ အရ အရေးယူပိုင်ခွင့်ရှိသည့် ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်"ဟု ထည့်သွင်းပြဋ္ဌာန်းပြီး ပုဒ်မ ၆၃ကို ပုဒ်မ ၆၄ အဖြစ်ထည့်သွင်းသင့် ပါကြောင်း ဆွေးနွေးသည်။

မန္တလေးတိုင်းဒေသကြီး အမျိုးသား လွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၂) ဦးကျော်တင့်က အခန်း(၁) ပုဒ်မ (၁) တွင် "ဤဥပဒေကို အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာဥပဒေဟု ခေါ်တွင် စေရမည်"တွင် မြန်မာနိုင်ငံတော် အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးက ဗဟိုကော်မတီဖွဲ့စည်းရာတွင် "အွန်လိုင်း လိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေး ကြီးကြပ်မှုဗဟိုကော်မတီ" ဟု အမည်ပေးဖွဲ့စည်းကာ လုပ်ငန်းတာဝန် များကို ချမှတ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ အွန်လိုင်းလောင်းကစားမှုကြောင့် ပြည်သူ များ ထိခိုက်နစ်နာဆုံးရှုံးခဲ့ရပါကြောင်း၊ ထို့ကြောင့် ဥပဒေအမည်ကို "အွန်လိုင်း လောင်းကစားမှု" စာသား ဖြည့်စွက်ပြီး အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်း လောင်းကစားမှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေဟု ခေါ်တွင်သင့်ပါကြောင်း၊ အခန်း(၂) အဓိပ္ပာယ်ဖော်ပြချက်တွင်လည်း အွန်လိုင်း လောင်းကစားမှုကို ထည့်သွင်းအဓိပ္ပာယ် ဖွင့်သင့်ပါကြောင်း ဆွေးနွေးသည်။

ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၁) ဦးဇော်ဇော်မြင့် က အခန်း(၁၁) ပုဒ်မ ၄၉ တွင် မည်သူမျှ သူတစ်ဦးအား ထိခိုက်နစ်နာစေရန် မဟုတ် မမှန်သတင်းပေးတိုင်ကြား၍ အခြားသူ၏ ဘဏ်ငွေစာရင်းအမှတ်အား ဆိုင်းငံ့စေ ခြင်း၏နောက်တွင် အွန်လိုင်းလိမ်လည်မှု ဝက်ဘ်ဆိုက်လင့်များပေးပို့ခြင်း၊ထည့်သွင်း ခြင်းတို့ မပြုရဟုလည်းကောင်း၊ မည်သူမဆို ပုဒ်မ ၃၁၊ ပုဒ်မ ၃၄ သို့မဟုတ် ပုဒ်မ ၃၇ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံးသုံးနှစ်မှ အများဆုံး ကိုးနှစ်ထိ ထောင်ဒဏ်ချမှတ် ရမည့်အပြင် အနည်းဆုံး ကျပ်သိန်း တစ်ထောင်မှ အများဆုံး ကျပ်သိန်း ငါးထောင်ထိ ငွေဒဏ်လည်း ချမှတ်ရမည် ဟုလည်းကောင်း၊ မည်သူမဆို ပုဒ်မ ၃၂၊ ပုဒ်မ ၃၃၊ ပုဒ်မ ၃၆၊ ပုဒ်မ ၃၇၊ ပုဒ်မ ၃၈၊ ပုဒ်မ ၃၉၊ ပုဒ်မ ၄၀၊ ပုဒ်မ ၄၁၊ ပုဒ်မ ၄၂၊ ပုဒ်မ ၄၃ သို့မဟုတ် ပုဒ်မ ၄၉ ပါ တားမြစ် ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန် ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ငါးနှစ်မှ အများဆုံး ဆယ်နှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်သိန်းငါးထောင်မှ အများ ဆုံး ကျပ်သိန်းတစ်သောင်းအထိ ငွေဒဏ် လည်း ချမှတ်ရမည်ဟုလည်းကောင်း ပြင်ဆင်ဖြည့်စွက်လိုကြောင်း။

မည်သူမဆို ပုဒ်မ ၄၄၊ ပုဒ်မ ၄၅၊ ပုဒ်မ ၄၆ သို့မဟုတ် ပုဒ်မ ၄၈ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန် ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံး ထောင်ဒဏ် တစ်ဆယ်နှစ်မှ အများဆုံး ထောင်ဒဏ်တစ်သက်ထိ ချမှတ် ရမည့်အပြင်၏ နောက်တွင် ထိုသူနှင့် ဆက်နွှယ်ပတ်သက်၍ ရွှေ့ပြောင်းနိုင်သည့် ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများ အားလုံးကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည် သို့မဟုတ် ထိုသူ ပြစ်မှု ကျူးလွန်ခဲ့သည့် ကာလတစ်လျှောက်လုံး ရရှိခဲ့သည့် ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများ၊ မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများနှင့် ငွေကြေးအမျိုးမျိုးတို့၏ ကာလတန်ဖိုး၏ နှစ်ဆကို ငွေဒဏ်အဖြစ် ချမှတ်ရမည်ဟု လည်းကောင်း၊ မည်သူမဆို ပုဒ်မ ၄၇ ပါ တားမြစ်ချက်ကို ဖော်ဖျက်ကျူးလွန် ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ်တစ်သက် ဖြစ်စေ၊ အများဆုံး သေဒဏ်ထိဖြစ်စေ ချမှတ်ရမည့်အပြင် ထိုသူနှင့်ဆက်နွှယ် ပတ်သက်၍ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများအားလုံး ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရ မည် သို့မဟုတ် ထိုသူပြစ်မှုကျူးလွန်ခဲ့သည့် ကာလတစ်လျှောက်လုံး ရရှိခဲ့သည့် ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများ၊ မရွှေ့ ပြောင်းနိုင်သည့် ပစ္စည်းများနှင့် ငွေကြေး အမျိုးမျိုးတို့၏ ကာလတန်ဖိုး၏နှစ်ဆကို ငွေဒဏ်အဖြစ် ချမှတ်ရမည်။ အကယ်၍ အဆိုပါပြစ်မှုကျူးလွန်ရာတွင် တစ်ဦး တစ်ယောက်ကို သေဆုံးခဲ့သော် သေဒဏ် ချမှတ်ရမည်ဟုလည်းကောင်း ပြင်ဆင် ဖြည့်စွက်သင့်ပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေး ချက်နှင့်ပတ်သက်၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည် ကြားနာဆောင်ရွက်ရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ထို့နောက် **အခြေခံပညာကျောင်းများ ရှိ ပညာသင်ကြားရေး ဆရာ၊ ဆရာမများ လိုအပ်နေမှုအခြေအနေကို နိုင်ငံတော်က အချိန်မီ ဖြည့်ဆည်းဆောင်ရွက်ပေးရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်း**အဆိုနှင့်စပ်လျဉ်း၍ စစ်ကိုင်း တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂) ဦးအောင်ချစ်လွင် က ယခုခေတ် ပညာသင်ကြားရေးစနစ် တွင် ဆရာတစ်ယောက်လစ်လပ်နေလျှင် သင်ကြားရေးတွင် အခက်အခဲရှိနိုင်ပါ ကြောင်း၊ ခေတ်ကာလအခြေအနေအရ သို့မဟုတ် အကြောင်းအမျိုးမျိုးကြောင့် ဆရာ၊ ဆရာမများ လစ်လပ်နေမှုကို ယခု အတိုင်းဆက်သွားနေပါက မျိုးဆက်သစ် ကျောင်းသား၊ ကျောင်းသူများအတွက် ရင်လေးစရာ ကောင်းလှပါကြောင်း၊ ကျော်လွန်ခဲ့သည့် အတိတ်ဖြစ်ရပ်များကို ချန်ထားခဲ့ပြီး လက်ရှိအချိန်မှစ၍ ဆရာ၊ ဆရာမဖြည့်ဆည်းရေးအစီအစဉ်ကို ဆောင် ရွက်ကြရမည်ဖြစ်ကြောင်း၊ ပညာသင်နှစ် တစ်နှစ်ကိုမစောင့်ဘဲ ယခုမှစတင်၍ လုပ်ဆောင်ပါက လူငယ်မောင်မယ်များ အတွက် ချက်ချင်းလက်ငင်းအကျိုးရှိမည် ဖြစ်ပါကြောင်း။

ယနေ့လူငယ် နောင်ဝယ်လူကြီး ဆိုသည့်ဆိုရိုးနှင့်အညီ တက်သစ်စလူငယ် မောင်မယ်များ၏ နောင်ရေးကို မြော်တွေး ပြီး သင်ကြားရေးဆရာ၊ ဆရာမများ အသစ် ခန့်ထားရာတွင်လည်း တစ်ဦးချင်းစီကို စိစစ်ခန့်ထားရန် လိုအပ်ပါကြောင်း၊ ဆရာ၊ ဆရာမများကလည်း မိမိတို့တာဝန်ကျရာ နေရာဒေသကို မိမိတို့မွေးရပ်ဇာတိမြေ ကဲ့သို့သဘောထားပြီး ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ သို့မှသာ လစ်လပ်နေ သည့် အခြေခံပညာကျောင်းများတွင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ များ စုံစုံလင်လင် ညီညီညာညာ စာပေ ရွှတ်ဖတ်သံနှင့်အတူ ပညာရေးလောက ကြီးကို အလှဆင်နိုင်မည်ဖြစ်ကြောင်း အဆိုတင်သွင်းသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ စစ်ကိုင်း တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၇) ဦးသိန်းလှိုင်က ထောက်ခံသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောတူသဖြင့် အဆိုကို လွှတ်တော်က ဆွေးနွေးမည်ဖြစ် ကြောင်းနှင့် ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိပါက အမျိုးသား လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး တတိယနေ့ကို ရပ်နားလိုက် ပြီး အစည်းအဝေးစတုတ္ထနေ့ကို ဇွန် ၁၁ ရက် တွင် ဆက်လက်ကျင်းပသွားမည်ဖြစ် ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်**

**၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။**

**၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။**

**၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။**

# ယဉ်ကျေးမှု ဖလှယ်ခြင်းမှသည် ချစ်ကြည်ရင်းနှီးမှုဆီသို့

အနုပညာဆိုသည်မှာ လူသားအားလုံး ဆက်သွယ်ပြောဆိုနိုင်သည့် ကမ္ဘာသုံး ဘာသာစကားတစ်ခုဖြစ်ပါသည်။ ပြောဆိုသုံးနှုန်းကြသည့် ဘာသာစကားများ၊ ဘဝနေထိုင်မှု၊ ယဉ်ကျေးမှုပုံစံများ မည်သို့ပင် မတူကွဲပြားမှုရှိပါစေ၊ ခေတ်သမိုင်းအဆက်ဆက်တွင် ကမ္ဘာ့နိုင်ငံအချင်းချင်း ယဉ်ကျေးမှုများ ဖလှယ်သည့်အခါ အနုပညာက လွှမ်းခြုံမှုအားကောင်းသည့် ကြားခံတစ်ခုဖြစ်ပါသည်။

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ဘက်ပေါင်းစုံ၊ နယ်ပယ်ပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှု သမိုင်းမှတ်တိုင်ကောင်းများစွာရှိပါသည်။ ထိုကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုများအနက် တရုတ်နိုင်ငံ၏ ထန်မင်းဆက်၊ မြန်မာနိုင်ငံ၏ ပျူခေတ်တွင် နှစ်နိုင်ငံပြည်သူများ၏ကြားတွင် အနုပညာ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ဂီတနှင့် အနုပညာကို အခြေခံသည့် ပူးပေါင်းဆောင်ရွက်မှုများရှိခဲ့သည် ဆိုသည်ကို လေ့လာသိရှိရပါသည်။

ယခု လက်ရှိအချိန်တွင်လည်း နှစ်နိုင်ငံ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်စေရန်အတွက် တရုတ်-မြန်မာ ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်များကို လုပ်ဆောင်လျက်ရှိပါသည်။ ထိုသို့ ပူးပေါင်းလုပ်ဆောင်ရာတွင် ယခုကျင်းပသည့် တရုတ်- မြန်မာ နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးထူထောင်ခြင်း (၇၆) နှစ်မြောက် အထိမ်းအမှတ်၊ ၂၀၂၆ ခုနှစ် တရုတ်ရုပ်ရှင် သီတင်းပတ်နှင့် ပတ်သက်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး H.E. Ms.Ma Jia နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။

**မေး။ ။ သံအမတ်ကြီး မင်္ဂလာပါရှင်။ သံအမတ်ကြီးတို့အနေနဲ့ တရုတ်ရုပ်ရှင်ပွဲတော်ကို ဒီနေ့ စတင်ကျင်းပသွားမယ်လို့ သိရပါတယ်။ ဒီလိုမျိုး မြန်မာနိုင်ငံမှာ ကျင်းပရတဲ့ ရည်ရွယ်ချက်နဲ့ အနှစ်သာရကို သိပါရစေ။**

ဖြေ။ ။ လွန်ခဲ့တဲ့ (၇၆) နှစ်ရဲ့ ဒီလိုနေ့မှာတရုတ်- မြန်မာနှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးကို စတင်ထူထောင်ခဲ့ပါတယ်။ (၇၆) နှစ်တာကာလအတွင်းမှာ နိုင်ငံတကာ အခြေအနေများ ဘယ်လိုပင်ပြောင်းလဲပါစေ နှစ်နိုင်ငံစလုံးက အပြန်အလှန်လေးစားခြင်းနဲ့ နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေမယ့် ပူးပေါင်းဆောင်ရွက်ခြင်းဆိုတဲ့ အတူယှဉ်တွဲ နေထိုင်ရေးလမ်းစဉ်ကို အစဉ်တစိုက်ကိုင်စွဲထားခဲ့ကြပါတယ်။

ကျွန်မတို့က ၂၀၂၆ ခုနှစ် တရုတ်ရုပ်ရှင်ရက်သတ္တပတ် ဖွင့်ပွဲအခမ်းအနားကို ဒီနေ့မှာ ကျင်းပဖို့ အထူးရွေးချယ်ခဲ့ခြင်းဟာ နှစ်နိုင်ငံအကြား (၇၆) နှစ်တိုင်တိုင် အေးအတူပူအမျှ ဖြတ်သန်းခဲ့ကြတဲ့ ချစ်ကြည်ရင်းနှီးတဲ့ ဆက်ဆံရေးကို ဂုဏ်ပြုတာဖြစ်ပြီး တရုတ်-မြန်မာ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးကို ရုပ်ရှင်ဖန်သားပြင်ရဲ့ အတွင်းအပြင်တို့မှာ မျိုးဆက်သစ်များထံ လက်ဆင့်ကမ်းသွားနိုင်ဖို့ မျှော်လင့်ပါတယ်။

ရုပ်ရှင်ဆိုတာက နိုင်ငံနယ်နိမိတ်များကို ကျော်ဖြတ်နိုင်တဲ့ အပြည်ပြည်ဆိုင်ရာ အများသုံး



ဘာသာစကားတစ်ခုဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်ကစပြီး ကျွန်မတို့က မြန်မာနိုင်ငံမှာ တရုတ်ရုပ်ရှင်သီတင်းပတ်ကို (၈) ကြိမ်တိုင်တိုင် မပျက်မကွက် ကျင်းပလာခဲ့ခြင်းဟာ သက်ဝင်လှုပ်ရှားသော ကင်မရာမြင်ကွင်းများနဲ့ စိတ်လှုပ်ရှားဖွယ် ဇာတ်လမ်းပုံပြင်များကတစ်ဆင့် တရုတ်ပြည်သူများရဲ့ လူနေမှုဘဝနဲ့ တရုတ်လူမှုအဖွဲ့အစည်းရဲ့ ပြောင်းလဲတိုးတက်မှုများကို ဖော်ပြပေးဖို့ဖြစ်ပြီး အားလုံးကို စစ်မှန်ပြီး၊ ရုပ်လုံးပေါ်ကာ ကဏ္ဍစုံလင်တဲ့ တရုတ်နိုင်ငံရဲ့ ပုံရိပ်ကို တင်ဆက်ပြသလိုခြင်း ဖြစ်ပါတယ်။

ထိုမှတစ်ဆင့် နှစ်နိုင်ငံ ပြည်သူများအကြား အတားအဆီးနဲ့ နားလည်မှုလွဲမှားခြင်းတွေကို ဖယ်ရှားကာ အပြန်အလှန်နားလည်မှုနဲ့ ယုံကြည်မှုကို တိုးမြှင့်ပေးပြီး နှစ်နိုင်ငံပြည်သူတွေကို စိတ်ချင်းဆက်နွှယ်မှုမှတစ်ဆင့် အပြန်အလှန် သိရှိနားလည်ခြင်း၊ ချစ်ခင်ရင်းနှီးခြင်းနှင့် ပေါင်းစည်းခြင်းတို့ကို ဖော်ဆောင်ပေးကာ တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်း တည်ဆောက်ရေးအတွက် ရေရှည်နက်ရှိုင်းတဲ့ လူမှုယဉ်ကျေးမှု အင်အားစုတွေကို ဖြည့်ဆည်းပေးဖို့ မျှော်လင့်ပါတယ်။

ယခုအကြိမ် ရုပ်ရှင်သီတင်းပတ်မှာ အထူးရေပန်းစားလူကြိုက်များတဲ့ တရုတ်ရုပ်ရှင် လက်ရာကောင်း ခုနစ်ကားကို ကျွန်မတို့ အထူးရွေးချယ်ထားပါတယ်။ ရုပ်ရှင်အမျိုးအစားများ မတူညီကြသော်လည်း ရုပ်ရှင်အားလုံးက စစ်မှန်တဲ့မိသားစု သံယောဇဉ်၊ ခိုင်မာတဲ့အိပ်မက်များ၊ မဆုတ်မနစ် ကြိုးပမ်းအားထုတ်မှုများနဲ့ တရားမျှတမှုအပေါ် ရပ်တည်ချက်၊ လှပတဲ့ဘဝဆီသို့ လျှောက်လှမ်းပုံများကို ပုံဖော်ထားခြင်းဖြစ်ပါတယ်။ စိတ်နှလုံးချင်း ဆက်နွှယ်ပေးမယ့် ဤရုပ်ရှင်ဇာတ်ကားကောင်း ခုနစ်ကားကတစ်ဆင့် မြန်မာပရိသတ်တွေအတွက် စိတ်လှုပ်ရှားကြည်နူးမှု၊ အတွေးအမြင်သစ်တွေနဲ့ ခွန်အားတွေကို ဆောင်ကြဉ်းပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

**မေး။ ။ အခုလို ကြားသိရတဲ့အတွက် ဝမ်းသာပါတယ် သံအမတ်ကြီးရှင့်။ မြန်မာနိုင်ငံအနေနဲ့ဆိုရင် တရုတ်နိုင်ငံနဲ့ ပူးပေါင်းပြီးတော့ ရုပ်ဝန်းနဲ့ ပိုးလမ်းမလိုမျိုး စီမံကိန်းတွေ ပူးပေါင်းဆောင်ရွက်နေသလိုပဲ နှစ်နိုင်ငံ ပြည်သူအချင်းချင်းအကြားမှာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ဖို့ ပူးပေါင်းဆောင်ရွက်ဖို့ရှိတဲ့အခါ အခုလို ရုပ်ရှင်ပွဲတော်တွေကို နှစ်စဉ်ကျင်းပခြင်းအားဖြင့် ဘယ်လိုအကျိုးရလဒ်တွေကို ဆောင်ကြဉ်းပေးမယ်ဆိုတာ သံအမတ်ကြီးအနေနဲ့ မျှော်လင့်ပါသလဲရှင့်။**

ဖြေ။ ။ "Belt and Road" ကို အတူတကွ ပူးပေါင်းတည်ဆောက်ရေး အဆိုပြုချက်က အပြန်အလှန် ပေါင်းစည်းဆက်နွှယ်မှုကို အဓိကလမ်းကြောင်းအဖြစ်ထားရှိပြီး နိုင်ငံအသီးသီးနဲ့အတူ မူဝါဒပိုင်းဆိုင်ရာဆွေးနွေးမှု၊ အခြေခံအဆောက်အအုံချိတ်ဆက်မှု၊ ကုန်သွယ်မှု အဆင်ပြေချောမွေ့မှု၊ မတည်ရင်းနှီးငွေစီးဆင်းမှုနဲ့ ပြည်သူချင်း စိတ်ချင်းဆက်နွှယ်မှုတို့ကို အားကောင်းအောင် ဆောင်ရွက်ကာ ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် မောင်းနှင်အားသစ်များကို ဖြည့်ဆည်းပေးဖို့ ရည်ရွယ်ပါတယ်။

"Belt and Road" ကို အတူတကွ ပူးပေါင်းတည်ဆောက်ခြင်းဖြင့် တရုတ်-မြန်မာ နှစ်နိုင်ငံသည် စီးပွားရေး၊ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှု၊ လျှပ်စစ်နဲ့ စွမ်းအင် အစရှိတဲ့ကဏ္ဍတွေမှာ နှစ်ဦးနှစ်ဖက် အပြန်အလှန် ဆက်ဆံဖလှယ်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို စဉ်ဆက်မပြတ်နက်ရှိုင်းစေခဲ့ပြီး မြန်မာပြည်သူတွေအတွက် လက်တွေ့ကျတဲ့ လူမှုစီးပွား အကျိုးကျေးဇူးများနဲ့ သုခချမ်းသာများကို ဆောင်ကြဉ်းပေးနိုင်ခဲ့ပါတယ်။

ပြည်သူချင်းစိတ်ချင်းဆက်နွှယ်မှုက "Belt and Road" တည်ဆောက်ရေးဆိုင်ရာ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုရဲ့ အရေးပါတဲ့ အစိတ်အပိုင်းတစ်ခုဖြစ်ပါတယ်။ တရုတ် ရုပ်ရှင်သီတင်းပတ်ကျင်းပခြင်းက နှစ်နိုင်ငံပြည်သူတွေရဲ့ စိတ်နှလုံးကို ပိုမိုနီးကပ်စေဖို့ အထောက်အကူပြုပြီး တရုတ်- မြန်မာကဏ္ဍစုံ လက်တွေ့ကျတဲ့ ပူးပေါင်းဆောင်ရွက်မှုတွေအတွက် ပိုမိုပွင့်လင်းမြင်သာပြီး တံခါးဖွင့်လှစ်ကာ ချစ်ကြည်ရင်းနှီးပြီး အားလုံးပါဝင်နိုင်တဲ့ ပြည်သူ့သဘောထား ပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေးနိုင်မှာဖြစ်ပါတယ်။ ကျွန်မတို့က မြန်မာမိတ်ဆွေများ တရုတ်နိုင်ငံသို့ ပိုမိုလာရောက်လည်ပတ်ကြရန်၊ တရုတ်နိုင်ငံရဲ့ ဒေသန္တရ ဓလေ့ထုံးတမ်းများကို ကိုယ်တိုင်ကိုယ်ကျ ထိတွေ့ခံစားပြီး တရုတ်ပုံစံခေတ်မီဆန်းသစ်မှုရဲ့ ထောင်သောင်းမကတဲ့ တိုးတက်ပြောင်းလဲမှု အသွင်သဏ္ဌာန်များကို ခံစားကြည့်ရှုကြဖို့ လှိုက်လှိုက်လှဲလှဲ ဖိတ်ခေါ်ကြိုဆိုအပ်ပါတယ်။

**မေး။ ။ အခု တရုတ်-မြန်မာ နှစ်နိုင်ငံယဉ်ကျေးမှု ဖလှယ်ရေးအစီအစဉ်မှာ ရုပ်ရှင်ပွဲတော်က တစ်ခုအပါအဝင် ဖြစ်ပါတယ်။ အဲဒီလိုမျိုးပဲ ရုပ်ရှင်ပွဲတော်ကျင်းပခြင်းနဲ့အတူ တခြား ဘယ်လိုယဉ်ကျေးမှုပွဲတော်တွေ ကျင်းပဖို့ စီစဉ်ထားတယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ ရုပ်ရှင်နှင့် ရုပ်မြင်သံကြားကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုက တရုတ်- မြန်မာလူမှုယဉ်ကျေးမှုဖလှယ်ရေးမှာ အလွန်တောက်ပတဲ့ အခန်းကဏ္ဍတစ်ခုဖြစ်ပါတယ်။ တရုတ်နိုင်ငံအနေနဲ့ နှစ်နိုင်ငံ ယဉ်ကျေးမှုဖလှယ်ရေးကို အစဉ်တစိုက် အလေးအနက်ထားရှိပြီး တရုတ်ရိုးရာပွဲတော်များ၊ တရုတ်ဇာတ်သဘင် အော်ပရာဖျော်ဖြေပွဲများ၊ "Chinese Bridge" တရုတ်ဘာသာစကား ပြိုင်ပွဲများ၊ လန်ချန်း-မဲခေါင် ဗီဒီယိုတိုပြိုင်ပွဲများနဲ့ "ပေါက်ဖော်နှလုံးသားထဲမှစကားသံများ တရုတ်-မြန်မာ သံတမန်ဆက်ဆံရေးထူထောင်ခြင်း (၇၅) နှစ်မြောက်အထိမ်းအမှတ် ဇာတ်လမ်းပုံပြင်များ စုစည်းမှု" စာမူဖိတ်ခေါ်ခြင်း အစရှိတဲ့ ထင်ရှားပြီး သက်ဝင်လှုပ်ရှားတဲ့ အစီအစဉ်တွေကို ဆက်တိုက်ကျင်းပခဲ့ရာ မြန်မာပြည်သူတွေရဲ့ အားပေးထောက်ခံမှုကို ရရှိခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ ဂီတ၊ အက၊ ပန်းချီ၊ ပန်းပု၊ ဗိသုကာပညာနဲ့ ရိုးရာဓလေ့ထုံးတမ်းတွေ၊ အထူးသဖြင့် ပျော်ရွှင်စရာကောင်းလှတဲ့ မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်လှုပ်ရှားမှုတွေကလည်း ကျွန်မတို့ကို နက်ရှိုင်းစွာ အမှတ်တရကောင်းတွေ ရရှိစေခဲ့ပါတယ်။

နောင်အနာဂတ်မှာ ကျွန်မတို့က ယဉ်ကျေးမှုဖလှယ်ရေးရဲ့ အတိုင်းအတာနဲ့ နက်ရှိုင်းမှုကို စဉ်ဆက်မပြတ် ဆက်လက်တိုးချဲ့သွားဖို့ ဆန္ဒရှိပါတယ်။ ကျွန်မတို့က တရုတ်ရုပ်ရှင် သီတင်းပတ်ကို ကောင်းမွန်စွာ ဆက်လက်ကျင်းပသွားမယ့်အပြင်၊ ပိုမိုကောင်းမွန်တဲ့ တရုတ်ဇာတ်လမ်းတွဲတွေကိုလည်း မိတ်ဆက်ပေးသွားမှာဖြစ်ပြီး မြန်မာနိုင်ငံနဲ့အတူ မှတ်တမ်းတင်ရုပ်ရှင်များနဲ့ အထူးအစီအစဉ်များကို ပိုမိုပူးတွဲရိုက်ကူးသွားမှာဖြစ်ပါတယ်။

ထို့ပြင် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေး၊ ယဉ်ကျေးမှု၊ ခရီးသွားလာရေးဆိုင်ရာ ခံစားမှုများ၊ ပညာရေးပူးပေါင်းဆောင်ရွက်မှု အစရှိတဲ့နယ်ပယ်များမှာလည်း ပိုမိုတိုးမြှင့်လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ကျွန်မတို့က တရုတ်အနုပညာအဖွဲ့အစည်းတွေကို မြန်မာနိုင်ငံသို့ လာရောက်ဖျော်ဖြေရန် ပိုမိုတွန်းအားပေးသွားမှာဖြစ်ပြီး မြန်မာအနုပညာရှင်များ တရုတ်နိုင်ငံသို့ သွားရောက်ဖလှယ်ကြဖို့လည်း ကြိုဆိုပါတယ်။ အခုလို ယဉ်ကျေးမှုဖလှယ်မှုတွေမှတစ်ဆင့် နှစ်နိုင်ငံပြည်သူများအကြား နားလည်မှု တိုးပွားစေဖို့နဲ့ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေဖို့အတွက် စင်မြင့်ပလက်ဖောင်းတွေကို ပံ့ပိုး ဖော်ဆောင်ပေးနိုင်လိမ့်မယ်လို့ မျှော်လင့်မိပါတယ်။

**(သတင်းစဉ်)**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

# ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူများကို ပထမအကြိမ် ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ထီးများပေးအပ်



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦး ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ထီးများ ပေးအပ်ပွဲတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇွန် ၈**

၂၀၂၆ - ၂၀၂၇ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နှင့်ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ထီးများ ပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ထီးများ ပေးအပ်ချီးမြှင့်ပြီး တိုင်းမှူးက တက်ရောက်လာကြသည့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(ဖ၀၁)



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦး ကျောင်းသား တစ်ဦးကို စာရေးကိရိယာများ ပေးအပ်စဉ်။

# ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

**နေပြည်တော် ဇွန် ၈**

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် နှင့် အဖွဲ့ဝင်များ၊ အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစား ဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင် အသင်း ရှစ်သင်းဖြင့် ဇွန် ၂၅ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(ဖ၀၁)

## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အသိပေးကြေညာချက်

မော်တော်ယာဉ်များတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေးသည့် မော်တော်ယာဉ်နံပါတ်ပြား မဟုတ်ဘဲ အခြားနံပါတ်ပြားတပ်ဆင်ခြင်း၊ မူလနံပါတ်ပြားကို အလှဆင်ပြုပြင်ထားသည့် နံပါတ်ပြားများတပ်ဆင်ခြင်း၊ အလှဆင်နံပါတ်ပြားများတပ်ဆင်ခြင်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များတွင် အသံပိုမိုကျယ်လောင်စေရန် အသံထိန်းကိရိယာများ ပြောင်းလဲတပ်ဆင်ခြင်း၊ အသံထိန်းကိရိယာဖြုတ်၍ မောင်းနှင်ခြင်း၊ ဆူညံသံဖြစ်ပေါ်စေသည့် ကိရိယာတပ်ဆင်အသုံးမပြုကြရန်နှင့် တပ်ဆင်အသုံးပြုသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များကို ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့်မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ယာဉ်ထိန်းရဲတပ်ဖွဲ့**

# ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးကို လက်ခံတွေ့ဆုံ



**နေပြည်တော် ဇွန် ၈**

နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia အား ယနေ့ မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ၊ ဆောင်ရွက်ဆဲစီမံကိန်းများ ဆက်လက် အကောင်အထည်ဖော်နိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတို့နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# လာအိုပြည်သူ့တပ်မတော်၏ စစ်ဦးစီးဌာန ဒုတိယအကြီးအကဲဖြစ်သူ Major General Vanthong BOUTTAVONG ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ



လာအိုပြည်သူ့တပ်မတော်၏ စစ်ဦးစီးဌာန ဒုတိယအကြီးအကဲဖြစ်သူ Major General Vanthong BOUTTAVONG ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ကို တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုစစ်သံမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။

**နေပြည်တော် ဇွန် ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် လာအိုပြည်သူ့တပ်မတော်၏ စစ်ဦးစီးဌာန ဒုတိယအကြီးအကဲဖြစ်သူ Major General Vanthong BOUTTAVONG ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ လာအို စစ်သံမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

အဆိုပါ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁၂ ရက်ထိ ငါးရက်ကြာ နေထိုင်၍ မြန်မာနိုင်ငံရှိ အထင်ကရနေရာများသို့ လေ့လာလည်ပတ်ခြင်းနှင့် နှစ်နိုင်ငံရေတပ်ဆိုင်ရာ ချစ်ကြည်ရေးခရီးစဉ်များ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(ဖ၀၁)

# တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပ



မန္တလေး ဇွန် ၈

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ၁၂ ဦးက မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်း ၁၅ ခု ကို သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားကြပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။

တိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ဇွန် ၉ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြင့်မော်ထွန်း(ပြန်/ဆက်)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၈

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇွန် ၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Nang Akari" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ညောင်ဖြူစခန်းရပ်ကွက် စဝ်စံထွန်းဈေး(အောက်ဘက်) တေဇလမ်းနေ ဧကရီကျော်ခေါ် နန်းဧကရီကျော်ကို ည ၁၀ နာရီ မိနစ် ၄၀ တွင် တောင်ကြီးနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# ၈-၆- ၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၃ ~ ၃၆၆၉ | ၅၅၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၀,၄၃၉,၇၆၅.၁၁ | ၃၇၉,၆၆၄.၁၆ | ၂၈,၄၀၀,၆၉၉.၅၃ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

- ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ စက်မှုကုန်ကြမ်း၊ စားသုံးကုန်စည်၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ထုပ်ပိုးမှုပစ္စည်းတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၅ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၅ သန်းကိုလည်းကောင်း၊ Non Trade ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၃၈၄ ဒသမ၂၄ ကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

**၂၀၂၆ ခုနှစ် ဇွန် ၈ ရက် ခတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၀၅၀၀၀၀ ကျပ်။

ခတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"**အစီအစဉ်မှ **"အကြမ်းဖက်သမားတွေရဲ့လုပ်ရပ်တွေ၊ အကြမ်းဖက်ပစ္စည်းတွေကို အားပေးလက်ခံကူညီလုပ်ဆောင်နေသည့်အတွက် ပြည်သူတွေရင်ဆိုင်နေတဲ့ဆိုးကျိုးများ"** ခေါင်းစဉ်ဖြင့် ၁၀-၆-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့် အပတ် ၁၇-၆-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **"အကြမ်းဖက်လုပ်ရပ်တွေကျူးလွန်နေတဲ့ ပြည်ဖျက်အစိုးရ လက်ပါးစေ အကြမ်းဖက် PDF များ"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ထူးခြားသည့် နေ့အပူချိန်များ

၈- ၆ -၂၀၂၆

| | | | | |
|---|---|---|---|---|
| ကလေးဝ | ၃၇ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| ဂန့်ဂေါ | ၃၆ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| မုံရွာ | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၅ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၃၅ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မော်လိုက် | ၃၄ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ကလေး | ၃၄ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| မင်းကင်း | ၃၄ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၃၄ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |

**❐ ချင်းပြည်နယ်မှ**

ချင်းပြည်နယ် ဖလမ်းမြို့၊ တီးတိန်မြို့နှင့် တွန်းဇံမြို့သို့ ပြန်လည်ဝင်ရောက်လာသည့်ပြည်သူများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ စားနပ်ရိက္ခာအခက်အခဲ မရှိစေရေးအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ကနဦးစီစဉ်မှုအဖြစ် စားသုံးဆီနှင့် ဆန်၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် ဘိလပ်မြေ၊ သွပ်၊ သွပ်ရိုက်သံတို့ကို တပ်မတော်လေယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် တပ်မတော်လေယာဉ်များဖြင့် စားသုံးဆီ ၁၀ တန်၊ ဆန် တန် ၅၀၊ ဘိလပ်မြေ ၄ ဒသမ ၅ တန်တို့ကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့မှ ကလေးမြို့သို့ ပို့ဆောင်ပေးလျက်ရှိကြောင်းနှင့် သက်ဆိုင်ရာမြို့နယ်များသို့ ဆက်လက်ဖြန့်ခွဲထောက်ပံ့နိုင်ရေး၊ ဒေသ၏လိုအပ်ချက်များအပေါ်မူတည်၍ ထပ်မံဖြည့်ဆည်းပေးနိုင်ရေး စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ သတင်းထုတ်ပြန်ချက်အရ သတင်းရရှိသည်။

(သတင်းစဉ်)

**❍ ဒူးရင်းသီးမှအဆက်**

သီရိမင်္ဂလာဈေး ဒူးရင်းသီးဒိုင်မှ ဦးမောင်ထွန်းက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးရှိ လှည်းကူး၊ မှော်ဘီ၊ ကော့မှူး၊ တွံတေးတို့တွင် ဒူးရင်းသီး စိုက်ပျိုးမှုရှိပြီး ဝယ်လိုအားများသော စီးပွားဖြစ် နှစ်ရှည်သီးနှံဖြစ်သည့်အတွက် ယခုမိုးရာသီတွင် တိုက်ကြီးမြို့နယ် ဥက္ကံတွင် တိုးချဲ့စိုက်ပျိုးမှုရှိကြောင်း ရန်ကုန်မြို့ ဒူးရင်းအစုအဖွဲ့မှ သိရသည်။

ဒူးရင်းသီးသည် အပူဓာတ်များသည့် အသီးအနှံဖြစ်သည့်အတွက် ဒူးရင်းသီးနှင့် မင်းကွတ်သီးကို တွဲဖက်စားသုံးခြင်းဖြင့် အပူကြောင့် ဖြစ်ပေါ်နိုင်သည့် ဘေးထွက်ဆိုးကျိုးကို ကာကွယ်ကြကြောင်း သိရသည်။

သစ္စာ(mna)

# တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇွန် ၈

မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်၊ ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**❖ ဥပဒေဘောင်အတွင်းဝင်ရောက်မှ**

ဒေသခံ တိုင်းရင်းသားပြည်သူများအနေဖြင့် ဝမ်းသာအားရကြိုဆိုထောက်ခံလျက်ရှိကြပြီး စိတ်အားထက်သန်စွာ အားပေးထောက်ခံမှုများ၊ ယုံကြည်အားကိုးမှုများဖြင့် တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက် လာခဲ့ခြင်းများကြောင့် လက်နက်ကိုင် အကြမ်းဖက်အဖွဲ့ဝင်များအနေဖြင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် နားလည်သဘောပေါက် လာကြကာ နီးစပ်ရာနယ်မြေခံတပ်စခန်းများနှင့် လုံခြုံရေးရဲကင်းများတွင် လာရောက်သတင်းပို့ပြီး ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လျက်ရှိကြသည်။

ယနေ့တွင်လည်း အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ PNLO အဖွဲ့ဝင် ခုနစ်ဦး၊ ဖယ်ခုံ PDF ခုနစ်ဦး၊ မိုးဗြဲ PDF နှစ်ဦး၊ DPLA ၁၂ ဦး၊ KNDF ခုနစ်ဦး၊ ရှမ်း(တောင်) PDF တစ်ဦး၊ ကျောက်ဆည် PDF လေးဦး စုစုပေါင်း ဦးရေ ၄၀ တို့သည် M-16 လေးလက်၊ M-22 တစ်လက် စုစုပေါင်း ငါးလက်၊ လက်လုပ်စိန်ပြောင်း တစ်လက်၊ ကျည်အိမ်မျိုးစုံ သုံးခု၊ ကျည်မျိုးစုံ ၁၆၁ တောင့်တို့နှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာကြသူများသည် မိသားစုဝင်ဆွေမျိုးများနှင့်အကျပ်ကိုင်၍ အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများကို ခြိမ်းခြောက်၊ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျ နှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရခြင်းနှင့် တပ်မတော်၏တိုက်စစ်ကို ခုခံနိုင်မှုမရှိတော့ဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည် အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသည့် ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်းတယမြို့နယ်မှ အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး နှစ်ဦး၊ ကလောမြို့နယ်မှ အမျိုးသား တစ်ဦး၊ အမျိုးသမီး တစ်ဦး၊ ရပ်စောက်မြို့နယ်မှ အမျိုးသမီး တစ်ဦး၊ ဖယ်ခုံမြို့နယ်မှ အမျိုးသား ရှစ်ဦး၊ လွိုင်ကော်မြို့နယ်မှ အမျိုးသား ငါးဦး၊ မောက်မယ်မြို့နယ်မှ အမျိုးသား သုံးဦး၊ ဆီဆိုင်မြို့နယ်မှ အမျိုးသား ငါးဦး၊ ကျောက်ဆည်မြို့နယ်မှ အမျိုးသား လေးဦး၊ ဒီးမော့ဆိုမြို့နယ်မှ အမျိုးသား တစ်ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ အမျိုးသား တစ်ဦး၊ မန္တလေးတိုင်းဒေသကြီးမှ အမျိုးသား တစ်ဦး စုစုပေါင်း အမျိုးသား ၃၆ ဦး၊ အမျိုးသမီး လေးဦးတို့ကို ပြန်လည်ကြိုဆိုလက်ခံခြင်းနှင့် ဆုကြေးငွေ ထောက်ပံ့ခြင်းကို ယနေ့ မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ သံလွင်ခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အထွေထွေ အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ပအိုဝ်းခရုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏မိဘအုပ်ထိန်းသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားပြီး တိုင်းမှူးက အလင်းဝင်ရောက်လာသူ လူငယ်များကို အသိပညာပေး ရှင်းလင်းပြောကြားသည်။ ထို့နောက် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူးရဲမှူးချုပ်က ဥပဒေအကြောင်းအရာများကို ဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူပါရှိလာသည့် လက်နက်၊ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများကို လွှဲပြောင်းအပ်နှံရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လက်ခံရယူခဲ့ပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက် ခဲ့ကြသူများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ သေနတ် တစ်လက်နှုန်းအတွက် ဆုကြေး ငွေကျပ်သိန်း ၅၀ နှုန်းဖြင့် ငါးလက်အတွက် ငွေကျပ်သိန်း ၂၅၀၊လက်လုပ်စိန်ပြောင်း တစ်လက်အတွက် ငွေကျပ် ငါးသိန်းနှင့် အလင်းဝင်ရောက်လာသူများအတွက် တစ်ဦးလျှင် ငွေကျပ် နှစ်သိန်းနှုန်းဖြင့် ဦးရေ ၄၀ အတွက် ဆုကြေးငွေကျပ် သိန်း ၈၀၊ စုစုပေါင်း ငွေကျပ် ၃၃၅ သိန်းကို ချီးမြှင့်ပေးအပ်ခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူတို့က ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများကို အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ပြီး အလင်းဝင်ရောက်လာသူများ ကိုယ်စားအလင်းဝင်ရောက်လာသူ တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်း အပ်နှံပေးအပ်ခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာသူများအပ်နှံထားသော လက်နက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများကို ကြည့်ရှုစစ်ဆေး၍ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ပြီး စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများကို ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်သည်။

ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်-

“ကျွန်တော်ကတော့ KNDF အကြမ်းဖက်အဖွဲ့ကနေ အလင်းဝင်ရောက်တဲ့သူ တစ်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အကြမ်းဖက်အဖွဲ့ထဲကို မဝင်ရောက်ခင်မှာ မိသားစုနဲ့အတူ အေးအေးချမ်းချမ်းနေထိုင်ခဲ့ပါတယ်။ ဒါပေမဲ့ အကြမ်းဖက်အဖွဲ့ထဲ ရောက်ရှိနေတဲ့ သူငယ်ချင်းနဲ့ လူမှုကွန်ရက်ကနေ အဆက်အသွယ်ရပြီးတော့ သူရဲ့စည်းရုံးမှုကြောင့် ကျွန်တော် KNDFထဲကိုရောက်ရှိခဲ့ပါတယ်။ ကျွန်တော် အကြမ်းဖက်အဖွဲ့ထဲ ရောက်ရှိချိန်မှာ အကြမ်းဖက်အဖွဲ့ဝင်အချင်းချင်း ကြီးနိုင်ငယ်ညှဉ်း အုပ်ချုပ်တာတွေ အနေအထိုင် အစားအသောက် ဆင်းရဲပင်ပန်းတာတွေအပြင် အကြမ်းဖက်အဖွဲ့တွေက သူတို့ကို မထောက်ခံတဲ့ ဒေသခံပြည်သူတွေကို ဖမ်းဆီးချုပ်နှောင်တာတွေ၊ ညှဉ်းပန်းနှိပ်စက်တာတွေရှိတာကြောင့် ကျွန်တော်နဲ့ အဆင်မပြေတာကြောင့် ကျွန်တော် အကြမ်းဖက်အဖွဲ့ကနေထွက်ပြေးလာပြီး အလင်းလာရောက်ဝင်တာ ဖြစ်ပါတယ်။ ကျွန်တော်အလင်းဝင်လာတဲ့ အချိန်မှာလဲ တပ်မတော်က တာဝန်ရှိသူတွေက ကျွန်တော့်ကို နွေးနွေးထွေးထွေးကြိုဆိုကြပါတယ်။ ကောင်းကောင်းမွန်မွန်ထားပြီး မိသားစုဝင်တစ်ဦးလို စောင့်ရှောက်တဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။ ကျန်ရှိနေတဲ့ လူငယ်များအနေနဲ့လဲ





အကြမ်းဖက်အဖွဲ့ရဲ့ မဟုတ်မမှန် ပြောဆိုတာတွေ သူတို့နဲ့ပတ်သက်သူများရဲ့ ဝါဒဖြန့်တာတွေကို နားယောင်ပြီးတော့ အကြမ်းဖက်အဖွဲ့ကို မဝင်ဖို့၊ ကျွန်တော် အခုလို အလင်းဝင်လာတဲ့အတွက်လဲ မိသားစုနဲ့ မြို့မှာ အေးအေးဆေးဆေး နေထိုင်ရတယ်။ အကြမ်းဖက်အဖွဲ့ထဲမှာ ကျန်ရှိနေတဲ့ လူငယ်များကိုလဲ မိသားစုနဲ့အတူ အေးအေးချမ်းချမ်းနေထိုင်ဖို့အတွက် အမြန်အလင်းဝင်ရောက်ဖို့ ကျွန်တော် တိုက်တွန်းလိုပါတယ်”ဟု ပြောသည်။

“ကျွန်တော်ကတော့ ဖယ်ခုံမြို့နယ်မှာရှိတဲ့ ကယန်းတိုင်းရင်းသား လူမျိုးတစ်ယောက်ပါ။ ကျွန်တော်တို့ ဖယ်ခုံမြို့နယ်မှာ KNDF / PDF အကြမ်းဖက်ပူးပေါင်းအဖွဲ့တွေနဲ့ တပ်မတော်က နှစ်ဖက်ထိတွေ့ တိုက်ပွဲတွေဖြစ်တဲ့အတွက် ဖယ်ခုံမြို့နယ် အနောက်ဘက်ခြမ်းကို တိုက်ပွဲရှောင်ခဲ့ရပါတယ်။ တိုက်ပွဲရှောင်ခဲ့ရတဲ့ အချိန်အတွင်းမှာ အကြမ်းဖက် PDF အဖွဲ့က ကျွန်တော့်ကို အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်ခဲ့တယ်။ အကြမ်းဖက်အဖွဲ့ထဲရောက်ရှိပြီး တပ်သားအဆင့်နဲ့ တာဝန်ထမ်းဆောင်နေချိန်မှာတော့ အဖွဲ့ထဲမှာရှိတဲ့ ခေါင်းဆောင်ပိုင်းတွေက ရာထူးအလိုက် ခွဲခြားဆက်ဆံတာတွေ အာဏာပြဆဲဆိုတာတွေ လူမျိုးရေး၊ ဘာသာရေး ခွဲခြားဆက်ဆံတာတွေ ပြုလုပ်လာတဲ့အတွက် အကြမ်းဖက်အဖွဲ့ထဲမှာ နေထိုင်ရတာ အချိန်ကြာတာနဲ့အမျှ စိတ်ဓာတ်ကျဆင်းလာခဲ့တယ်။ ထွက်ပြေးမယ်ဆိုရင်လဲ ကျွန်တော့်မိသားစုတွေကို ခြိမ်းခြောက်ပြောဆိုမှုတွေ လုပ်တဲ့အတွက် ကျွန်တော်ထွက်ပြေးဖို့ ကြောက်ရွံ့ခဲ့တယ်။ အလင်းဝင်ရောက်လာတဲ့အချိန်မှာတော့ တပ်မတော်မှ တာဝန်ရှိသူတွေက မိသားစုသဖွယ် နွေးထွေးစွာပြောဆိုဆက်ဆံတယ်။ ကောင်းကောင်းမွန်မွန် စောင့်ရှောက်ထားပြီး ဘဝလုံခြုံမှုပေးတဲ့အတွက် ကျွန်တော်လွန်စွာဝမ်းသာမိပါတယ်။ တပ်မတော်အနေနဲ့ အလင်းဝင်ရောက်လာမယ့် လမ်းမှားလူငယ်တွေကို နွေးထွေးစွာ ကြိုဆိုပေးလျက်ရှိတဲ့ အပြင် အလင်းဝင်ရောက်လာသူတွေကို မိသားစုနဲ့အတူ မြို့ရွာအတွင်းမှာ အေးအေးချမ်းချမ်း နေထိုင်ခွင့်ပေးတဲ့အတွက် အကြမ်းဖက်အဖွဲ့ထဲမှာ ကျန်ရှိနေသေးတဲ့ သူငယ်ချင်းတွေကို မိသားစုနဲ့အတူ ပြန်လည်နေထိုင်ပြီး ဘဝကိုအေးချမ်းစွာ ဖြတ်သန်းနိုင်ဖို့အတွက် အကြမ်းဖက်ဝါဒဖြန့်စကားတွေကို နားမယောင်ဘဲ အမြန်ဆုံး အလင်းဝင်နိုင်ဖို့ကျွန်တော် တိုက်တွန်းပါတယ်”ဟုပြောသည်။(၅၀၁)

## မွေးမြူရေးခြံများတွင် ဇီဝလုံခြုံမှုမြှင့်တင်ရေးဆိုင်ရာ အသိပေးနှိုးဆော်ချက်

ရာသီအကူးအပြောင်းကာလများ၌ မွေးမြူရေးတိရစ္ဆာန်များတွင် ကူးစက်ရောဂါများ ကျရောက်ဖြစ်ပွားနိုင်ပြီး လူမှုစီးပွားဘဝထိခိုက်ပျက်စီးမှုများဖြစ်ပေါ်စေနိုင်သဖြင့် မွေးမြူရေးခြံများတွင် အောက်ဖော်ပြပါ ဇီဝလုံခြုံမှုမြှင့်တင်ရေးဆိုင်ရာလုပ်ငန်းစဉ်များကို လိုက်နာဆောင်ရွက်နိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည် -

၁။ မိမိခြံရှိတိရစ္ဆာန်များကို အခြားတိရစ္ဆာန်များနှင့် မရောနှောစေရန်နှင့် ခြံအတွင်းသို့ တောရိုင်းတိရစ္ဆာန်များ မဝင်ရောက်နိုင်စေရန်အတွက် မွေးမြူရေးခြံကို လုံခြုံစိတ်ချစွာကာရံ၍ စနစ်တကျထိန်းသိမ်းမွေးမြူပါ။

၂။ ပြင်ပမှ လူပုဂ္ဂိုလ်၊ တိရစ္ဆာန်၊ အသုံးအဆောင်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ခြံအတွင်းဝင်ရောက်မှုကို ကန့်သတ်ပြီး “တာဝန်ရှိသူမှအပ မဝင်ရ” တားမြစ်ဆိုင်းဘုတ်ထားရှိပါ။

၃။ ခြံအတွင်းသို့ ဝင်ရောက်ရာတွင် ခြံဝင်ပေါက်၌ ခြေလက်များကိုပိုးသတ်၍ သန့်စင်ပြီး သတ်မှတ်ထားသည့် ခြံအသုံးပြုဖိနပ်အား ပြောင်းလဲစီးနင်းကာ ပိုးသတ်ဆေးကန်ကိုဖြတ်သန်းပြီးမှ ဝင်ရောက်ပါ။

၄။ ခြံအသုံးအဆောင်ပစ္စည်း (အစာခွက်၊ ရေခွက်)များကို ပုံမှန်ပိုးသတ်သန့်စင်ဆေးကြောပါ။

၅။ ခြံအတွင်းလုပ်ကိုင်ဆောင်ရွက်နေသူများ၏ တစ်ကိုယ်ရေသန့်ရှင်းရေးကို အထူးဂရုစိုက်ပါ။

၆။ ခြံထွက်စွန့်ပစ်ပစ္စည်းများ (အမှိုက်၊ မစင်၊ သွေး၊ အကျိအချွဲ) ကင်းရှင်းအောင် သန့်ရှင်းဆေးကြောပြီးလျှင် ကြွက်နှင့် အခြားအင်းဆက်ပိုးမွှားများရန်မှကာကွယ်ရန် ခြံကို ပိုးသတ်ဆေးဖျန်း၍ ပိုးသတ်ပါ။

၇။ တိရစ္ဆာန်များကို အသုတ်လိုက်မွေးပြီး အသုတ်လိုက်ထုတ်ပါ။

၈။ မွေးမြူသူများအနေဖြင့် ဇီဝလုံခြုံမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို နားလည်သိရှိပြီး စနစ်တကျလိုက်နာဆောင်ရွက်ပါ။

၉။ မွေးမြူထားသည့် တိရစ္ဆာန်များကို တိရစ္ဆာန်ဆေးကုဆရာဝန်နှင့်တိုင်ပင်၍ ကာကွယ်ဆေး စနစ်တကျထိုးနှံပါ။ ထို့ပြင် ရောဂါဖြစ်ပွားမှုများကို ပုံမှန်စောင့်ကြည့်စစ်ဆေးရမည်ဖြစ်ပြီး ရောဂါဖြစ်ပွားမှုတွေ့ရှိပါက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ ချက်ချင်းသတင်းပို့ပါ။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ဆက်သွယ်ရန်ဖုန်း – ၀၆၇၃၄၀၈၄၆၃**

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် AA အဖွဲ့ဝင် အမျိုးသား ငါးဦးနှင့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား တစ်ဦး ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဇော ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူတစ်ဦးကို ဆုကြေးငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

နေပြည်တော် ဇွန် ၈

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန်ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် AA အဖွဲ့ဝင် အမျိုးသား ငါးဦးနှင့် PDF အမည်ခံ ကျောင်းသား လက်ရုံးတပ်(SAF)မှ အမျိုးသား တစ်ဦးတို့သည် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာကြသည့် ရခိုင်ပြည်နယ် မင်းပြားမြို့နယ်မှ အမျိုးသား တစ်ဦး၊ ပေါက်တောမြို့နယ်မှ အမျိုးသား တစ်ဦး၊ ပုဏ္ဏားကျွန်းမြို့နယ်မှ အမျိုးသား နှစ်ဦး၊ အမ်းမြို့နယ်မှ အမျိုးသား တစ်ဦးနှင့် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်မှ အမျိုးသား တစ်ဦးတို့ကို တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့ နံနက်ပိုင်းတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်တွေတပ်နယ်ခန်းမ၌ ပြုလုပ်ရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦး၊ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဇော၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာစန်းရွှေ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက အလင်းဝင်ရောက်လာသူ လူငယ်များကို အသိပညာပေး ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများကို ဆုကြေးငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးကြသည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများကိုယ်စား ဥပဒေဘောင်အတွင်းဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က တက်ရောက် လာကြသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ယခုကဲ့သို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

"ကျွန်တော်က ပေါက်တောမြို့မှာ နေပါတယ်။ ၁ လပိုင်း ၁ ရက် ၂၀၂၀ ပြည့်နှစ်မှာ AA ထဲကို ရောက်သွားပါတယ်။ ကျွန်တော်ရောက်တဲ့အချိန်မှာ သူတို့တွေဘက်က ပြုမူဆက်ဆံရိုင်းပျတာတွေ ကျွန်တော်ခံခဲ့ဖူးပါတယ်။ ကောင်းကျိုးဆိုတဲ့ လူမျိုးရေးအတွက် ခေါင်းစဉ်တပ်ပြီး သူတို့ကောင်းစားရေးအတွက် အလုပ်လုပ်တာတွေကို ကိုယ်တွေ့မျက်မြင်ကြုံခဲ့ရပါတယ်။ အများအပြားကတော့ လူငယ်ပိုင်း၊ မသက်မပြည့်တဲ့လူငယ်တွေကို သွေးဆောင်ဖြားယောင်းပြီးတော့ သွင်းထားတာတွေက အများကြီးပါ။ ဘာကြောင့် ဒီလိုအလုပ်ခံရတာလဲဆိုတော့ ကျွန်တော်တို့က ငယ်ရွယ်ပြီး အသိဉာဏ်တွေ ဖွံ့ဖြိုးမှုမရှိလို့ကိုယ်ကိုယ်တိုင် ကြုံတွေ့ခဲ့ရတာတွေကို နောင်လာနောက်သား ညီငယ်၊ညီမလေးတွေကို သိစေချင်တယ်။ ကိုယ်တို့က တောထဲနေခဲ့ရတာက ပျော်ဖို့ မဟုတ်ပါ။ ကိုယ့်ရဲ့လမ်းစဉ် မှားလား၊ မှန်လား သေသေချာချာစဉ်းစားပြီးမှ မှားမှန်းသိလို့ တပ်မတော်ဥပဒေဘောင်ထဲကိုလာပြီး အလင်းဝင်ခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ရောက်တဲ့အချိန်မှာလဲ ဒီမှာ တစ်စုံတစ်ရာကြမ်းတမ်းမှု မရှိဘဲနဲ့ နွေးနွေးထွေးထွေး ဆက်ဆံပါတယ်။ ဘယ်ကလာတဲ့ ရန်သူဖြစ်စေ စိတ်ဓာတ်ပိုင်းဆိုင်ရာ မွန်မြတ်လို့ ကျွန်တော်တို့ကို နွေးနွေးထွေးထွေးနဲ့ ကြိုဆိုခဲ့တယ်။ လက်အောက် ညီငယ် ညီမငယ်တို့လဲ ကိုယ့်လိုပဲ လာရောက်စေချင်တယ်။ ဘာကြောင့်လဲဆိုတော့ အမှား၊ အမှန်ကို သေသေချာချာစဉ်းစားပြီး ခွဲခြားသိစေချင်တယ်။ ညီငယ်၊ ညီမငယ်တို့လဲ ဒီကို ရောက်လာချိန်မှာ ဘဝကြီးကို အခက်အခဲတွေနဲ့ တွေ့မယ်ထင်တယ်။ နှိပ်စက်မယ်ထင်တယ်။ AA လူကြီးတွေ ပြောထားတဲ့ စကားတွေက ဒီဘက်ကို အလင်းဝင်သွားရင် ဘယ်လောက်ထိခက်ခဲတယ်။ ကြမ်းတမ်းတယ်။ ယုတ်မာတယ် ဆိုတာတွေကို ဦးနှောက်ထဲအမြဲရိုက်သွင်းထားတယ်။ အမှန်က ငါတို့ ဦးနှောက်ကြီးကို မှိုင်းတိုက်ထားတာ မဖြစ်နိုင်၊ မဟုတ်နိုင်တာတွေ အဟုတ်လုပ်ပြီး ကိုယ်တွေ့ကျမှ အမှန်တကယ် တပ်မတော်ဘက်က ဆက်ဆံတာတွေက အဲဒီလိုမဟုတ်ဘူး ညီအစ်ကိုတွေလိုပဲ ခင်ခင်မင်မင် ချစ်ချစ်ခင်ခင်နဲ့ကြိုဆိုတယ်။ ကူညီပံ့ပိုးပေးခဲ့ကြတယ်။ ဒီအတွက်လဲ အားလုံးကို ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

"ကျွန်တော်က AA ထဲကို ဝင်ချင်လို့ ဝင်တာ မဟုတ်ပါဘူး။ ကျွန်တော်က ရန်ကုန်ကိုသွားတဲ့အခါ ရခိုင်ရိုးမထဲမှာ PRA(မကွေး)အဖွဲ့က ဖမ်းပြီး AA အဖွဲ့ကို အပ်လိုက်တယ်။ ကျွန်တော့် ဆန္ဒကို မမေးဘဲ ကျွန်တော့်ကို အတင်းအဓမ္မ သင်တန်းပေးလိုက်တာဖြစ်ပါတယ်။ ပြီးရင် သင်တန်းကာလမှာ ညီမငယ်တစ်ယောက် သေဆုံးသွားခဲ့ပြီး ယောကျ်ားလေး သုံး





ယောက်ထွက်ပြေးလို့ AA တွေက ကျွန်တော်တို့ မျက်မြင်ကိုယ်တွေ့သတ်တယ်။ နှိပ်စက်တာတွေ၊ ရိုက်နှက်တာတွေ ကိုယ်တိုင်မြင်တွေ့ခဲ့ရပါတယ်။ အစားအသောက်တွေကလဲ မကောင်း။ ဆီမပါ ဆားမပါ စားသောက်ခဲ့ရတယ်။ ကောင်းကောင်း အနှိမ်ခံရပါတယ်။ နောက်ပြီး ကျွန်တော်က အဖမ်းခံရပြီး သင်တန်းတက်ခိုင်းတာ ဖြစ်တဲ့အတွက် အနှိမ်ခံရတယ်။ ဆဲဆိုပြီး ငါတို့မြောက်ပိုင်းရခိုင်တွေက မျိုးချစ်စိတ်ရှိတယ်။ မင်းတို့ တောင်ပိုင်းရခိုင်တွေက ရခိုင်သား(မျိုးချစ်စိတ်ဓာတ်)မရှိဆိုပြီး ကောင်းကောင်း ဆဲဆိုတယ်။ ကျွန်တော်ပြောချင်တာက တောင်ပိုင်းရခိုင်တွေက ရိုးရိုးသားသား နေထိုင်ပြီး နိုင်ငံတော်ကို ပုန်ကန်လိုစိတ် မရှိကြဘူး။ ကျွန်တော်တို့ တောင်ပိုင်းဘက်က လူတွေကစကားပြောရင် ဗမာစကား (ဗမာအသံ)နည်းနည်းပါတယ်။ အဲ့ဒီလို ဗမာစကား (ဗမာအသံ)ပါရင် ကြမ်းကြမ်းတမ်းတမ်းအဆဲခံရ၊ နှိပ်စက်ခံရတယ်။ စကားပြောရင်လဲ ရခိုင်မြောက်ပိုင်း စကားပဲပြောခိုင်းပါတယ်။ ကျွန်တော် သင်တန်းဆင်းတဲ့အချိန်မှာ ထောက်ပို့ တာဝန်ထမ်းဆောင်ရင် အရမ်းပင်ပန်းလို့ မခံနိုင်ဘူး။နေ့တိုင်းညတိုင်း Drone တွေက လာချပြီးတော့ ရဲဘော်တွေက အစားဆင်းရဲ၊ အနေဆင်းရဲတာတွေနဲ့ ကြုံတွေ့လာလို့ပါ။ ကျွန်တော့်ကို နောက်တစ်နေရာ ပို့လိုက်ပါတယ်။ နောက်တစ်နေရာက AA တပ်စုမှူးက တော်တော်ဆိုးပါတယ်။ နေ့တိုင်းရိုက်တယ်။ ကြမ်းကြမ်းတမ်းတမ်း ဆဲဆိုတယ်။ မတူသလိုမတန်သလိုဆက်ဆံပါတယ်။ အရက်မူးလာရင်ဆဲဆိုတယ်။ ထွက်ပြေးထားတဲ့ကောင်တွေ ရခိုင်သားစိတ်ဓာတ်မရှိဘူးဆိုပြီး ဆဲဆိုတယ်။ ရိုက်တယ်။ ခေါင်းဆောင်တစ်ယောက် မပီသဘူး။ AA က ပြောတယ်။ အစိုးရဆိုတာ ကောင်းကောင်း ရက်စက်တယ်လို့ ပြောတယ်။ ကျွန်တော်ကြုံတွေ့တဲ့အခါကျတော့ ထင်ထားတာနဲ့ တခြားစီပဲ အစိုးရက ကျွန်တော့်အပေါ်ကောင်းကောင်း ဆက်ဆံတယ်။ နွေးထွေးမှုကောင်းကောင်း ပေးတယ်။ အခုလက်ရှိ အလင်းဝင်တာ မှန်တယ်လို့ဆိုရမှာပဲ။ ကျွန်တော် ထင်ထားတာက ရက်စက်ကြမ်းကြုတ်တဲ့ မြန်မာ့တပ်မတော်မဟုတ်ဘူး။ မုန်းလဲ မမုန်းဘူး။ ခွဲခြားဆက်ဆံတာလဲ မရှိဘူး။ တကယ်လို့ မဖြစ်မနေ မလွှဲသာ မရှောင်သာ အဖမ်းခံရလို့ AA ထဲဝင်ရတဲ့ ရဲဘော်တွေကိုလဲ ဒီဘက်ကိုလာခဲ့ကြပါ။ အစိုးရကလဲ မင်းတို့ကို နွေးထွေးမှုတွေ အများကြီးပေးနေပါတယ်။ မင်းတို့ ထင်ထားသလို မဟုတ်ပါဘူး"ဟု ပြောသည်။

(ဗဝ)

---

■ **DEMU ရထားတွဲဆိုင်းမှ**

တွဲဆိုင်း၏ နောက်ဆုံးတွဲ DEMU-F-4016 ၏ အနောက်ဘက်ခြမ်းခရီးသည် အတက်၊ အဆင်းတံခါးမှန်ကို ခဲဖြင့်ပစ်ပေါက်မှုကြောင့် ၎င်းတံခါးရွက်၏ အပေါ်မှန်မှာ ကြေမွပျက်စီးခဲ့ပြီး ခရီးသည်နှင့်ဝန်ထမ်းများ ထိခိုက်မှုမရှိသည့်ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။

အဆိုပါ ဖြစ်ပွားရာနေရာသို့ ဒိုက်ဦးမြို့နယ် ရဲစခန်းနှင့် ရထားရဲတပ်ဖွဲ့တို့မှ တာဝန်ရှိသူများက လိုက်လံဖမ်းဆီးခဲ့ရာ တရားခံဖြစ်သူ ဟိန်းမင်းရှိန်(ဘ)ဦးဇော်လင်းခိုင် အသက် ၁၅ နှစ် အရှေ့ဈေးလမ်း ပျဉ်ပုံကြီးကျေးရွာ ပဲခူးမြို့နယ်နှင့် အောင်မြင့်မြတ်(ဘ) ဦးကျော်ဟန် အသက် ၁၆ နှစ်၊ ဟိန်းမင်းထွဋ်(ဘ) ဦးသိန်းတိုး အသက် ၁၅ နှစ်၊ လရောင်ဟန်(ဘ)ဦးအောင်ဇေယျ အသက် ၁၆ နှစ် ဒိုက်ဦးမြို့နယ်တွင် နေထိုင်သူတို့ကို ဖမ်းဆီးရမိခဲ့ပြီး ဒိုက်ဦးမြို့နယ် အေးသုခ ရဲစခန်းတွင် အမှုအမှတ် ပ/၁၃/၂၀၂၆ ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေ(၈၄)နှင့် အညီအရေးယူနိုင်ရေး အမှုဖွင့်ဆောင်ရွက်လျက်ရှိသည်။

ယခင် ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၈ ရက်တွင် အမှတ်(၇)အဆန် DEMU ရထားကို ဖြူးနှင့်ဇေယျဝတီဘူတာအကြားခဲဖြင့် ပစ်ပေါက်ခဲ့သူ တရားခံ ထက်ဦးလွင် ခေါ် ငထော်နီ အသက် ၁၈ နှစ်ကို တောင်ငူ ခရိုင်တရားရုံးမှ ရာဇသတ်ကြီးမှုအမှတ် ၁၂၅/၂၀၂၅ ဖြင့် ဒီဇင်ဘာ ၅ ရက်တွင် ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေပုဒ်မ ၈၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၅ နှစ် ချမှတ် အရေးယူဆောင်ရွက်ခဲ့ပြီး ဖြစ်သည်။

မြန်မာ့မီးရထားအနေဖြင့် အများပြည်သူများ သယ်ယူပို့ဆောင်ရေးလုပ်ငန်း ဖြစ်သည့်အတွက် ရထားကို ခဲဖြင့်ပေါက်ခြင်း၊ အနှောင့်အယှက်ပေးခြင်းတို့ကို ထပ်မံမဖြစ်ပေါ်စေရေးတို့အတွက် ပဲခူးတိုင်းဒေသကြီး ရထားလမ်းအနီးအနား တစ်ဝိုက်ရှိ ခရိုင်၊ မြို့နယ်၊ ရပ်ကွက် ကျေးရွာများမှ တာဝန်ရှိသူများနှင့်အတူ ပြည်သူများ၊စာသင်ကျောင်းများရှိ ကျောင်းသား၊ ကျောင်းသူများကို အသိပညာပေး ဟောပြောဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိသည်။

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် ထုတ်ပြန်ပြီးဖြစ်သည့် ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေ၊ အခန်း ၁၈၊ ပုဒ်မ ၇၉ (ခ) အရ ရထားကိုတစ်စုံတစ်ရာဖြင့် ပစ်ပေါက်ခြင်း သို့မဟုတ် တစ်စုံတစ်ရာပြုလုပ်ခြင်းအတွက် ပြစ်ဒဏ်အနေဖြင့် ပုဒ်မ (၈၄)အရ ထိုသူကို အနည်းဆုံး ငါးနှစ်မှ အများဆုံး နှစ် ၂၀ ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်ကြောင်းသိရှိရပြီး ယခုဖြစ်စဉ်များနှင့် ပတ်သက်၍ ဥပဒေနှင့်အညီ ဆက်လက်အရေးယူ သွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူများအဆင်ပြေကောင်းမွန်စွာ ခရီးသွားလာရေးနိုင်ရေးအတွက် အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများအနေဖြင့် ဝိုင်းဝန်းပူးပေါင်းထိန်းသိမ်းသွားရန်လိုအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် သုံးထပ်လူနေအဆောက်အအုံ သုံးလုံးကို စနစ်တကျထပ်မံဖြိုချဖျက်ဆီး၊ တရားမဝင်အဆောက်အအုံ ၄၅ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်

ကရင်ပြည်နယ်၊ မြဝတီခရိုင် ရွှေကုက္ကိုလ်ဒေသရှိ အွန်လိုင်းလောင်းကစားလုပ်ငန်းလုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှု




**နေပြည်တော် ဇွန် ၈**

အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများကို အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများကို စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် သုံးထပ်လူနေအဆောက်အအုံ သုံးလုံးကို ထပ်မံ၍ စနစ်တကျဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲဖျက်ဆီးမည့် အဆောက်အအုံအလုံး ၂၀ ဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်ဆီးလျက်ရှိကြောင်း သိရသည်။

ယနေ့တွင် ယာဉ်ယန္တရားဖြင့်ဖြိုချဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ ၅၇ လုံးအနက် သုံးထပ်လူနေအဆောက်အအုံ သုံးလုံးကို ယာဉ်၊ ယန္တရားများအသုံးပြု၍ စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခဲ့ရာ ယနေ့ထိ စုစုပေါင်း အဆောက်အအုံ ၄၅ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ၃၂ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (ဓာတ်)





ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေ၌ အွန်လိုင်းလောင်းကစားလုပ်ငန်းများ လုပ်ကိုင်ခဲ့သည့် အဆောက်အအုံများ မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။



## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

**(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

**(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

**(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

**(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

**(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

**(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

**(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

**(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

**(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

**(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

**(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

**(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

**(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

**(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

**(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကိုဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

# တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၉၃၃၅၂ ဧကစိုက်ပျိုးမည်


ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**တန့်ဆည် ဇွန် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး၉၃၃၅၂ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း တန့်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၉၃၃၅၂ ဧက စိုက်ပျိုးရန်အတွက် လျာထားပြီး အဆိုပါ စပါးစိုက်ပျိုးမှုကို ယခုနှစ် ဇူလိုင်လပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ စပါး ၉၃၃၅၂ ဧက စိုက်ပျိုးဖို့အတွက်လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာနဲ့ မျိုးတွေဆောင်ရွက်ပေးသွားပါမယ်။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်း ဆောင်ရွက်ပေးသွားပါမယ်" ဟု တန့်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအုန်းကျော်မြင့်က ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း တန့်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအုန်းကျော်မြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# ပဲခူးမြို့နယ် တပ်ကလေး(မြောက်စု) ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ပဲခူး ဇွန် ၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တပ်ကလေး (မြောက်စု) ကျေးရွာ၌ ရက် (၁၀၀) စီမံချက်ဖြင့် ပြည်ထောင်စုရန်ပုံငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းနှင့် ဝန်ထမ်းများက တပ်ကလေး (မြောက်စု)ကျေးရွာ၌ ရက်(၁၀၀) စီမံချက်ဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များကို မြို့နယ်ဦးစီးမှူးက ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာတွင် ကွန်ကရစ်လမ်းအရှည်ပေ ၉၉၀၊ အကျယ် ၁၂ ပေ၊ အမြင့်ရှစ်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းကို ပြည်ထောင်စုရန်ပုံငွေကျပ် ၁၂၀ ဒသမ ၃၇၅ သန်းဖြင့် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ၍ ယခုနှစ် ဧပြီလ စတုတ္ထပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်နိုင်ခြင်းကြောင့် ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ကျေးရွာမှထွက်ရှိလာသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်ပြီဖြစ်ကြောင်း၊ ယခင်ကထက် လူနေမှုအဆင့်အတန်း ပိုမိုမြင့်မား တိုးတက်လာပြီဖြစ်ကြောင်း ပဲခူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**သုတ**

# ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၅၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကန်ကြီးထောင့် ဇွန် ၈**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၅၄၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ကန်ကြီးထောင့်မြို့နယ် ဆန်စပါးနှင့် ဖွဲနုရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးလွင်က ပြောပြသည်။

ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလက ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၃၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလတစ်လအတွင်း ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ၅၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဖွဲနုများသည် ပြည်တွင်း၌ငါးစာ၊ ကြက်စာ၊ ဝက်စာ၊ ဘဲစာ စသည့်မွေးမြူရေးလုပ်ငန်းသုံးအစာအဖြစ် အသုံးပြုခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။



"ပြီးခဲ့တဲ့ မေလအတွင်း ဖွဲနု၂၄ ပြည်ဝင်အိတ်ရေ ၅၄၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဖွဲနုက စပါးကြိတ်ခွဲရင်ထွက်လာတဲ့ ကုန်ကြမ်းတစ်ခုပါ။ ပြည်တွင်းမှာ တိရစ္ဆာန်အစာအဖြစ် အသုံးပြုတာများပါတယ်။ လက်ရှိစပါးသစ်မပေါ်သေးတော့ ဖွဲနုလဲအထွက်နည်းနေပါတယ်။ မွေးမြူရေးလုပ်ငန်းတွေ အပြိုင်လည်ပတ်လုပ်ကိုင်နေတာကြောင့် ရန်ကုန်ဈေးကွက်ကို ဖွဲနုအိတ်တွေတင်ပို့တာ များနေပါတယ်" ဟု ကန်ကြီးထောင့်မြို့နယ် ဆန်စပါးနှင့် ဖွဲနုရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးလွင်က ပြောပြသည်။

အဆိုပါ ဖွဲနုအိတ်ရေ ၁၀၀ လျှင် ငွေကျပ် ၂၉၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# သံဖြူဇရပ်မြို့နယ် ပဒံကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သံဖြူဇရပ် ဇွန် ၈**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပဒံကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇွန် ၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆုသန္တာလင်းက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန်၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်း ရန်ပုံငွေကျပ် ၆၅၂ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး၏ ကွင်းဆင်းကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ပဒံကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် ၂၇၃ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ငါးဦးကို ငွေကျပ် သိန်း ၁၄၀၊ စက်ချုပ်လုပ်ငန်း လုပ်ကိုင်သူတစ်ဦးကို ငွေကျပ် ၁၂ သိန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၄ ဦးကို ငွေကျပ် ၂၂၇ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၆၅၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆုသန္တာလင်းထံမှ သိရသည်။

**ချိုသန်းညွန့်**

# တောင်တွင်းကြီးမြို့နယ် ငွေးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**တောင်တွင်းကြီး ဇွန် ၈**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငွေးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဇွန် ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေး၊ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးနှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ငွေးကုန်းကျေးရွာ၌ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများနှင့် အခြားစီးပွားရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ချေးငွေစာချုပ်ပါ အတိုင်း အမှန်တကယ်လုပ်ငန်း ဆောင်ရွက်မှု အခြေအနေများ၊ စာရင်းဇယားများ ဆောင်ရွက်ထားရှိခြင်း ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ငွေးကုန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၈၃ ဦးကို ငွေကျပ် ၁၄၃ ဒသမ ၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ် ၂၁ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူငါးဦးကို ငွေကျပ် ၁၀ ဒသမ ၅ သိန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၈၀ ကို ငွေကျပ် ၁၂၅ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၈၁ ဦးကို စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးထားကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**နွဲ့ယဉ်**

# အချစ်နဲ့အမုန်း

ဗညားကျန်းထော

**"မြန်မာနိုင်ငံအတွက် အမှန်တကယ်လိုအပ်နေသည်မှာ ဒီမိုကရေစီတက်ကြွလှုပ်ရှားသူများမဟုတ်တော့ပါ။ အင်ဒိုနီးရှားအပြောင်းအလဲတွင် အကြံပေးခဲ့ကြသည့် "ဘာဂလေကိုဏ်း"လို စွမ်းဆောင်ရည်ပြည့် ဘောဂဗေဒသမားတွေသာလျှင် ဖြစ်ပေသည်။**

**ဖရန်ဆစ်ဖူကူယာမား**

**(FRANCIS FUKUYAMA–1953...)**

စာရေးသူက စာလုံးတစ်လုံးမှမရေးရသေးခင်မှာ စာဖတ်နေသူအား မေးခွန်းတစ်ခု အရင်မေးပါရစေ။ သင့်စိတ်ထဲမှာ အမှန်ရှိတဲ့အတိုင်းပဲ ပွင့်ပွင့်လင်းလင်း ဖြေစေလိုပါတယ်။

သင့်သဘောထားက **အချစ်နဲ့အမုန်း**၊ ဘယ်အရာကို ပိုကြိုက်နှစ်သက်ပါသလဲ။ ဖြေကြည့်ပါ။

ဖြေလိုက်ပြီပဲထားပါတော့။

စာရေးသူတို့ ဇာတိမွေးမြေကျေးရွာလေးတွင် ချစ်ပါတဲ့အမည်များဟာ ထင်တာထက်တောင် အတော်ကြီးများတာတွေ့လိုက်ရတယ်။ လူကြီး၊ လူလတ်၊ လူရွယ်၊ လူငယ်တော်တော်များလှပါတယ်။ မှတ်မိနေသလောက်ဖော်ပြပါမယ်။

ဖိုးချစ်ဆောင်၊ ဖိုးချစ်ထပ်၊ ဦးဖိုးချစ်(ဦးဖိုးမြစ်၊ ဦးဖိုးသစ်တို့ရဲ့ညီပါ)၊ ကျောင်းဆရာ ဦးချစ်စရာ၊ ကျောင်းဆရာ ဦးချစ်ကြွယ်၊ ကျောင်းဆရာ ဦးချစ်မောင်၊ ကျောင်းဆရာ ဦးချစ်ရွှေ၊ ကျန်လူတွေက တောင်သူတွေပါ၊ ဦးချစ်ငွေ၊ ကိုချစ်ဖေ၊ ကိုချစ်အောင်၊ ကိုချစ်ထွေး၊ ကိုချစ်တင်၊ ကိုချစ်သောင်၊ ကိုချစ်သိန်း၊ ကိုချစ်အေး၊ ကိုချစ်ခိုင်၊ ကိုချစ်လှိုင် စသဖြင့်နှစ်ဆယ်လောက်ရှိပါရဲ့။ အလားတူ အမျိုးသမီးအမည်တွေလည်း မချစ်၊ မချစ်မယ်၊ မချစ်မြိုင်၊ မဝိုင်းချစ်၊ မအေးချစ်၊ မမြချစ်၊ မချစ်စိန် စသဖြင့် စာမျက်နှာတော်တော်များလောက်အောင်ပဲ တွေ့ရမြင်ရပါတယ်။ ဒါကတော့ ဘာကိုပြသလဲဆိုရင် ရှေးဟောင်းယဉ်ကျေးမှုအစဉ်အလာ မပျောက်ပျက်သေးတဲ့ ကျေးလက်ဒေသလူတွေရဲ့စိတ်ထဲမှာ စွဲစွဲမြဲမြဲရှိနေတဲ့ အာရုံက အမုန်းထက်အချစ်ကိုသာပဲ နှစ်သက်ဆဲပဲလို့အဓိပ္ပာယ်ကောက်နိုင်မယ်ထင်ပါရဲ့။ တစ်ရွာလုံးမှာ အမုန်းလို့ခေါ်ကြတဲ့ ဒေါ်မုန်းဆိုသူ စာရေးသူနဲ့ ဆွေမျိုးမကင်းတဲ့အဘွားကြီးတစ်ယောက်တော့ရှိခဲ့ဖူးပါတယ်။ မျက်နှာချိုချို၊ စကားညင်ညင်သာသာနဲ့ အင်မတန်လေးစားချစ်ခင်စရာကောင်းတဲ့ဒေါ်ကြီးပါ။

❖ ဒါကတော့ ဘာကိုပြသလဲဆိုရင် ရှေးဟောင်းယဉ်ကျေးမှုအစဉ်အလာမပျောက်ပျက်သေးတဲ့ ကျေးလက်ဒေသလူတွေရဲ့စိတ်ထဲမှာ စွဲစွဲမြဲမြဲရှိနေတဲ့အာရုံက အမုန်းထက်အချစ်ကိုသာပဲ နှစ်သက်ဆဲပဲလို့အဓိပ္ပာယ်ကောက်နိုင်မယ်ထင်ပါရဲ့။ တစ်ရွာလုံးမှာ အမုန်းလို့ခေါ်ကြတဲ့ ဒေါ်မုန်းဆိုသူ စာရေးသူနဲ့ ဆွေမျိုးမကင်းတဲ့အဘွားကြီး တစ်ယောက်တော့ရှိခဲ့ဖူးပါတယ်။ မျက်နှာချိုချို စကားညင်ညင် သာသာနဲ့ အင်မတန်လေးစားချစ်ခင်စရာကောင်းတဲ့ဒေါ်ကြီးပါ။ ❖

အချစ်သဘောထားတွေများနေခဲ့ပြီး အမုန်းတရားကို မနှစ်သက်လှတဲ့ ကျွန်ုပ်တို့မြေမှာများ ဘာလို့သေနတ်သံ၊ ဗုံးသံ၊ မိုင်းကွဲသံတွေကြားနေရပါလိမ့်။

လိုရင်းကိုသာ တိုတိုချုံ့ပြီးပြောရရင်တော့ နိုင်ငံတကာဖြစ်ပေါ်ပြောင်းလဲမှုမှာ ငြိမ်းချမ်းခြင်းအစားစစ်မက်နဲ့သာ ဖြေရှင်းလိုကြသူတွေရှိနေကြသေးလို့ပါပဲ။

၁၉၆၀ ပြည့်နှစ်ကျော်လောက်ဆီက မြဝတီမဂ္ဂဇင်းမှာ ရှေ့ပိုင်းကဗျာတစ်ပုဒ် မှတ်မှတ်ရရ ဖတ်ခဲ့မိတာ သတိရတယ်။

**"မတရားစစ်၊ ကျူးကျော်စစ်ကြောင့်**
**စစ်မြစ်မပြတ်၊ ဤလူ့ရပ်ဝယ်**
**သေနတ်ကိုင်ရတုန်းပေကို့"တဲ့**

ကဗျာက နောက်ထပ်လေး၊ ငါးပိုဒ်ရှိပါသေးတယ်။ ဒါကတော့ အဖွင့်သုံးကြောင်းပါပဲ။ ရေးဖွဲ့သူက တင်မိုး။ စစ်မက်တွေဖြစ်ပွားနေရတဲ့ ၂၀ ရာစုကာလအခြေအနေကတော့ နယ်ချဲ့အရင်းရှင်နိုင်ငံအချို့ရဲ့ လောဘနဲ့ နယ်ချဲ့ကျူးကျော်စစ်တွေရှိနေသေးလို့ အကျူးကျော်ခံ၊ အသိမ်းပိုက်ခံဘဝမှ ပြည်ပရန်သူကို လက်နက်ကိုင်ပြီး အမျိုးသားနိုင်ငံတော်ရှင်သန်ရေးအတွက် တွန်းလှန်ခုခံရတဲ့ "တရားသောစစ်"အတွက် တိုက်ပွဲဝင်နေကြရခြင်းပါပဲတဲ့။

ရင်နာစရာကောင်းလိုက်ပုံက ၂၁ ရာစုကာလထဲမှာတောင် ကိုယ့်တိုင်းရင်းသားအချင်းချင်းကို (အိမ်ကြက်ချင်း အိုးမဲသုတ်ပြီး အခွပ်ခိုင်းသလို) တိုက်ခိုက်နေအောင် ဘေးကအဝေးမှ မှုန်းတိုက်လိမ်ညာရှုးတိုက်တာကို ယုံစားမှားယွင်းသူတွေ ရှိနေခဲ့ခြင်း။

ဒါဟာ ဘာကြောင့်လဲဆိုရင်တော့ မိမိတို့ရဲ့ သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ စာနယ်ဇင်းဆိုတာတွေက ခုခံပါရဲ့၊ ချေပပါရဲ့၊ တုံ့ပြန်ကြပါရဲ့။ သက်ငယ်ချောင်းနဲ့ ခေါင်းလောင်းထိုးသလို မြည်သံကျယ်ကျယ်မထွက်လာခဲ့ပါ။

တစ်လောကလုံးကို နားထဲမကြားချင်အဆုံး မိုးလုံးပြည့်မှုသာဝါဒလေလှိုင်းတွေကတော့ လှည့်စားကောက်ကျစ်ညစ်ပတ်တဲ့နည်းအမျိုးမျိုးနဲ့ အသိဉာဏ်ခေါင်းပါး ဗဟုသုတနိမ့်လှတဲ့ မိမိတို့လူအချို့ကို မူးအောင်၊ ဝေအောင် ကယောင်ချောက်ချား အတွေးမှား၊ အထင်မှား၊ အမြင်မှားတွေ ခံစားရအောင် မှုန်းတိုက်နိုင်စွမ်းအား ကြီးမားနေဆဲပါပဲ။

မီဒီယာလွှမ်းမိုးမှုမှာ သူတို့ကျူးကျော်နယ်ချဲ့သူတွေဘက်က အဆမတန်အင်အား၊ နည်းပညာနဲ့ငွေကြေးသုံးစွဲမှု များပြားလှသလို သတင်းနဲ့ပြန်ကြားရေး စစ်မျက်နှာ၊ ဝါဒဖြန့်ချိရေးအတတ်ပညာ၊ နည်းပညာနဲ့အနုပညာတွေမှာလည်း ဆင်နဲ့ဆိတ်လိုအင်အားချင်းမမျှတော့ မရှုမလှရှုံးနိမ့်နေရပုံပါပဲ။

မိမိတို့ဆီက ကလေးသူငယ်ကျောင်းသား၊ ကျောင်းသူအရွယ်လူငယ်တွေက မသိကြ၊ နားမလည်ကြဘူးဆိုတာထားပါတော့။ အခြေခံပညာနဲ့အဆင့်မြင့်ပညာက ဆရာ၊ ဆရာမများကိုယ်တိုင်က ပထဝီ၊ သမိုင်းနဲ့ ပထဝီနိုင်ငံရေးမှာ နားဝေးလှသကိုး။

မျက်မှောက်ကာလပညာရေးကို ဝေဖန်ခြင်းလည်းမဟုတ်။ အပြစ်မြင်ခြင်းလည်းမဟုတ်ပါ။ ယခုဖော်ပြမယ့် ယနေ့ခေတ်စစ်မြေပြင်အခြေအနေမှန်ကို စာရေးဆရာတစ်ယောက်၊ နှစ်ယောက်က အသံကုန်အော်ဟစ်ပြီး သတိပေးနေသလို အကြိမ်ကြိမ်ရေးသားနေပေမယ့်လည်း မသိကြ၊ နားပင်း၊ မျက်စိကန်း၊ မျက်မမြင်၊ နားမကြားကြသူတွေက များပါသေးတယ်။ အဲဒါတွေက ငါတို့နဲ့မဆိုင်ဘူးလေလို့ ဆင်ခြေ့ရန်ရှောင်ပြောကြမှာပဲ။

ကဲဗျာ ဒါဆိုပြောစမ်းပါဗျာ၊ နိုင်ငံတကာမှာ ဘယ်သူဘယ်ဝါတွေက ဘာတွေကို ဘယ်လိုလုပ်နေကြသလဲဆိုရင်တော့ (သိပြီးသား စာဖတ်သူများအတွက် ထပ်မံဖတ်ရှုရတာဖြစ်နေရင် အားနာမိပါတယ်။) နိုင်ငံတကာက စောင့်ကြည့်နေကြရတဲ့ ယနေ့ခေတ်ကာလ စစ်မြေပြင်က မရိုးရှင်းလှပါ။ အဆင့်မြင့်တယ်။

အခြေအနေအရ အကျယ်တော့မဖော်ပြသာပါ။ စိတ်ဝင်စားရင်ယူကျူမှာ နိုင်ငံတကာစစ်ရေး၊ နိုင်ငံရေး အားပြိုင်မှုတွေရဲ့ အခြေအနေအပြောင်းအလဲတွေကို ဆက်ကြည့်ကြပါ။

၁။ ချစ်ပ်နည်းပညာစစ် Semiconductor War
၂။ ဉာဏ်ရည်တုစစ် AI Infrastructure
၃။ စစ်ဘက်ရေးရာနည်းပညာ Military Technology
၄။ ကွမ်တမ်ကွန်ပျူတာ Quantum Computing
၅။ စစ်ပွဲစစ်မြေပြင် Battle Field
၆။ ငွေကြေးစနစ်လက်နက် Financial Weaponization
၇။ မဟာဗျူဟာ လှုပ်ရှားလွယ်ကူနိုင်စွမ်း Strategic Flexibility
၈။ ဟန်ချက်ညီသံတမန်ဆက်ဆံရေး Balancing Diplomacy
၉။ ပြန်ကြားရေးစစ်မျက်နှာ Information War (သတင်းစစ်ပွဲစစ်မျက်နှာတွင် ဇာတ်ကြောင်းထိန်းချုပ်မှုနဲ့ အနုပညာလက်နက်များ ထိရောက်မှု) Narrative Controls Impact
၁၀။ မီဒီယာစွမ်းအားလွှမ်းမိုးမှု Media Influence
(က) ဆိုင်ဘာစစ်ဆင်ရေး Cyber Ops
( ခ ) ဝါဒဖြန့်စစ်ဆင်ရေး Propaganda

တိတိကျကျ ဂဃနဏမသိကြရင်တောင်မှ ငါတို့ကို ဒါတွေနဲ့ ချုပ်ကိုင်၊ ဖမ်းစား၊ ခြယ်လှယ်နေကြပါကလား ဆိုတာလောက် ယေဘုယျသိအောင် ဆောင်ရွက်သင့်ပါရဲ့။

ဒီလိုပြောတာက အခြေအနေဖြစ်ပေါ်မှုတွေကို မြန်မာနိုင်ငံ လွတ်လပ်ရေးရစမှ ၁၀ နှစ်၊ ၁၅ နှစ်ကြာတဲ့ထိအောင် ကမ္ဘာ့စစ်ရေးနိုင်ငံရေးအခြေအနေကို အထက်တန်းကျောင်း၊ အလယ်တန်းကျောင်းတွေမှာ ဆရာ၊ ဆရာမတွေက ထိထိရောက်ရောက်ကလေးတွေခံစားနားလည်အောင်၊ စိတ်ဝင်တစား နားဝင်အောင် ထိတွေ့စေနိုင်ခဲ့ကြတယ်။ လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ အာဇာနည်နေ့၊ အမျိုးသားနေ့တွေသာမက ဟီရိုရှီးမားနေ့(၁၉၄၅ ခုနှစ် ဩဂုတ် ၆ ရက် မနက် ၇ နာရီ ၂၅ မိနစ်မှာ ဖြစ်ပေါ်ခဲ့ပုံကို ၁၉၆၁–၁၉၆၂ ခုနှစ်များအထိ နှစ်စဉ်ဆရာတွေက ဟောပြောပွဲလုပ်ကာ ရှင်းပြခဲ့ကြပါတယ်။

ဟီရိုရှီးမားနေ့အကြောင်း သူ မူလတန်း၊ ဒုတိယတန်းမှာ သိလာရပုံကို **"ဇာတိ၊ ပဝတ္တိ"** ဆိုတဲ့ သူ့ဘဝကိုယ်ရေးအတ္ထုပ္ပတ္တိမှာ ဖော်ပြထားခဲ့ပါတယ်။

မုံရွာက အမက၊ အလကကျောင်းသားတွေကို မုံရွာအထက(၁)မှာ စုဝေးခေါ်ဆောင်ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ရှင်နဲ့ ဆရာတစ်သိုက်သွားကြရတယ်။ အထကကျောင်းအုပ်ဆရာကြီး ဦးသန်းစိန်က ဦးစီးပြီး ဟောပြောပွဲလုပ်တယ်။

"ဟီရိုရှီးမားနေ့ဆိုတာ ဘာလဲဆရာမကြီး"

ဆရာမကြီးက အတိုချုံ့ရှင်းပြတယ်။ မှတ်စုစာအုပ်တွေပါယူခဲ့ကြ၊ အသင့်ထုတ်ပြီး ရေးမှတ်ခဲ့ကြ စသဖြင့် မှာကြားပါတယ်။

ကလေးချင်း လမ်းမှာမေးကြသတဲ့။

"အဏုမြူဗုံးဆိုတာ ဘာကြီးလဲကွ"

"လူတွေအများကြီးသေစေတဲ့ဗုံးလို့ပြောတယ်ကွ"

နောက်တစ်ယောက်က ဝင်ပြောတယ်–

"ခုနေတတိယကမ္ဘာစစ်ကြီးဖြစ်ရင်ကော အဏုမြူဗုံးကြဲအုံးမှာလား"

"သိဘူးလေကွာ။ ကြဲချင်လဲကြဲမှာပေါ့"

"တတိယကမ္ဘာစစ်ကြီးဖြစ်ရင် ကောင်းမှာကွာ"

"ဟ ဘာဖြစ်လို့ကောင်းမှာလဲ"

"ဒါမှကျောင်းတွေပိတ်မှာကွ"

"သူတို့အားလုံးရယ်ကြသတဲ့"

ကျောင်းကြီးရဲ့ စာသင်ခန်းမှာ လူတွေစုံတော့ ဟောပြောပွဲစတင်တယ်။ ဆရာကြီးက ဟီရိုရှီးမားနေ့အကြောင်း စီကာပတ်ကုံးပြောပြတယ်။ ကျောင်းသား၊ ကျောင်းသူတွေက စိတ်ဝင်တစား မှတ်သားကြတယ်။

"၁၉၄၅ ခုနှစ် ဩဂုတ် ၆ ရက် မနက် ၇ နာရီ ၂၅ မိနစ်မှာပေါ့။ အမေရိကန်လေယာဉ်တစ်စင်းက ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့ပေါ်ကို ဗုံးတစ်လုံးချပစ်လိုက်တယ်။

ဒီဗုံးဟာ မြေကြီးပေါ်ရောက်တာနဲ့ ရောမမှိုပွင့်ကြီးတစ်ခုလို ပုံပေါ်လာပြီး ချက်ချင်းပေါက်ကွဲသွားတယ်။ ဒီအဏုမြူဗုံးကြောင့် လူပေါင်း ၇၈၁၅၀ သေဆုံးသွားကြရတယ်။ လူပေါင်း ၃၇၄၂၅ ဒဏ်ရာရကြတယ်။ ၁၃၀၈၅ ယောက်ကတော့ ပျောက်ဆုံးသွားခဲ့ရတယ်။ နောက်ထပ် လူပေါင်းများစွာဟာလဲ အဏုမြူအဆိပ်သင့်မှုကြောင့် ရောဂါ၊ ဝေဒနာဆိုးကြီးတွေကို တစ်သက်လုံးခံစားသွားကြရတယ်"

စသဖြင့်စစ်ဘက်ဘေး၏ အနိဋ္ဌာရုံကို ကလေးများ ဗဟုသုတမြင်ရကြားရအောင် ရှင်းလင်းပြောဆိုခဲ့ပါတယ်။

ယနေ့ခေတ်မှာလည်း စာစီစာကုံးပြိုင်ပွဲတွေ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွေ၊ နေ့ကြီးရက်ကြီးဆိုင်ရာ ဗဟုသုတအသိပညာတိုးစရာတွေ ဆောင်ရွက်နေကြတာကို မြင်ရကြားရပါတယ်။ ငယ်ရွယ်စဉ်အခါက မှတ်သားခဲ့တဲ့ နှစ်တန်းကျောင်းသားလေး မုံရွာမြို့မှ **မောင်ကျော်ဝင်း**ဟာ ဝင်းနောင်၊ လင်းဇော်ထက်၊ စိုးရိမ်၊ မိုးကောင်း စတဲ့ကလောင်များနဲ့ရော အမည်ရင်း ကျော်ဝင်းနဲ့ရော စာအုပ်ပေါင်းများစွာရေးတဲ့ စာရေးဆရာဖြစ်လာခဲ့ပါတယ်။ မဂ္ဂဇင်း၊ ဂျာနယ်တွေမှာလည်း အယ်ဒီတာလုပ်ခဲ့ပါတယ်။

သူရေးပြလို့ **အမေရိကန်နိုင်ငံရေးသုတေသီ ဖရန်ဆစ်ဖူကူယာမား** (Francis Fukuyama) ရေးခဲ့တဲ့ စာအုပ်တွေအကြောင်း သိရ၊ ကြားရတယ်။ ဖရန်ဆစ်ဖူကူယာမားဆိုတာ စာအုပ်အရောင်းရဆုံးနိုင်ငံရေးသိပ္ပံပညာရှင်တစ်ယောက်ပေါ့။ ယုံကြည်မှု(Trust)၊ ထင်ရှားသောလက္ခဏာ(Identity)၊ နိုင်ငံတည်ဆောက်ခြင်း(State Building)၊ နိုင်ငံရေးအစဉ်ရဲ့မူလ (The Origins of Political Order) စတဲ့ကျော်ကြားထင်ရှားတဲ့စာအုပ်များကို ရေးသားခဲ့တဲ့သူပါ။ (ဖုန်းထဲမှာ ရှာဖတ်ရင်တွေ့ရပါမယ်။)

နိဂုံးမှာဖော်ပြလိုတာက မိမိတို့ပြည်သူ၊ ပြည်သားအများစုဟာ **ဘယ်သူ့ကိုချစ်ရမလဲ၊ ဘယ်သူ့ကိုမုန်းရမှာလဲ။ အချစ်နဲ့အမုန်းရဲ့အကျိုးနဲ့အပြစ်ကိုတောင် ရေရေရာရာမသိနားမလည်ကြသေးဘူးဆိုရင်တော့ နိုင်ငံရေးဗဟုသုတနိမ့်ပါးလွန်းနေတဲ့အတွက် ၂၁ ရာစုရှေ့ခရီးမှာ လမ်းပြမီးမောင်းပညာရေး ရေချိန်ကို ဦးစားပေးအဆင့်(၁)ထားပြီး မြှင့်တင်သင့်ပါကြောင်း ဖော်ပြလိုရင်းပါခင်ဗျာ။**

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၈၇၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဇွန် ၈**

စစ်ကိုင်းတိုင်းဒေသကြီး နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၈၇၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၃၅၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ လေရှီးမြို့နယ်တွင် ၁၃၆ ဧက၊ ဆွမ္မရာမြို့တွင် ၁၅ ဧက၊ လဟယ်မြို့နယ်တွင် ဧက ၆၀၀၊ ထန်ပါခွေမြို့တွင် ဧက ၁၂၀၊ နန်းယွန်းမြို့နယ်တွင် ၃၂၄ ဧက၊ ဒုံဟီးမြို့တွင် ၃၃၇ ဧက၊ ပန်ဆောင်မြို့တွင် ၃၄၂ ဧက စုစုပေါင်း ၁၈၇၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ ဟင်းသီးဟင်းရွက် ဧက ၃၅၀၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၁၈၇၄ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာထုပ် စတဲ့သီးနှံတွေ ဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင်၊ အရည်အသွေးကောင်းပြီး အထွက်နှုန်းတိုးအောင် စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာတွေ ပေးနေပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# သာစည်မြို့နယ် ကန့်ဖြူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဇွန် ၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ ကန့်ဖြူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဇွန် ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကန့်ဖြူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၆ ဒသမ ၁ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကန့်ဖြူကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၆ ဒသမ ၁ သန်း ထုတ်ချေးပေးထားကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှ သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေဖတ်ကြစို့**









## ဝန်ထမ်းအလိုရှိသည်

**သန့်ရှင်းရေး၊ ထမင်းဟင်းချက်**

- အမျိုးသမီး (၂)ဦး
- လစာ (၃)သိန်း
- အလုပ်ချိန် နံနက် (၈)နာရီ
  ညနေ (၃)နာရီ

**ဖုန်း 09-444778696**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အလက(ခွဲ)-၂၊ Grade-5 တွင် ပညာသင်ကြားနေသော မမြင့်မြင့်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးအောင်ညွန့် ဖြစ်ပါကြောင်း။

**ဦးအောင်ညွန့်(၉/တတဥ(နိုင်)၀၄၁၆၇၈)**

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ဦးမျိုးညွန့်ကိုယ်ပိုင်ကျောင်း၊ Grade-11 တွင် ပညာသင်ကြားနေသော (ဘ) ARUN KUMAR ၏သား မောင်ကျော်ဝင်း၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မောင်အမိ(သ်) ဖြစ်ပါကြောင်း။

**မောင်အမိ(သ်)(၉/ခအဇ(ပြု)၀၀၀၈၆၅)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ (၅၂၁)ရပ်ကွက်နေ မသဥ္ဇာဖြိုးဝေ(၉/မဟမ(နိုင်)၀၈၃၅၉၆)၏ဖခင်အမည်မှန်မှာ ဦးမောင်နိုင် (ခ) ဦးတင်နွယ်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမောင်နိုင် (ခ) ဦးတင်နွယ်**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ တောင်သမန်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၉၂-တောင်သမန်)၊ ဦးပိုင်အမှတ်(၈၇/၁)၊ ဧရိယာ(၂.၃၄)ဧကအကျယ်အဝန်းရှိ ဦးစိုးဝင်း၊ ဦးမျိုးအောင်၊ ဦးမြင့်နိုင်ဦး (၃)ဦး ပုံစံ(၇)အမည်ပေါက်ယာမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်အပါအဝင် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပုံစံအမည်ပေါက်ပိုင်ဆိုင်ထားခဲ့ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိသည်ဟု အဆိုပြုသူများဖြစ်သည့် ၁။ဦးစိုးဝင်း (ဘ) ဦးလှအောင်(၉/အမရ(နိုင်)၀၅၃၁၂၇)၊ ၂။ဦးမျိုးအောင် (ဘ) ဦးလှအောင်(၉/အမရ(နိုင်)၀၅၃၁၁၇)၊ ၃။ဦးမြင့်နိုင်ဦး (ဘ) ဦးမောင်မောင်လေး(၉/အမရ(နိုင်)၁၀၂၅၂၄)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ

**ဦးသန်းထွန်းအောင်(LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၃၄၉)**

မှန်တန်းရပ်၊ နယ်မြေ(၁)၊ အမရပူရမြို့နယ်၊ မန္တလေးမြို့။

ဖုန်း 09-445947474

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အလက(ခွဲ)(၂)၊Grade-5 တွင် ပညာသင်ကြားနေသော မောင်ဘုန်းခန့်ကျော်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးငြိမ်းချမ်းအေးဖြစ်ပါကြောင်း။

**ဦးငြိမ်းချမ်းအေး(၉/မတရ(နိုင်)၁၇၆၉၃၂)**

**အဖိုးတန် ရေချိုကို ချွေတာပါ**

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်နေ စိုင်းထွန်းထွန်းကျော် (ဘ) ဦးစိုင်းအိုက်အောင်(၁၃/မဆတ(နိုင်)၀၆၆၂၉၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-256056669**

## ပျောက်ဆုံးကြောင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ္မတူမြို့နယ်၊ မန်စံကျေးရွာနေ နန်းစိန်ညွန့်မေ (ဘ) ဦးလောဟိုင်း(၁၃/နမတ(နိုင်)၀၅၈၁၉၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-5148902**



❖ နိုင်ငံတော်ရှေးသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ

**နေပြည်တော် ဇွန် ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sugiono ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ၏ ဧည့်ဆောင်တော်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန

စာမျက်နှာ ၁၈ ကော်လံ ၁ ☆

## အမြင်ချင်းဖလှယ်ဆွေးနွေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sugiono နှင့် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးစဉ်။



# နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် PNLO၊ DPLA ၊ KNDF နှင့် PDF အမည်ခံ အဖွဲ့ဝင်ဦးရေ ၄၀ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်




အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးထံ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူတစ်ဦးက လက်နက်အပ်နှံစဉ်။

**နေပြည်တော် ဇွန် ၈**

တပ်မတော်အနေဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို အစဉ်တစိုက်အလေးထားဆောင်ရွက်လျက်ရှိသည်နှင့်အညီ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter – Terrorism Operation)များတွင် အောင်မြင်မှုများရရှိကာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် နယ်မြေများကို အပြီးတိုင်ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဆက်သွယ်ရေးလမ်းကြောင်းများ အပြည့်အဝပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့မှုအပေါ်

စာမျက်နှာ ၂၅ ကော်လံ ၁ ❖

# ၂၀၂၆ ခုနှစ် တရုတ်ရုပ်ရှင်ပြပွဲ ရက်သတ္တပတ် အစီအစဉ်ဖြင့် စိတ်ဝင်စားဖွယ်ရာ ရုပ်ရှင်ဇာတ်ကားများ အခမဲ့ပြသသွားမည်

**နေပြည်တော် ဇွန် ၈**

ရန်ကုန်မြို့အခြေစိုက် တရုတ်သံရုံးက မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ပိုမိုချစ်ကြည်ရင်းနှီးစေရေး၊ ယဉ်ကျေးမှုဖလှယ်ရေးနှင့် ပြည်သူများအကြား ထိတွေ့ဖလှယ်မှုမြှင့်တင်နိုင်ရေးတို့ကို ရည်ရွယ်၍ ၂၀၂၆ ခုနှစ် တရုတ်ရုပ်ရှင်ပြပွဲ ရက်သတ္တပတ်အစီအစဉ်ကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဥတ္တရသီရိကုန်တိုက် ဂျေစီနီပလက်စ်ရုပ်ရှင်ရုံ၌ အခမ်းအနားဖြင့် ကျင်းပဖွင့်လှစ်ကာ ဇွန် ၉ ရက်မှ ၁၁ ရက်ထိ စိတ်ဝင်စားဖွယ်ရာ ရုပ်ရှင်ဇာတ်ကားများကို နေ့စဉ် ညနေ ၅ နာရီတွင် တစ်ရက်လျှင် နှစ်ကားနှုန်းဖြင့် အခမဲ့ပြသသွားမည်ဖြစ်သည်။

အဆိုပါအစီအစဉ်ဖြင့် ဇွန် ၉ ရက်တွင် နတ်ဘုရားတို့ရဲ့စစ်တလင်းဇာတ်ကားနှင့် အိပ်မက်စေရာဇာတ်ကား၊ ဇွန် ၁၀ ရက်တွင် သွေးချင်းသစ္စာဇာတ်ကားနှင့် လေဟုန်ခွင်းတဲ့ဘဝ ဇာတ်ကား၊ ဇွန် ၁၁ ရက်တွင် ချန်အန်းမြို့က တော်ဝင်လိုင်ချီးဇာတ်ကားနှင့် သူမရဲ့ဘဝဇာတ်လမ်းဇာတ်ကားတို့ကို ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရန်ကုန်-မန္တလေးရထားလမ်းပိုင်း၌ ပြေးဆွဲပေးလျက်ရှိသည့် အမှတ်(၁၀)အစုန် ခေတ်မီလေအေးပေးစက်ပါ DEMU ရထားတွဲဆိုင်းသစ်ကို ခဲဖြင့်ပစ်ပေါက်မှုဖြစ်ပွား

**နေပြည်တော် ဇွန် ၈**

မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသွားပြည်သူများ ပိုမိုစိတ်ချမ်းမြေ့စွာ သွားလာနိုင်စေရေးအတွက် ရန်ကုန်-မန္တလေးရထားလမ်းပိုင်း၌ ခေတ်မီလေအေးပေးစက်ပါ DEMU တွဲဆိုင်းသစ်များဖြင့် ပြေးဆွဲပေးလျက်ရှိသည်။

ထိုသို့ပြေးဆွဲလျက်ရှိရာ ရန်ကုန်-မန္တလေးအစုန်၊ အဆန်ခရီးစဉ်ကို ရထားခြောက်စီး၊ ရန်ကုန်-နေပြည်တော်ခရီးစဉ်ကို ရထားလေးစီး၊ စုစုပေါင်း ရထား ၁၀ စီး နေ့စဉ်ပြေးဆွဲပေးလျက်ရှိပြီး ဇွန် ၆ ရက် ညနေ ၅ နာရီ မိနစ်၂၀ တွင် အမှတ်(၁၀)အစုန် မန္တလေး-ရန်ကုန် DEMU လူစီးအမြန်ရထားသည် ကဒုတ်နှင့် ပျဉ်ပုံကြီးဘူတာအကြား မိုင်တိုင် ၆၈/၈-၉သို့ ရောက်ရှိဖြတ်သန်းစဉ်

စာမျက်နှာ ၂၆ ကော်လံ ၁ ■

